
www.burmeseclassic.com

# ပဥ္စမဒိရိုင်း
# ဓာရှုပသာင်
# ထေါဝါက်ဃမ်း



ITE TIN 009

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၆၈၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၃၀၀၅၀၉
ထုတ်ဝေသူ
ဦးချစ်ညွန့်(ဇင်ရတနာစာပေ)
၂၀၅၊ က၊ ခ၊ ၄လမ်း
အင်းစိန်မြို့သစ်၊ ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(ဝ၅၄၁၈)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
၂၂၅၊ အခန်း(၂)၊ ၃၁လမ်း။
ပန်းဘဲတန်း၊ ရန်ကုန်။
ပထမအကြိမ်
၂၀၀၉ခုနှစ်၊ ဩဂုတ်လ၊
အုပ်ရေ၅၀၀၊ တန်ဖိုး၅၀၀ကျပ်။





မင်းတို့သာ လိမ္မာရင်

ဒီမြေဟာ . . . သားစဉ်မြေးဆက် စားမကုန်တော့ဘူး။

လယ်ချစ်သူ အဖေ့ "တမ်းချင်း" နှင့်အတူ . . . ။

အသက်သခင် . . . လယ်သမားကြီးများသို့ . . . တမ်းတမ်းတတ။

လေပူ . . . နွေးနွေးနှင့်
မုတ်သုန်လေ . . . ပေါ်င်းဖက် . . . ။
အေးမြမြ . . . မိုးစက်ပွင့်တို့
ကြွေကျ . . . နွေဘဝရဲ့ တမလွန် . . . ။
နွေမှာပုန်းကြ . . . မိုးမှာရှန်းထ
ခုန်ကြ . . . ပေါက်ကြ . . . မြူးကြ . . . ကကြ . . .
မိုးဘက်သားတို့ . . . သီချင်းသံ . . .
ကွင်းလုံးညံ့ပေါ့၊ ကွင်းလုံးလျှံပေါ့ . . .
မြေမှာပြွားကပ် . . . ခါးရှုပ်နေတဲ့
မြက်ခင်းပြင်ကြီး . . . ဓိတာမင် မိုးရေ
သောက်သုံးလို့၊ ကတ္တီပါတောအေးစိမ်းကြီးကို
ခင်းကျင်းခဲ့ပြီပေါ့ . . . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## သူရင်းငှားလေးစစ်အေး

နေပူက ပြင်းသည်လေ။

နွားမွဲနှင့်ချိုကုတ်က သိပ်မရုန်းချင်တော့ . . . ။

စစ်အေး . . . ပေါက်တူးတိုတစ်ချောင်းနှင့် နွားချေးမှုန်
တွေ ယက်ချနေသည်။ လှည်းကက်အိမ်တွင် ဝါးရိုင်ဖတ်ခွေပြီး
နွားချေးခြောက် တင်လာခြင်းဖြစ်၏။

နွားချေးပုံမှာထိုးထားသော ကြိမ်လုံးကိုယူလိုက်ပြီး နွားမွဲ
တင်ပါးကို လှမ်းထိုးလိုက်သည် . . . ။

" ဟဲ့ . . . ဟဲ့နွား . . . သွားစမ်း . . . "

လှည်းက မရွေ့ချင်ရွေ့ချင်နှင့်ရွေ့သွား၏။နွားမွဲက နုိ
ထဲက ခပ်ပေပေ။ နေပူပူနှင့်ဆိုတော့ ပိုဆိုးသေး။ ကြိမ်တို့ပေးမှ
ရွေ့ရုံသာ . . . ။

လှည်းရွေ့သွားလိုက် . . . ယက်ချလိုက်နှင့် လယ်ကွင်း
တစ်ပတ်ပြည့်ပြည့်လုလုတွင် . . . လှည်းပေါ်ကနွားချေးတွေ
တစ်မှုန်မျှ မကျန်တော့ . . . ။

နေပူလွန်း၍ ရေငတ်လာသည်။စစ်အေး လယ်စောင်းရှိ
ထန်းပင်ပေါ်မှထန်းရည်အိုးကိုလှမ်းကြည့်ပြီးလျှာသိမ်းနေသည်။

" ရှလွတ် . . . ရှလွတ် . . . "





သူ . . . ဘေးဘီကို ခေါင်းတစ်ပတ်လည်ကြည့်သည်။
ကွင်းထဲမှာလူရှင်းနေသည်။ ကံကောင်းလေစွ . . . ။

စစ်အေး လှည်းပေါ်မှ လွှားခနဲ ခုန်ဆင်း၏။ခပ်လှမ်းလှမ်း
ရှိ ဖရဲခင်းမှာ ဖရဲခူးနေသူတွေကို လှုပ်လှုပ်ရွရွ မြင်လိုက်ရသည်။

စစ်အေး . . . ထန်းပင်ရှိရာသို့ မိကျောင်းတစ်ကောင်လို
မြေပေါ်ပြေးကပ်ပြီး တွားသွားသည်။ အကျီုဟပြဲနှင့်ရင်ဘတ်ကို
မြေခဲချွန်ချွန်တွေက လျှာနှင့်လျက်သလို . . . ။ အရေပြားတွေ
ပွန်းကုန်သည်။ တရွေ့ရွေ့နှင့် အပင်ခြေရင်းရောက်သွားပြီ။

သူ့ကိုယ်သူ ပြောက်ကျားစစ်ဆင်နွှဲနေသည့် ဗိုလ်ယက်
ကောင်း တစ်ယောက်လိုလို . . . ။

မျက်ကွယ်ရှိရာခြုံအစပ်မှာ ဆတ်ခနဲထရပ်သည်။
ခါးနောက်မှာထိုးထားသည့် လေးခွကို ဆွဲဖြုတ်သည်။ ဘယ်လို
ပညာရှင်က . . . တွင်းထုထားသည်မသိ . . . ။

သူ့လေးခွက အဆန်း . . . ။ ဝတ်လစ်စလစ်မိန်းမ
တစ်ယောက်၏ လက်နှစ်ချောင်းမှာ သားရေပင်တပ်ဆင်ခြင်းဖြစ်
၏။ စစ်အေး . . . လေးခွကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်လိုက်ပြီး
ခါးပိုက်ထောင်ထဲက လောက်စာလုံးကို ထုတ်ယူသည်။

လောက်စာအိမ်မှာ . . . မြေကျည်ဆန်ကိုထည့်ပြီး
ထန်းရေးအိုးပင်တည့်တည့်ကို ချိန်သည်။ သားရေပင်ကို အားနှင့်
ဆွဲယူ၍ လွှတ်ပေးလိုက်သည်။

" ဖောင်း . . . "



www.burmeseclassic.com

www.burmeseclassic.com



အသံနှင့်အတူ အိုးဖင်ပေါက်သွားပြီး ထန်းရည်ဖြူဖြူတွေ ထွက်ကျလာ၏။ စစ်အေးခေါင်းကိုမော့ပြီး ပါးစပ်နှင့်လိုက်ခံသည်။ ချိန်သားမကိုက်၍ ထန်းရည်တွေ မျက်လုံးထဲဝင်သည်။ နှမြောသည့်ဖြစ်ခြင်း . . . ပါးစပ်ကို ပြန်ပိတ်သိမ်းမှုဖြသည်။ ပါးစပ်နှင့် တည့်သွားပြီ . . . ။

ပါးစပ်တစ်လုံးပြည့်လိုက် . . . မျိုချလိုက်နှင့် ထန်းရည်ကုန်သွားတော့ သူ့ဗိုက်တင်းနေပြီ . . . ။ သူ . . . လှည်းရှိရာ ပုန်းကွယ်လာပြီး လှည်းကို သုတ်သုတ်မောင်းထွက်လိုက်၏။

" ဟ . . . ဟ . . . ဟား . . . "

ခြံထဲရောက်တော့ ကိုင်းကြိုးနှစ်ချောင်းကို တင်းအောင်ဆွဲပြီး လှည်းကို . . . ဘရိတ်အုတ်လိုက်သည်။

" ကျွိ . . . အီ . . . အီ "

ခြံထဲမှာတော့ သစ်ရိပ်ဝါးရိပ်နှင့် အေးမြသည့်အိုအောစစ်ငါတို့ လယ်ကွင်းနဲ့တော့တခြားစီ . . . ။

ဝင်းဖန့်ဖန့်အသားအရေနှင့် ပြေပြစ်လှပသည့် စာရင်းထိန်းသမီး . . . ခင်မှုန် အိမ်ပေါ်ကဆင်းလာသည်။

" ဟဲ့စစ်အေး . . . ဒီတစ်ခေါက် ပဲမျော်တစ်စီးတင်ပြီး ဆစ်တိုတို့ . . . ဖရဲခင်းစောင်းကလယ်ကွက်ကို ဖြန့်ချဖို့ . . . အဖေမှာသွားတယ် "

ခင်မှုန် . . . အိမ်ပေါ်ပြန်တက်သည်။

" ခင်မှုန် . . . ခဏ . . . ခဏ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ . . . "

" ရေငတ်လွန်းလို့ဟယ် . . . သောက်ရေလေးတစ်ခွက်လောက် "

ခင်မှုန် . . . ဆောင့်ဆောင့်နှင့် တက်သွားသည် သောက်ရေတစ်ခွက်နှင့် ပြန်ဆင်းလာ၏။ စစ်အေး သောက်ရေခွက်ကို လှမ်းယူပြီး အငမ်းမရသောက်ချသည်။ ရေတွေက သူ့ကိုယ်ပေါ် ဖိတ်စင်ထက်ဝက်။

လေတစ်ချက်အဝှေ့ သူ့ကိုယ်မှထန်းရေနံ့က ခင်မှုန် နှာခေါင်းထဲ . . . ထောင်းခနဲ တိုးဝင်၏။

" ဟဲ့ကောင် . . . နင့်ကိုယ်က ထန်းရေနံ့ရတယ် "

" ချွေးချဉ်နံ့ပါဟယ် . . . ဘယ်ကထန်းရေနံ့ဟုတ်မလဲ "

" သေမယ်နော် . . . သတိထား . . . "

လှုပ်လီ . . . လှုပ်လဲ့နှင့် လှေကားအတိုင်းပြန်တက်သွား၏။ စစ်အေး . . . နွားနှစ်ကောင်ကိုဖြုတ်ပြီး ကျောက်စည်မှ ရေတိုက်သည်။ သင်းတို့နှစ်ကောင် အတော်သောက်နိုင်သည် ကျောက်စည်ထဲက ရေတစ်ဝက်ကုန်၏။ ရေတိုက်ပြီး . . . နွားနှစ်ကောင်ကို လှည်းမှာပြန်တပ်သည်။

ပဲတီစိမ်းနှင့် မတ်ပဲအမှော်တွေကို တောင်းနှင့်ကျုံးပြီး လှည်းပေါ်တင်သည်။ ချွေးစိုစိုနှင့်ပဲမှော်တွေ . . . မိတ်ဖွဲ့ကြပြီ လှည်းတစ်ဝက်လောက်တင်ပြီး နောက်ပိတ်ရိုင်ဖတ်ကို ဝါးလုံးတန်းနှင့် ကန့်လန့်ခံသည်။





လှည်းတစ်စီးတိုက်ပြည့်သည်နှင့် အိုအေစစ်မှသည် ဘန္တာရဆီသို့ လှည်းမောင်းထွက်ခဲ့၏ . . . ။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## စစ်အေး အရိုက်ခန့်ကပြီ

" ဟော့ စစ်အေး လာလကွာ . . . ဖရဲသီးစားရအောင်"

ဆစ်တိုက . . . ဖရဲသီးခူးရင်း စစ်အေးကို ဖိတ်မန္တက ပြု၏။ စစ်အေးက မငြင်း။ လှည်းပေါ်မှ ခုန်ဆင်း၏။ ဆစ်တို ဖရဲက . . . ထိုင်ဝမ်ဖရဲ . . . နည်းနည်းနောနောကြီးမဟုတ်။ စစ်အေး ပြုံးဖြီးဖြီးနှင့် ဆစ်တိုအနားမှာ ထိုင်သည်။

" စစ်အေး . . . ဘာဖြစ်နေလဲ "

" ဆစ်တို . . . ငါစဉ်းစားမိတယ်ကွ "

ဆစ်တိုက . . . ဖရဲသီးတစ်လုံးကို ဓွန်းဖင်နှင့် လှည့်မောက်ရင်း . . .

" ဘာ . . . ပေါက်ပေါက်ရှာရှာ ပြောဦးမလို့လဲ "

" ထိုင်ဝမ်မျိုးစိုက်ရင် ထွက်လာတဲ့အသီးအနှံတွေက အကြီးကြီးပဲနော် . . . "

" အဲဒါ . . . ဘာဖြစ်လဲ . . . "

" အသီးအနှံတောင် . . . ဒီလောက်ထွားကြိုင်းနေတာ ထိုင်ဝမ်မကြီးတွေဆိုရင် . . . အယ်စတုံကြီးနေမှာပဲကွ နော် "

" အဟတ် . . . ဟား . . . ဟား ကြုံကြုံဖန်ဖန် မင်းပဲ တွေးတတ်ပလေကွာ . . . "





နှိုရဲပြီး . . . သကြားပွင့်နေသည့် ဖရဲသီးတစ်စိပ် ကောက်ယူပြီး . . . တရှူးရှူးနှင့် . . . အားရပါးရစားနေသည်။ ဆစ်တိုက စစ်အေးကိုကြည့်ပြီး . . . ။

" မင်းလို ငတ်တဲ့ကောင်မျိုးကျွေးရတာ . . . အရမ်း ကုသိုလ်ရတယ်ကွ။ ငါတို့အိမ်က ခွေးပိန်မလေးနဲ့ အတူတူပါပဲ"

" ဟား . . . ဆစ်တို . . . မင်းကလည်း . . . ကျွေးတာနဲ့မတန်အောင် နှိပ်ကွပ်တာပဲ။ အပြောခံရတဲ့အတူတူ တစ်လုံးကုန်အောင်ကို စားပစ်မယ် . . . "

" မင်းစားနိုင်ရင် စားပေါ့ . . . ကွာ "

" ရှမ်း . . . ဟီး . . . ဟီး . . . ထိုင်ဝမ်မကြီး ထိုင်ဝမ်မကြီး . . . "

တော်တော်လည်း ပြောင်နိုင်သည့် . . . စစ်အေး ။

စစ်အေး . . . လှည်းပေါ်တက်ပြီး ပဲမှော်တွေ တောင်းနှင့်ယက်ချ၏။

" ဟဲ့ . . . ဟဲ့နွား . . . "

လှည်းဘီးတစ်လိမ့်ချင်းလိမ့်သွားသည်။ နည်းနည်း လှမ်းသွားမှ လှည်းကိုရပ်လိုက်သည်။

" ကျွတ် . . . ကျွတ် . . . ကျွတ် . . . "

နွားနှစ်ကောင် လှည်းရပ်သည်နှင့် မြက်နုလေးတွေကို လျှာနှင့်လှမ်းဆွဲနေသည်။ အရှေ့ထဲလေပူက သောလာသည်။ လေပွေတစ်ခုက ဝဲကတော့ထိုးပြီး လယ်ကွက်ထဲ လျှောက်ပြေး



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ ဟော . . . စစ်အေးလှည်းနားရောက်လာပြီ။ လေပွေက စစ်အေးလှည်းအလယ်တည့်တည့်မှာ တွန့်လိမ်ကောက်ကွေးပြီး ကခုန်နေချေသေး။ စစ်အေးတစ်ကိုယ်လုံး ပဲမှော်တွေ ချွေးနှင့်လုံးပြီး ကပ်ကုန်၏။

လှည်းကို ရွှေ့ဖို့သတိရချိန်မှာ . . . လေပွေက . . . ပတ်ပြေးသွားပြီ . . . ။

အဲဒီမှာပင် ပြဿနာစတော့၏။ စစ်အေးတွင် အရေပြား (ALLERGIC) အလာ့ဂျစ် . . . ရှိ၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ရွစိ ရွစိဖြစ်လာပြီ။ အရေပြားတွေယားယံလာပြီး အဖုအပိန့်တွေ အလုအယက်ထွက်လာသည်။ သူ . . . မနေနိုင်တော့။

လက်နှစ်ဖက်က . . . တစ်ကိုယ်လုံး . . . ဘယ်ပြန် ညာပြန် . . . မနားတမ်း . . . ကုတ်နေတော့၏။

ဆစ်တိုတို့ဖရဲခင်းကလှမ်းကြည့်လျှင် စစ်အေး . . . ကနေသလိုမြင်ရ၏။ ဖရဲခူးနေသည့် အဖိုးတစ်သိုက် ဖရဲခူး ရပ်သွား၏။ ဆစ်တိုက ကောင်မလေးတွေဘက်လှည့်ပြီး . . .

" ဟော့ . . . ဟော့ . . . ဟိုမှာပန်တျာစစ်အေး ကနေပြီဟော့ "

ဆစ်တိုက အခြောက်တိုက်ကနေသော စစ်အေးကို ကြည့်ပြီး အားမလိုအားမရနှင့် . . . သီချင်းအော်ဆိုပေးသည်။

" အာလူး . . . လာမပေးနဲ့ . . . လေနည်းနည်းလျှော့ ညာပြီး . . . လာမဖြီးနဲ့ . . . လေနည်းနည်းလျှော့ . . .







www.burmeseclassic.com

www.burmeseclassic.com



လေ့ယာဉ်ပျံကို . . . ခဲနဲ့ပေါက်ရင်ထိလိမ့်မယ် . . . ဘူတာရုံမှာ သဘော်ကြီးတွေ . . . ဆိုက်လို့တဲ့ . . .အ. . . အာ . . . အ ရေးချအာ . . . ”

ငတိက အရှိန်တက်နေပြီး ကလို့ကောင်းနေတုန်း။ အပို့ တစ်သိုက် . . . စစ်အေး မျောက်ကကိုကြည့်ပြီး . . . တခိခိ တခစ်ခစ်နှင့် အူတက်မတတ်ရယ်နေကြ၏။စစ်အေး လှည်းပေါ်မှ သုတ်သီးသုတ်ပျာ ပြေးဆင်းလာပြီး . . .

“ ဆစ်တို . . . လုပ် . . . လုပ်ပါဦးကွာ . . . ”

“ အရင်းမရှိ အဖျားမရှိ . . . ဘာလုပ်ရမှာလဲ ”

“ သောက်ရေအိုးထဲက ရေနွဲ့မြန်မြန်လောင်းစမ်းပါကွာ”

ဆစ်တို သောက်ရေတွေခပ်ပြီး စစ်အေးကိုယ်ပေါ် လောင်းချ၏။ ပြီးမှ . . . ပုဆိုးစုတ်နှင့် သူ့ကိုယ်ပေါ်က ပဲမှော်တွေ ခါချပေး၏။

“ ဟာ . . . စစ်အေး မင်းကိုယ်ပေါ်မှာ လကမ္ဘာရောက် နေပါလား ”

“ ဟုတ်တယ် . . . အပျဉ်တွေထွက်လာတာ ယားလွန်း အားကြီးလို့ မနားတမ်းကုတ်နေရတာ မတွေ့ဘူးလား . . . ”

“ မင်းကြီးတော် . . . ငါက မင်းဘာရိတ်ဒန့်ဆွဲနေတာ မှတ်လို့ သီချင်းတွေ အော်ဆိုပေးနေတာ ”

တကယ်လည်း စစ်အေး ဘာရိတ်ဒန့်ဆွဲခဲ့ရသည်လေ။

♛ ♛ ♛





**အမေမောရယ်မှ မပြေ . . . မောတယ် နမ...ဓမ**

ပန်းရထားပေါ်က . . . မာတာလီ . . . နတ်သားအသွင် ဖြင့် ခြံထဲသို့ . . . လှည်းမောင်းဝင်လာ၏။

အိမ်ရှေ့ကွပ်ပျစ်ဝိုင်းတွင် . . . ဘကြီးပွား . . . အကျႌ မပါ . . . ကိုယ်ဗလာဖြင့် အညာသားကာံမြင့်၊ နွားကျောင်းသား ချက်ကြီးနှင့် . . . ခင်မှုန်တို့ . . . အကြမ်းဝိုင်းတွင်ထိုင်နေကြ၏။ ခင်မှုန် . . . စစ်အေးလှည်းကိုမြင်သည်နှင့် မျက်လုံးတွေပြူးကျယ် ဝိုင်းစက်သွားပြီး အထိတ်တလန့် လှမ်းကြည့်သည်။

တစ်ခုခုတော့ထူးပြီ . . . အမေ . . . အမေဘာဖြစ်လို့ ပါလိမ့်။ စစ်အေးတွေးလိုက်ရင်း . . . ရင်ထဲလေးလံသွား၏။ လှည်းထောက်ကို သေချာစွာထောက်လိုက်ပြီး လုပ်ဖော်ကိုင်ဖက် ရောင်းရင်းနှစ်ကောင်ကို လှည်းမှဖြုတ်ပြီး တင်းကုတ်ထဲသွင်း သည်။

နွားကြိုးချည်ပြီး တင်းကုတ်အဝမှ ခေါင်းပြူရုံရှိသေး။ ဘကြီးပွားအသံက . . . သွပ် . . . ခေါင်မိုးပေါ် အုန်းသီးပြုတ် ကျသံနှယ် . . . သာယာနာပျော်ဖွယ်မရှိ . . . ။

“ ဟော့ကောင် စစ်အေး . . . ဒီကိုလာဦး . . . ”

စစ်အေးရင်တုန်နေသည် . . . ။



www.burmeseclassic.com

www.burmeseclassic.com

" မင်း အခု လယ်ထဲမှာ . . . ဘာလုပ်ခဲ့လဲ "

အမေ့ကိစ္စမဟုတ်၍ စစ်အေး . . . ရင်ထဲအေးသွား၏။

" မေးနေတယ်လေ . . . "

" အဟီး . . . အခုပဲ . . . ပဲမှော်ချပြီးပြန်လာတာ ဘကြီး . . . ယားလွန်းလို့ အင်ပျဉ်တွေထွက်လာတာသာကြည့်"

သူ့ကိုယ်ပေါ်က အင်ပျဉ်တွေ . . . ရဲရဲနီနေ၏။

" အဲဒါတော့ . . . ငါသိတာပေါ့ကွ . . . လယ်ထဲမှာ မင်း ဘာအပြစ်လုပ်ခဲ့သလဲလို့ မေးတာ . . . "

" ဟွန့်အွန်း . . . ဘာမှမလုပ်ပါဘူး . . . ဆစ်တိုတို့ ဖရဲခင်းထဲမှာ ဖရဲသီးစားခဲ့တာပဲရှိတယ် "

ဘကြီးပွားက အညာသားကံမြင့်ကို မေးငေါ့ပြပြီး . . .

" ကံမြင့် . . . မင်းဆက်ပြောလိုက်စမ်း "

" စစ်အေး . . . မင်း ငါ့ထန်းရည်ခိုးသောက်သွားတယ် မဟုတ်လား "

စစ်အေးရင်ထဲမှာ ပူဇွန်ဆိတ်တွေခုန်လာသည်။ သူက ဟန်ကိုယ့်ဖို့ . . . မျက်နှာတည်လိုက်ပြီး . . .

" ခင်ဗျား . . . ဘယ်သူပြောလဲ . . . "

" ဩ . . . မင်းက . . . ဘယ်သူမှမသိဘူးဆိုပြီး ငြင်းမလို့ပေါ့လေ "

" ခင်ဗျား အပင် လှေကားဖြုတ်ထားတာ ဘယ်သူ တက်လို့ရမှာတုန်း . . . "





စစ်အေး အခွင့်အရေးရှိသလောက် ငြင်း၏။

" အေး . . . ငါ့ထန်းရည်အိုးကို မင်းဘယ်လိုလုပ်တယ် ဆိုတာ ချက်ကြီး . . . ပြောပြလိမ့်မယ် . . . "

သည်တော့မှ ချက်ကြီးက ဝီဝီပြင်ပြင် ဖော်ကောင်လုပ် တော့၏။

" ကျွန်တော် နွားတွေလွှတ်ထားပြီး သရက်ပင်ခွကြား မှာ ငိုက်နေတာဗျ . . . လယ်ကွက်ထဲမှာ . . . ဖြူဖြူကြီး တွားသွားနေတာ အပေါ်စီးကမြင်လိုက်ရတော့ ဖြုန်းခနဲ လန့်သွားတယ်။ သေချာကြည့်လိုက်တော့မှ . . . ကိုစစ်အေး ဖြစ်နေတယ် "

" သူ . . . ဘာလုပ်တာလဲ ကြည့်လိုက်တော့ ထန်းပင် ရင်းက . . . ချုံပုံအကွယ်မှာ မတ်တပ်ရပ်လိုက်ပြီး အပင်ပေါ်က ထန်းရည်အိုးကို လေးခွနဲ့ဆော်တာ တစ်ချက်ပဲ။ 'ဖောင်းခနဲ' မြည်ပြီး ထန်းရည်တွေ ထွက်ကျလာတော့ ပါးစပ်ဟပြီး မော့ သောက်နေတာ။ ပြီးတော့မှလှည်းပေါ် ပြေးတက်သွားတာ။ အစအဆုံးမြင်နေရတယ် "

သွားပြီ . . ။ ငယ်ကျိုးငယ်နာတွေပေါ်ကုန်ပြီ။ သူ တုတ်တုတ်မျှမလှုပ်နိုင်။

" ကဲ . . . မင်း ဘာပြောဦးမလဲ . . . "

" ပြောချင်တာကတော့ ရေတော်တဲ့ပြဿနာပါဗျ "

စစ်အေးက . . . ဒါတောင်တစ်ပြားသားမှမလျော့ချင်

www.burmeseclassic.com

www.burmeseclassic.com



အတွန့်တက်လိုက်သေးသည်။ အညာသားက သဘောထားကြီး သယောင်လေသံနှင့် . . .

" ထန်းရည်တစ်အိုးနဲ့တော့ ငါ့စီးပွားမပျက်ပါဘူးကွာ မင်း သောက်ချင်ရင်အချိန်မရွေး တောင်းသောက်လို့ရတယ်။ ဒါပေမယ့် . . . နောက်ကို . . . ဒါမျိုးမလုပ်အောင်လို့ မင်းစာရင်းထိန်းကို အသိလာပေးတာ "

တရားလိုက တိုင်တန်းပြီး ပြန်သွားပြီ၊ တရားခံ စစ်အေး ခေါင်းငိုက်စိုက်။ ဘကြီးပွားနှုတ်ခမ်းမွှေးတွေ ထောင်လာသည်။

" ဟေ့ကောင် ဘာ အခုမှ မခုတ်တတ်တဲ့ကြောင်လုပ် နေတာလဲ . . . ထစမ်း . . . "

စစ်အေး . . . စီရင်ချက်ကို နာခံနေသည့် တရားခံ တစ်ယောက်လို . . . ။

" သွား . . . ဟို အုန်းပင်ကို ဖက်ထားစမ်း "

စစ်အေး အုန်းပင်ကိုဖက်ထားပြီး . . . မျက်နှာက ဘကြီးပွားဆီမှာ . . . ခင်မှုန်က မကြည့်ရက်သည့်အလား မျက်နှာလွှဲထား၏။

ဘကြီးပွားက အနီးရှိဝါးရုံမှ ဝါးစိမ်းကိုင်းကိုချိုးယူပြီး...

" ရှန်းမယ် . . . ကန်မယ် . . . လက်နဲ့ကာမယ် မလုပ်နဲ့နော် ဒီထက် နှစ်ဆပိုဆိုးသွားမယ် "

ဘကြီးပွားစိတ်ကို . . . သူသိသည်။ လူဖြောင့် စိတ်တိုကြီး ဒါကြောင့်မျက်လုံးမှိတ်ပြီး စင်းခံရုံသာ . . . ။





"ရှမ်း . . ."

"အောင်မယ်လေးဗျ "

"ရှမ်း . . . "

အင်ပျဉ်ပေါ် ဝါးစိမ်းတုတ်ကျချက်က မသက်သာ . . ။

" ရှမ်း . . . "

" အ . . . "

" နောက်ကို သူများပစ္စည်းကို ဖျက်လိုဖျက်ဆီး လုပ် ဦးလား . . . "

" ရှမ်း . . . "

" အ . . . မလုပ်တော့ပါဘူး ဘကြီးပွားရဲ့ "

တဖြည်းဖြည်း . . . စစ်အေး . . . အရုပ်ကြိုးပြတ်လို ယွေ့ခွေလာတော့မှ ဘကြီးပွား လက်လျှော့သည်။

" သွားတော့ လုပ်စရာရှိတာ ဆက်လုပ် . . . "

ဘကြီးပွား . . . အိမ်ပေါ်တက်သွားသည်။ ခင်မှုန် ဘကြီးပွားနောက်မှလိုက်သွား၏။ သူ့ကို တစ်စက်ကလေးမှ ကြည့်မကြည့်။

စစ်အေးကိုမြင်လျှင် ခင်မှုန် စိတ်မကောင်းဖြစ်မိလိမ့်မည်။ စစ်အေး တင်ပါးကိုပွတ်ရင်း တင်းကုပ်ထဲဝင်သွား၏။ စစ်အေးက အမေတစ်ခု သားတစ်ခု . . . ။

သူ့အဖေရှိတုန်းကတော့ သူတို့မိသားစုဘဝလေးဟာ ပျော်စရာ။ သာတောင့်သာယာရှိခဲ့၏။ ကောက်ရိုတ်သိမ်းချိန်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့အဖေ ပိုးထိပြီး ဆုံးပါးသွားတော့ မြင့်မိုရ်တောင် တစ်ခြမ်း ပြိုခဲ့ရသည်။

လယ်ယာလုပ်သားကောင်းကြီး . . . အဖေ ။

အဖေမရှိသည့်နောက်ပိုင်း သူတို့ဘဝလည်း ဖရိုဖရဲ ဖြစ်လာ၏။ တစ်တုံးထွန်ကို အမေ ဆက်ပြီး မဦးစီးနိုင်။ ကျန် သည့် သားကလည်း ကြီးကောင်ကြီးမားမဟုတ်။

အဖေ့လက်ငုတ်လက်ရင်း လယ်ကလေးကို . . . အဖေ့ တူ ကိုချစ်ငွေထံအပ်နှံ၍ သီးစားခနှင့်လုပ်စေ၏။ (သီးစား ဆိုသည်မှာ တလင်းပြီး စပါးရပေါ်ချိန်တွင် သတ်မှတ်ထားသော စပါးတင်းရေကို လယ်ငှားခအဖြစ်ပေးရခြင်း)

စစ်အေးငယ်ငယ်က ချက်ကြီးတို့လို . . . အငှားနွား ကျောင်းရပြီး အချိန်တန်လျှင် ကျောင်းခအဖြစ် စပါးရသည်။ စစ်အေး လူပျိုကြီးကြီးဖားဖားဖြစ်လာချိန်တွင် ရွာထဲက လယ်ပိုင် ရှင် ဘကြီးမွှားတင်အိမ်မှာ . . . သူရင်းငှားဝင်လုပ်သည်။ စစ်အေးဘဝက ရွာကျောင်းမှာ လေးတန်းနှင့် နိဂုံးချုပ်သွား၏။

ကိစ္စမရှိ . . . သူရင်းငှားလုပ်ဖို့က . . . ရင်အုပ်ကားကား နှင့်ထွားကျိုင်းဖို့ . . . ထွန်တုံးနိုင်ဖို့သာလိုသည်။

" ဟဲ့နွား . . . ရှိုးကုတ်(စ်)၊ နွားမွဲ(စ်) . . . ဂိုးစမ်းဟဲ့ ကွစ်ကလီး . . . " ပြောတတ်ဖို့၊ ဒွတ်ဒက်၊ ရွှတ်ရက်ပြောတတ်ဖို့ မလို။ ဒါက . . . သူ့အယူအဆ။

သို့ဆိုလျှင် ခင်မှုန်ကရော ဘာကြောင့် မြို့ကျောင်းကို







. . ဘီးနှင့် သွားတက်ရသနည်း . . . ။

လူဆိုတာက . . . သူ့ဘဝပေးနှင့်သူ ဖြစ်တည်နေ၏။ . . န်းတော့မဟုတ်ပါ . . . ။

ကျေးလက်နွားတင်းကုတ်တွေသည် လူနေအိမ်လိုပင် . . ရှင်း၏။

နွားစာကျွေးဖို့ နွားစာကျင်း (မြက်ခင်း)ကို နွားနှစ်ကောင် . . လယ်တွင် သစ်သားနှင့် အခိုင်အမာဆောက်ထား၏။ ရှေ့ . . ထောက်ချဖို့ ကုက္ကိုပင်ကြီးတွေကို အကွင်းလိုက် ဖြတ်ပြီး . . းထားသည်။ နောက်ခြေထောက်နေရာတွင် သစ်သား . . တင်ခတ်ပြီး မြေကို ကျစ်နေအောင် ဖို့ထား၏။ ရှေ့ခြေနှင့် . . ာက်ခြေထောက်ကြားတွင် သေး(ကျင်ငယ်)ဆင်းသော . . ြောင်းရှိသည်။

ဘေးရှိ မြေကွက်လပ်ကို မြေမို့မို့လေး ခင်းထားသည်။ . . စားပြီးလျှင် အိပ်ဖို့နေရာဖြစ်၏။ ဘေးတစ်ဖက်တွင် အဆင့် . . ထားပြီး ထိုနေရာကို စစ်အေး အပိုင်စားရသည်။ သံချေးတက် . . သတ္တာလေးတစ်လုံးနှင့် အိပ်ယာလိပ်တစ်ခုသာရှိသည်။ သူ့ . . က်ဆွဲတော် ပျို့မဒီလေးခွက သူ့ခေါင်းရင်းတိုင်ရှိ သံငုတ်တွင် . . ရှိဩတပွကင်းစွာ တွဲခိုနေ၏။

နွားရိုင်းသွင်းချိန်ရောက်နေပြီ . . . ။ မြိဝင်းထဲရှိ သစ်ပင် . . တွေပေါ်မှ ပုစဉ်းရင်ကွဲတွေ စူးရှ . . ချွန်မြသော အသံစူးစူး . . င့် အပြိုင်အဆိုင် အော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖွားတင်တို့ အိမ်ပေါ်က ဘက်ထရီမီးချောင်းလေး လင်းလက်နေသည်။ ပုစဉ်းရင်ကွဲသံကို ထွင်းဖောက်၍ ခင်မှုန့် အသံထွက်လာ၏။

" စစ်အေးရေ . . . စစ်အေး . . .ထမင်းစားမယ်ဟေ့"

ဦးဖွားတင် . . . ထမင်းစားပြီး တာပေါ်တက်သွား၏။ ခင့်မှုန့်အမေ ဒေါ်ဘုတို ရွာလယ် ကြွေးတောင်းဖို့ ထွက်သွားပြီ။ ထမင်းပွဲတန်းလန်းနှင့် ခင်မှုန် စိတ်တိုလာသည်။

အိမ်ရှေ့စင်ပေါ်မှ သစ်သားရေဒီယိုကြီးက နားထောင်သူ မရှိပဲ သီချင်းဆိုနေသည်။

" သဥ္ဇာလီ × × × ဆောင်ခန်းအလယ် မောင်တစ်မှေ့ စက်ရာဝယ် ခင့်မျက်နှာကလေး × × × ထာဝစဉ်မောင်ငေးပါလို့ ကွယ် ကြည်ဖြူစွာရယ်× × × အသည်းကစွဲလှတယ်× × ×"

အရေးထဲ ခင့်မျက်နှာလေး ထာဝစဉ်မောင်ငေးတဲ့. . . ဒီကောင် ဘယ်ရောက်သွားပါလိမ့် . . . ။

ခင်မှုန် . . . အိမ်ပြူတင်းဝက တင်းကုပ်ဆီလှမ်းမျှော် ကြည့်သည်။ တင်းကုပ်တစ်ခုလုံး မှောင်နဲ့မည်းမည်း။ ဒီကောင် နွားမီး(ခြင်မီး)လည်းမထည့်။ ဘယ်များသွားနေသည် မသိ။

ခင်မှုန် ရေနံမီးတိုင်ဝတုတ်ကြီးကို မီးညှိပြီး တင်းကုပ် ဘက်သို့ ဆင်းလာ၏။

" စစ်အေး . . . စစ်အေး . . . ဟာ . . . ဒီကောင်"

ပါးစပ်က တကြော်ကြော်ခေါ်ရင်း တင်းကုပ်ထဲခြေလှမ်း





အချ ကွပ်ပျစ်ပေါ်တွင် မှောက်လျက်ကြီးဖြစ်နေသော စစ်အေးကို မြင်သည်နှင့် ရင်ဝကိုဖိမိ၏။

" ဘုရား . . . ဘုရား . . . "

'သေနေပြီလား'ဟူသော. . . အသိက. . . သူ့ရင်ကို ဘက်ထရီအက်ဆစ်လောင်းသလို ပူစေ၏။

သူ့ကိုယ်အပေါ်ပိုင်းက အင်္ကျီမပါ ဗလာကျင်းလျက်။

" စစ်အေး . . . စစ်အေး . . . "

ကြည့်ပါဦး။ သူ့ခါးစာစ်ပိုက်မှာ အရိုးရာတွေက မြင်မ ကောင်း၊ရှုမကောင်း . . . အဖေ လက်ဆများသွားပုံရသည်။ ခင်မှုန် . . . စစ်အေးအနား မရဲတရဲ တိုးကပ်သွား၏။စစ်အေး ကျောပြင်က အရိုးရာအမြှောင်းကြီးကို လက်နှင့်အသာကိုင် ကြည့်တော့ ဆတ်ခနဲ တွန့်သွား၏။

တော်ပါသေးရဲ့ . . . အသက်ရှိသေးလို့။

" စစ်အေး . . . စစ်အေး . . . စစ်အေး . . "

အိုး . . . စစ်အေးတစ်ကိုယ်လုံးပူနေသည်မှာ အိမ်က ကြေးမီးပူကြီးလို ခြစ်ခြစ်တောက်နေ၏။ စစ်အေး မှောက်နေရာ က တစ်ဘက်သို့လှည့်လာသည်။

" ဟင်းဟင်း . . . ဟင်းဟင်း . . . အမေရေ . . သား ရင်တွေ . . . ပူလှချည်ရဲ့ . . . "

ခင်မှုန် . . . ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ ကြံရာမရဖြစ်လာပြီး စစ်အေးလက်ကိုဆုပ်ကိုင်ထား၏။ စစ်အေး



www.burmeseclassic.com

www.burmeseclassic.com



က. . . သူ့လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး . . .

" အမေရေ. . အိုဗျ. . မွေးသမိခင်. . သားရင်တွေ
ပူလွန်းလို့ . . . ရေ . . . ရေပေးပါ . . . "

စစ်အေးလက်မှအပူတွေ . . . ခင်မှုန်လက်သို့ . . .
စီးဝင်လာ၏။

ထူပူနေ၍ ဘာလုပ်ရမှန်းမသိ။ အခုမှသတိရသည်။
အဖေတို့ ဘိုးစဉ်ဘောင်ဆက်သုံးခဲ့သည့် "ကန်ဆေး" အိမ်မှာ
ရှိသည်။ ရေနွေးပူပူနှင့် သောက်လိုက်လို့ကတော့ . . . တော်ရုံ
အဖျားဆိုလျှင် "ဒိုးဆလန်" "ဒေးဆလန်" ဆလန်မျိုးစုံပေး၍
ပြေးတော့၏။

ခင်မှုန်က . . . ဗမာဆေးဆို အသေကြောက်သည်။
သူဖျားလျှင် အင်္ဂလိပ်ဆေးပြားတွေသောက်သည်။ ခြော်. . .
သူကလယ်ပိုင်ရှင်ပေကိုး . . . ။

ခင်မှုန် အိမ်ပေါ်ပြန်တက်ပြီး ကန်ဆေးဗူးနှင့်ရေနွေးအိုး
ကို မ,ချလာ၏။ သူမျက်နှာသုတ်သည့် တဘက်တစ်ထည်ပါ
ပါလာသည်။

စစ်အေး သောက်ရေအိုးလေးက သဲအိုးမို့အေးစိမ့်နေ
သည်။ သောက်ရေတစ်ခွက်ကိုခပ်ပြီး တဘက်ကို ရေဆွတ်၏
ရေစွတ်စွတ်တဘက်နှင့် စစ်အေးကိုယ်ပေါ် ရေဖတ်
တိုက်ပေးသည်။

" ရေ . . . ရေ . . . ရေအေးအေးတစ်ခွက်ပေးပါ"





" စစ်အေး . . . စစ်အေး . . . "

ခင်မှုန်အတင်းလှုပ်နှိုးမှ စစ်အေးသတိရလာ၏။

" ဟင် . . . ခင်. . . ခင်မှုန်. . . ငါ့အနားမှာ. . .
မေရှိနေတယ် . . . ထင်တာ "

" ဟုတ်တယ် . . . ငါနင့်ကို ထမင်းစားဖို့ လှမ်းအော်
ါနေတာကြာပြီ . . . အသံမကြားလို့ လာကြည့်တော့. . .
ပူကြီးပြီး . . . အဖျားတက်နေတာ . . . "

" ဟုတ်တယ် ခင်မှုန် . . . နေ့ခင်းက ပဲမှော်ချရင်းနဲ့
ားလာလို့ ဆစ်တိုကို ရေလောင်းနိုင်းတာ . . . အပူရှပ်သွား
ယ် ထင်တာပဲ . . . "

" ကဲ . . . ထထ ဆေးသောက်ရအောင် . . . "

ခင်မှုန်က သွက်လက်စွာပင် စစ်အေးကိုဆွဲထူသည်။

" အား . . . ကျွတ် . . . ကျွတ် . . . ကိုယ်တွေ
က်တွေ . . . နာလိုက်တာ . . . "

ဖန်ပုလင်းထဲက. . . ကန်ဆေးမှုန့်ကို ဇွန်းနှင့်ခပ်ယူသည်။

" နင့်ပါးစပ်ဟ . . . "

စစ်အေးက . . . ပါးစပ်ဟာပေးသည် . . . ။ ဆေးဖွန်းကို
စ်အေးပါးစပ်ထဲလောင်းထည့်ပြီး ရေနွေးပူပူတစ်ခွက် လှမ်းပေး
သည်။ စစ်အေး ရေနွေးပူပူကို တစ်ခွက်ပြီးတစ်ခွက် မှုတ်
သောက်လိုက်၏ . . . ။

သူ့ကိုယ်ကချွေးတွေ ရေတံခွန်လို တရဟောစီးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန် တဘက်ကို ရေစင်အောင်ညှစ်လိုက်ပြီး စစ်အေး ကိုယ်ပေါ်က ချွေးတွေသုတ်ပေးသည်။ အဝတ်တန်းပေါ်က အဖာရာဖရှုနှင့် အင်္ကျီတစ်ထည်ဆွဲချပြီး စစ်အေးကို ပစ်ပေးသည်

" ရော့ အင်္ကျီအမြန်ဝတ်ထား အအေးပတ်သွားမယ်"

စစ်အေး ... အင်္ကျီအမြန်ဝတ်လိုက်ပြီး ...

" ခုမှ ဗိုက်ဆာလာပြီ ထမင်းစားရင်လည်း အပူပြန် တက်လိမ့်မယ် "

ခင်မှုန် မီးတိုင်ကြီးကိုင်ပြီး အိမ်ဘက်ပြန်ပြေးသည်။ ဘုရာ စင်ပေါ်ရှိ မုန့်ပုံးထဲမှ ကရင်းပတ်မုန့်ချပ် ဆယ်ခုလောက် နှိုက်ယူ ပြန်ဆင်းမည်အလုပ် မုန့်ပုံးအဖုံး ပြန်မပိတ်ခဲ့ရသည်ကို သတိရပြီ ပြန်ပိတ်သည်။ဆွမ်းတော်ကပ်ဖို့ အဖေဝယ်ထားသည့်မုန့်ပုံး အဖေသာသိလို့ကတော့ သူပါကျောကော့မည့်ကိန်း။ သတိရ တော်ပါသေးရဲ့။

စစ်အေးကို မုန့်ချပ်တွေပေးပြီး အိမ်ပေါ်ပြန်တက်ခဲ့သည်

" သစ် ... စစ် ... ရေဒီယို ... မြန်မာ .. လစ်ဆင်းနင်း တူးသယ် ... ရေဒီယို ... "


" ဗျောက် ... "

ခင်မှုန် ရေဒီယိုခလုတ်ပိတ်လိုက်ပြီး ရင်ခုန်သလိုလိုရှိ

စစ်အေးတစ်ယောက် ... ခင်မှုန့်မေတ္တာရေစင်ဖျန်းပြီ လန်းသွားသည်ထင့်။ ထင်းအမျက်တုံးတွေ ... စုလိုက်ပြီ နွားမီးထည့်သည်။










www.burmeseclassic.com

www.burmeseclassic.com



အပြင်က ခြေသံကြား၍ . . . ခင်မှုန်ဆင်းလာသည့် အထင်နှင့် . . . နွားမြက်စင်ထဲ ဝင်ပုန်းနေသည်။ ခြေသံရှင်က တခြားသူမဟုတ် . . . ဘကြီးပွားဖြစ်နေ၏။

စစ်အေးကြောက်ကြောက်နှင့် ပုနေသည်။

“ နွားမီးထည့်ပြီး ဒီကောင်လေး ဘယ်များသွားနေပါလိမ့် တပိုတပါးများ သွားနေသလား မသိဘူး ”

ဘကြီးပွား . . . တင်းကုပ်အပြင်ပြန်ထွက်သွားသည်။

စစ်အေး မြက်စင်ထဲက ပြန်ထွက်ဖို့ အချိန်မရလိုက်။ ဘကြီးပွား ကောက်ရိုးတွေပွေ့ပြီး ပြန်ဝင်လာသည်။

“ ဟိုက် . . . သွားပြီ . . . ”

စစ်အေး မြက်စင်ထဲမှာ . . . ပြားကပ်နေအောင် ပုန်းသည်။ ကောက်ရိုးတွေ မြက်စင်ထဲကျလာပြီး သူ့ကိုယ်ပေါ် ဖုံးအုပ်သွားပြီ။

စစ်အေးတစ်ကိုယ်လုံး အမှောင်ထုဖုံးလွှမ်းသွားတော့၏။

♛ ♛ ♛





## ရွှေကျောင်းမြောင်မြောင် ဓမ်းဓေါင်ဓေါင်

ရွှေကျောင်းကုန်းရွာ။

အမည်နာမ ဘယ်လောက်လှပါသလဲ . . . ။ ပုသိမ်–ရွာလမ်းနှင့် ပုသိမ်–ဟင်္သာတလမ်းသည် ထိုရွာလေး၏ ရင်ကို ခဲ့၍ ဖြတ်သန်းသွား၏။

မီးရထားဘူတာရုံရှိသည့် ရေကြည်မြို့နှင့် သုံးမိုင်ခန့် ဝေးသည်။ ရွှေကျောင်းကုန်း၏ ဦးခေါင်းသည် ရှေးမင်းများ လက်ထက်က ပန်းတောရွာဟု ခေါ်တွင်သည့် ဗိတောက်ချောင် တာဆုံဖြစ်၏။


လမ်းလေးခွဆုံဖြစ်သည်။ ပုသိမ်ဘက်မှလာလျှင် ဝဲဘက်လက်တံသည် ငါးသိုင်းချောင်း–ဂွသို့ သွားသည့်လမ်း။ တည့်တည့်သွားလျှင် ရေကြည်မြို့တွင်းဝင်သည့်လမ်း . . .ယာဘက်လက်တံသည် ကျုံပျော်–ဟင်္သာတသို့ သွားသည့်လမ်း။

ဗိတောက်ချောင်ရွာသည် ပေါ့သေးသေး ရွာတော့မဟုတ်။ ဒါဆို ရွာကြီးကြီးလား . . . ဒါလည်းမဟုတ် . . . ။ ဥမ္မာဒန္တီနှင့်. ဆက်စပ်မှုရှိခဲ့၍ ဖြစ်၏။

ရွှေကျောင်းကုန်း၏ ဦးခေါင်းသည် ဗိတောက်ချောင်ဟု ဆိုလျှင် ယာလက်သည် . . . လယ်ပြင်စုရွာ။ ဝဲလက်သည်

www.burmeseclassic.com










ချ ကွပ်ပျစ်ပေါ်တွင် မှောက်လျက်ကြီးဖြစ်နေသော စစ်အေးကို မြင်သည်နှင့် ရင်ဝကိုဖိမိ၏။

“ ဘုရား . . . ဘုရား . . . ”

‘သေနေပြီလား’ဟူသော. . . အသိက. . . သူ့ရင်ကို ဘက်ထရီအက်ဆစ်လောင်းသလို ပူစေ၏။

သူ့ကိုယ်အပေါ်ပိုင်းက အင်္ကျီမပါ ဗလာကျင်းလျက်။

“ စစ်အေး . . . စစ်အေး . . . ”

ကြည့်ပါဦး။ သူ့ခါးတစ်ဝိုက်မှာ အရိုးရာတွေက မြင်မကောင်း။ ရှုမကောင်း . . . အရေ လက်ဆများသွားပုံရသည်။ ခင်မှုန် . . . စစ်အေးအနား မရဲတရဲ တိုးကပ်သွား၏။စစ်အေး ကျောပြင်က အရိုးရာအမြောင်းကြီးကို လက်နှင့်အသာကိုင် ကြည့်တော့ ဆတ်ခနဲ တွန့်သွား၏။

တော်ပါသေးရဲ့ . . . အသက်ရှိသေးလို့။

“ စစ်အေး . . . စစ်အေး . . . စစ်အေး . . ”

အိုး . . . စစ်အေးတစ်ကိုယ်လုံးပူနေသည်မှာ အိမ်က ကြေးမီးပူကြီးလို ခြစ်ခြစ်တောက်နေ၏။ စစ်အေး မှောက်နေရာ က တစ်ဘက်သို့လှည့်လာသည်။

“ ဟင်းဟင်း . . . ဟင်းဟင်း . . . အမေရေ . . သား ရင်တွေ . . . ပူလှချည်ရဲ့ . . . ”

ခင်မှုန် . . . ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ ကြံရာမရဖြစ်လာပြီး စစ်အေးလက်ကိုဆုပ်ကိုင်ထား၏။ စစ်အေး



www.burmeseclassic.com

www.burmeseclassic.com



က. . . သူ့လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး . . .

" အမေရေ . . အိုဗျ . . မွေးသမိခင် . . သားရင်တွေ
ပူလွန်းလို့ . . . ရေ . . . ရေပေးပါ . . . "

စစ်အေးလက်မှအပူတွေ . . . ခင်မှုန်လက်သို့ . . .
စီးဝင်လာ၏။

ထုပူနေ၍ ဘာလုပ်ရမှန်းမသိ။ အခုမှသတိရသည်
အဖေတို့ ဘိုးစဉ်ဘောင်ဆက်သုံးခဲ့သည့် "ကန်ဆေး" အိမ်မှာ
ရှိသည်။ ရေနွေးပူပူနှင့် သောက်လိုက်လို့ကတော့ . . . တော်
အများဆိုလျှင် "ဒိုးဆလန်" "ဒေးဆလန်" ဆလန်မျိုးစုံပေး
ပြေးတော့၏။

ခင်မှုန်က . . . ဗမာဆေးဆို အသေကြောက်သည်
သူဖျားလျှင် အင်္ဂလိပ်ဆေးပြားတွေသောက်သည်။ ခြေဘ် . .
သူကလယ်ပိုင်ရှင်ပေကိုး . . . ။

ခင်မှုန် အိမ်ပေါ်ပြန်တက်ပြီး ကန်ဆေးဗူးနှင့်ရေနွေးအိုး
ကို မ,ချလာ၏။ သူမျက်နှာသုတ်သည့် တဘက်တစ်ထည်ပါ
ပါလာသည်။

စစ်အေး သောက်ရေအိုးလေးက သဲအိုးမို့အေးစိမ့်နေ
သည်။ သောက်ရေတစ်ခွက်ကိုခပ်ပြီး တဘက်ကို ရေဆွတ်၏
ရေစွတ်စွတ်တဘက်နှင့် စစ်အေးကိုယ်ပေါ် ရေဖတ်
တိုက်ပေးသည်။

" ရေ . . . ရေ . . . ရေအေးအေးတစ်ခွက်ပေးပါ"



" စစ်အေး . . . စစ်အေး . . . "

ခင်မှုန်အတင်းလှုပ်နှိုးမှ စစ်အေးသတိရလာ၏။

" ဟင် . . . ခင် . . . ခင်မှုန် . . . ငါ့အနားမှာ . . .
မရှိနေတယ် . . . ထင်တာ "

" ဟုတ်တယ် . . . ငါနင့်ကို ထမင်းစားဖို့ လှမ်းအော်
နေတာကြာပြီ . . . အသံမကြားလို့ လာကြည့်တော့ . . .
ကြီးပြီး . . . အဖျားတက်နေတာ . . . "

" ဟုတ်တယ် ခင်မှုန် . . . နေ့ခင်းက ပဲဖော်ချရင်းနဲ့
အေးလာလို့ ဆစ်တိုကို ရေလောင်းနိုင်းတာ . . . အပူရှပ်သွား
ယ် ထင်တာပဲ . . . "

" ကဲ . . . ထထ ဆေးသောက်ရအောင် . . . "

ခင်မှုန်က သွက်လက်စွာပင် စစ်အေးကိုဆွဲထူသည်။

" အား . . . ကျွတ် . . . ကျွတ် . . . ကိုယ်တွေ
က်တွေ . . . နာလိုက်တာ . . . "

ဇန်ပုလင်းထဲက . . . ကန်ဆေးမှုန့်ကို ဇွန်းနှင့်ခပ်ယူသည်။

" နင့်ပါးစပ်ဟ . . . "

စစ်အေးက . . . ပါးစပ်ဟပေးသည် . . . ။ ဆေးဇွန်းကို
စ်အေးပါးစပ်ထဲလောင်းထည့်ပြီး ရေနွေးပူပူတစ်ခွက် လှမ်းပေး
ည်။ စစ်အေး ရေနွေးပူပူကို တစ်ခွက်ပြီးတစ်ခွက် မှုတ်
သောက်လိုက်၏ . . . ။

သူ့ကိုယ်ကချွေးတွေ ရေတံခွန်လို တရဟောစီးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန် တဘက်ကို ရေစင်အောင်ညှစ်လိုက်ပြီး စစ်အေ
ကိုယ်ပေါ်က ချွေးတွေသုတ်ပေးသည်။ အဝတ်တန်းပေါ်
အဖာရာဖရှုမှုနှင့် အင်္ကျီတစ်ထည်ဆွဲချပြီး စစ်အေးကို ပစ်ပေးသည်

" ရော့ အင်္ကျီအမြန်ဝတ်ထား အအေးပတ်သွားမယ်

စစ်အေး . . . အင်္ကျီအမြန်ဝတ်လိုက်ပြီး . . .

" ခုမှ မိုက်ဆာလာပြီ ထမင်းစားရင်လည်း အပူ
တက်လိမ့်မယ် "

ခင်မှုန် မီးတိုင်ကြီးကိုင်ပြီး အိမ်တက်ပြန်ပြေးသည်။ ဘု
စင်ပေါ်ရှိ မုန့်ပုံးထဲမှ ကရင်းပတ်မုန့်ချပ် ဆယ်ခုလောက် နှိုက်ယ
ပြန်ဆင်းမည်အလုပ် မုန့်ပုံးအဖုံး ပြန်မပိတ်ခဲ့ရသည်ကို သတိရ
ပြန်ပိတ်သည်။ဆွမ်းတော်ကပ်ဖို့ အဖေဝယ်ထားသည့်မုန့်ပုံ
အဖေသာသိလို့ကတော့ သူပါကျောကော့မည့်ကိန်း။ သတိရ
တော်ပါသေးရဲ့။

စစ်အေးကို မုန့်ချပ်တွေပေးပြီး အိမ်ပေါ်ပြန်တက်ခဲ့သည်

" သစ် . . . ဖစ် . . . ရေဒီယို . . . မြန်မာ . .
လစ်ဆင်းနိုင်း တူးသယ် . . . ရေဒီယို . . . "


" ဖျောက် . . . "

ခင်မှုန် ရေဒီယိုခလုတ်ပိတ်လိုက်ပြီး ရင်ခုန်သလိုလိုရှိ

စစ်အေးတစ်ယောက် . . . ခင်မှုန့်မေတ္တာရေစင်ဖျန်း
လန်းသွားသည်ထင့်။ ထင်းအမျက်တုံးတွေ . . . စုလိုက်
နွားမီးထည့်သည်။










www.burmeseclassic.com

www.burmeseclassic.com

အပြင်က ခြေသံကြား၍ . . . ခင်မွန်ဆင်းလာသည့် အထင်နှင့် . . . နွားမြက်စင်ထဲ ဝင်ပုန်းနေသည်။ ခြေသံရှင်က တခြားသူမဟုတ် . . . ဘကြီးပွားဖြစ်နေ၏။

စစ်အေးကြောက်ကြောက်နှင့် ပုနေသည်။

“ နွားစီးထည့်ပြီး ဒီကောင်လေး ဘယ်များသွားနေပါ လိမ့် တပိုတပါးများ သွားနေသလား မသိဘူး ”

ဘကြီးပွား . . . တင်းကုပ်အပြင်ပြန်ထွက်သွားသည်။

စစ်အေး မြက်စင်ထဲက ပြန်ထွက်ဖို့ အချိန်မရလိုက်။ ဘကြီးပွား ကောက်ရိုးတွေပွေ့ပြီး ပြန်ဝင်လာသည်။

“ ဟိုက် . . . သွားပြီ . . . ”

စစ်အေး မြက်စင်ထဲမှာ . . . ပြားကပ်နေအောင် ပုန်း သည်။ ကောက်ရိုးတွေ မြက်စင်ထဲကျလာပြီး သူ့ကိုယ်ပေါ် ဖုံးအုပ်သွားပြီ။

စစ်အေးတစ်ကိုယ်လုံး အမှောင်ထုဖုံးလွှမ်းသွားတော့၏။

♛ ♛ ♛





## ရွှေကျောင်းပြောင်ပြောင် ဖမ်းခေါင်ခေါင်

ရွှေကျောင်းကုန်းရွာ။

အမည်နာမ ဘယ်လောက်လှပါသလဲ . . . ။ ပုသိမ်– ရွှေလမ်းနှင့် ပုသိမ်–ဟင်္သာတလမ်းသည် ထိုရွာလေး၏ ရင်ကို ခွဲ၍ ဖြတ်သန်းသွား၏။

မီးရထားဘူတာရုံရှိသည့် ရေကြည်မြို့နှင့် သုံးမိုင်ခန့် ဝေးသည်။ ရွှေကျောင်းကုန်း၏ ဦးခေါင်းသည် ရေးမင်းများ လက်ထက်ကပန်းတောရွာဟု ခေါ်တွင်သည့် ပိတောက်ချောင် တာဆုံဖြစ်၏။

လမ်းလေးခွဆုံဖြစ်သည်။ ပုသိမ်ဘက်မှလာလျှင် ဝဲ ဘက်လက်တံသည် ငါးသိုင်းချောင်း–ဂွသို့ သွားသည့်လမ်း။ တည့်တည့်သွားလျှင် ရေကြည်မြို့တွင်းဝင်သည့်လမ်း . . .ယာ ဘက်လက်တံသည် ကျုံပျော်–ဟင်္သာတသို့ သွားသည့်လမ်း။


ပိတောက်ချောင်ရွာသည် ပေါ့သေးသေး ရွာတော့ မဟုတ်။ ဒါဆို ရွာကြီးကြီးလား . . . ဒါလည်းမဟုတ် . . . ။ ဥမ္မာဒန္တီနှင့် ဆက်စပ်မှုရှိခဲ့၍ ဖြစ်၏။

ရွှေကျောင်းကုန်း၏ ဦးခေါင်းသည် ပိတောက်ချောင်ဟု ဆိုလျှင် ယာလက်သည် . . . လယ်ပြင်စုရွာ။ ဝဲလက်သည်

www.burmeseclassic.com

www.burmeseclassic.com










စလင်းကုန်းရွာ။ သူ့ခန္ဓာက ပုသိမ်–မုံရွာလမ်း . . . ။ ယာခြေက ကျွန်းတောကုန်းရွာဆိုလျှင် ဝဲခြေက . . . ကျောင်းစုရွာဖြစ်၏။

ရေကြည်မြို့နယ်ထဲက ကိုင်းငှကျေးရွာအုပ်စုဝင် ရွာ တစ်ရွာဖြစ်၏။ ရွာဦးတွင် . . . ရွှေကျောင်း . . . ဘုန်းကြီး ကျောင်းရှိသည်။ ထိုကျောင်းကိုအစွဲပြု၍ ရွှေကျောင်းကုန်းရွာဟု ခေါ်ခဲ့သလားမသိ။ လယ်ပိုင်ရှင်ရှိသည့် လယ်ရှင်များမှအပ ကျန်သူများက ဝမ်းခေါင်ခေါင်နှင့် လယ်လုပ်သားများသာ။

ရွာဦးနှင့်ရွာလယ်ပိုင်းရှိ တစ်ဦးစ နှစ်ဦးစမှာ အငှားယာဉ် အပိုင်ရှိသည်။ သို့သော် "ကက" အငှားယာဉ်တော့မဟုတ်။ ကားတော့ကား . . . ။ ဘီးသုံးဘီးပါပြီး လူတက်နင်းရသော ဆိုက်ကား . . . ဖြစ်သည်။

ကျန်သူများက . . . ထွန်မယ်၊ ယက်မယ်၊ နှုတ်မယ်၊ စိုက်မယ် . . . ရိတ်မယ် . . . ဆိုသူများသာဖြစ်၏။ စစ်အေးနှင့် ခင်မှုန်တို့သည် ရွှေကျောင်းကုန်းရွာကို အခြေပြု၍ မွေးဖွား ကြီးပြင်းခဲ့ကြသည်။

သည်မြေမှာ အတူနေသည်၊ ရေကိုအတူသောက်ခဲ့ကြ သော်လည်း ဘဝအခြေအနေက မညီမျှ။

သို့သော် စစ်အေးက . . . သည်ဘဝ သည်မျှသာ ဆိုသည့်စိတ်မျိုးမရှိ၊ နင်းပြာကျသည့် သူရင်းငှားဘဝကို စစ်အေး စိတ်နာသည်။ ဒီနေ့ ဖြစ်ရပ်ကိုသာကြည့်။ အမေသာစိလျှင် ရင်ကွဲပက်လက် ဖြစ်လိုက်မည့်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . ဘယ်သူမပြု မိမိမှုတဲ့။

နောင်မမှားဖို့ . . . ဆင်ခြင်ရမည်ပေါ့။

သည်နှစ် မိုးဦးခေါင်၏။ သကြွန်လက်ဆေးမိုးမရွာဘဲ ခပ်တည်တည်နှင့် တန်ခူးလကျော်သွား၏။ ရွာမှာက . . . မိုးမရွာသေးခင်အချိန်တွင် အလုပ်အကိုင်ရှားပါးသည်။

ထမင်းနှစ်နပ်အတွက် . . . ကြံရာကျပန်းလုပ်ရင်း အလုပ်ပြတ်သည့်ရက်များအတွက် အာဟာရတော့ပြတ်၍မဖြစ်။ ရွာလယ် အုန်းခြံရှိ . . . ဦးပွားတင်အိမ်နှင့် ဆက်သွယ်ရသည်။

“ ဟ . . . တေိုး . . . မင်းဟာက တဆိတ် . . . မလွန်လွန်းဘူးလား။ နွေထဲက. . . မျိုးနှုတ်ပေးယူတယ်။ အခု ပျိုးတောင်မကျသေးဘူး။ ကောက်ရိတ်ပေးယူချင်လို့ ဆိုတော့ ခုစိုက်ပြီး ခုရိတ်လို့ရတဲ့စပါးမျိုး ကမ္ဘာမှာတောင် မပေါ်သေးဘူး . . . တေိုးရဲ့။ စဉ်းစဉ်းစားစားလည်း ပြောဦး ”

“ ဟုတ်တော့ဟုတ်ပါတယ် . . . ဘကြီးရယ် ကျွန်တော့် သမီးလေးဖျားနေလို့ . . . ဘကြီးမှမကယ်ရင် ကျွန်တော့်သမီးလေး ရေတိမ်နစ်တော့မှာပဲ . . . ”

တေိုး . . . အရှုအရှိုက်နှင့်ပြောလိုက်တော့ ဦးပွားတင် မမာနိုင်တော့ပဲ . . . ယိမ်းယိုင်လာသည်။

“ ကဲ . . . ရော့ . . . ရော့ကွာ‘ဧကဝက်’ဖိုးတော့ ယူသွား . . . အိမ်စားဖို့ရော ဆန်ရှိရဲ့လား ”

မေးသာမေးသည် . . . သူ့စိတ်က အဆင်သင့်ပေးပြီး သား . . .။

“ သမီး . . . ခင်မှုန်ရေ . . . တေိုးကို ဆန်လေးလုံး လောက် ချင့်ပေးလိုက်စမ်း . . . ”

ဟိုဟာပေး . . . ဒီဟာပေးတွေ ယူလွန်းအားကြီး၍ ဦးပွားတင် ရုံဖန်ရံခါ . . . ဘုန်းကြီးကျောင်းတွင် သွားရှောင်နေရ သည်။

မယုံမရှိနဲ့ . . . ။ သည်ညနေ . . . ငတေိုး . . . တော အရက်ဆိုင်နှင့် မိတ်ဖွဲ့မည်။ ဒါမှမဟုတ်။ အသုဘရှိသည့် ရွာတစ်ရွာသို့ ရောက်နေလောက်ပြီ . . . ။ ဒါကတစ်မျိုး . . .။

ရွာထဲက မိန်းမတစ်ချို့ ဒေါ်ဘုတိုဆီရောက်လာ သည်က တစ်ဖုံ . . .။

“ အရီး . . . အိမ်မှာ ထမင်းချက်စရာမရှိလို့ ဒါလေး အပေါင်ခံပါ . . . ”

ဆွဲခြင်းထဲက . . . ဇာခြင်ထောင်ထွက်လာသည်။ ဒေါ်ဘုတိုက နှာခေါင်းရှုံ့ပြီး . . .

“ ဒါပေါင်တော့ ညည်းတို့ ညဘက် ဘာနဲ့အိပ်မှာတုန်း”

“ အိပ်ဖို့ထက် လောလောဆယ် ရွှေဘ. . .အဲ အဲ စားဖို့ကအရေးကြီးလို့ပါ အရီးရယ်။ ဒါလေးတော့ ယူထားပေးပါ”

ဒေါ်ဘုတိုက . . . စိတ်ပျက်လက်ပျက်ဖြင့် ချွေးခံအကျႌ အိတ်ထဲမှ ပိုက်ဆံကို ထုတ်ယူလိုက်ပြီး . . .

“ ညည်းတို့ ဒါလောက်အခက်အခဲရှိနေရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရော့. . .ရော့ . . . ယူသွား . . . ”

သူတို့ကရော . . . ထူးမခြားနား . . . ။ ထမင်းစားပြီး တာနဲ့ . . . ရှေကြည်ကိုလမ်းလျှောက် သုံးကားပေါင်း မိုးအလင်းကြည့် . . .တစ်ညလုံးအိပ်ဖို့မလို ခြင်ထောင်လည်းမလို . . .။ သူတို့ဘဝက အပူအပင်ကင်းမဲ့သည်။ အဟောသုခ . . . ချမ်းသာလေစွ . . . ။

ဦးပွားတင်နှင့် ဒေါ်ဘုတ်ပင်သူတို့လောက် စိတ်ချမ်းသာမှုမရှိ . . .။ သူတို့လောက် . . . ပျော်ရွှင်မှုမရှိ။

ချမ်းသာအစစ် ဘယ်မှာရှိသည်ကိုပင် သူတို့မသိ. . .။ အဟောဝတ . . . ကောင်းလေစွ . . . ကောင်းလေစွ . . .။

♛ ♛ ♛





## အသူရာနှင့်သူရိန်မင်း စစ်ခင်းကြပြီ

“ ဝုန်း . . . ဒိန်း . . . ဂိုန်း . . . ဂျလိန်း ”

စစ်ချီ . . . ဘင်ခရာသံသည် . . . အဖျော်ပြင်ထက် ပွက်ပွက်ညံ၏။ လျှပ်ပန်းလက်နက်တွေနှင့် အရပ်ရှစ်မျက်နှာကို . . . ဝှေ့ယမ်း ပစ်ခတ်သည်။

အသူရာနှင့် သူရိန်မင်းတို့ အပြတ်အသတ် ချေမှုန်း စစ်ခင်းနေကြ၏။ သူရိန်မင်းကလည်း တဆိတ်လွန်လွန်းသည်။ ဘန်ခူး . . . ဟိုမှာဖက်အထိ ချဲ့ကားနေရာယူထားပြီး တေဇောလိုင်းတွေကို လောင်မီးကျမတတ် အစွမ်းကုန်ထုတ်လွှတ်နေ၏။

အသူရာက . . . သည်းခံနိုင်စွမ်းမရှိပြီ။ သူရိန်မင်း၏ တေဇောလှိုင်းကို လျှပ်ပန်းလက်နက်ဖြင့် ပစ်ခတ်ဖြိုခွင်း၏။ အသူရာဖက်မှ . . . ဝါယော လေတပ်ကြီးစစ်ချီလာပြီး . . . အပူလှိုင်းတွေကို . . . အစိတ်စိတ်အမွှာမွှာဖြစ်အောင် . . . ချေမွဖျက်ဆီးသည်။

အပူလှိုင်းတွေ . . . အရှည်ပျော်ကျလာ၏။ သူရိန်မင်း အရှုံးပေး ပျောက်ကွယ်သွားပြီ . . . ။

မိုးဖြိုင်ဖြိုင်ကျလာသည်။

နယုန်မိုးသေး မြက်သားမွေးတဲ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်ကိုယ်ဝန်ဆောင်ခဲ့သည်မသိ . . . မိုးရေစက်များ ထိမှန်သည်နှင့် မြက်သားပေါက်တွေ ခေါင်းထောင်ထလာ၏။ ဖားကြီး၊ ဖားသေး၊ ဖားပိစိကွေးတို့ သံပြိုင်ယိမ်းကခုန်ကြသည်။

အုန်းပင်နှင့်ထန်းပင် ကိုင်းဖျားတို့တွင် စာပူးတောင်းများ ယိမ်းထိုးလှုပ်ရှားကုန်၏။ မိုးကျခါစမို့ သူတို့ပူးတောင်းထဲတွင် (LIGHTING) မတပ်ဆင်ရသေး။

ပိုးစုန်းကြူးတွေ ထွက်လာမှ . . . စာဘုန်းကြီးတွေ ပိုးစုန်းကြူးကိုဖမ်းပြီး . . . သူတို့အိမ်ထဲမှာ . . . နွားချေးနှင့်ကပ်သည်။ ညရောက်ပြီဆိုလျှင် . . . အလိုလိုလင်းပြီးသား။

တိရစ္ဆာန်များပင်လျှင် သဘာဝကို နေရာတကျ ဆီလျော်အောင် အသုံးချတတ်၏။ အသိဉာဏ်ကြီးမားသော လူသားတို့အဖို့ကား ဆိုဖွယ်ရာမရှိတော့ချေ။

ဘယ်ခေတ်ကရောက်နေမှန်းမသိသည့် (NATIONAL) နေရှင်နယ် . . . သစ်သားရေဒီယိုအညိုရောင်ကြီးက . . . "တိမ်တမာန်" မိုးကြိုးတေးကို ကျူးရင့်နေ၏။

"မိုင်း× × × ပြာ× × × မှုန်ဝေ× × × တိမ်မိုးညို့ရိပ်တွေ တဖြည်းဖြည်း × × × လာလေပြီကွယ် × × × ပင်လယ်တွေဖြတ်သန်း ရိုးမပေါ် × × × တိမ်တမာန် × × × အိုအဆွေ × × × တို့များ ရွှင်လန်း × × × ပုလဲပန်းလို × × × မသွေ"

မိုးယန္တရား . . . လည်ပတ်ဖို့အတွက် . . . ပင်နယ်တွေ





ညီးဖြည်းချင်း လည်ပတ်လာ၏။

လယ်ယာလုပ်ငန်းခွင်တွင် မိရိုးဖလာထုံးတမ်းစဉ်လာ . . . လုပ်သင့်သည့် လုပ်ငန်းဆောင်တာများကို အဆင့်ဆင့် . . . တကျ လုပ်ဆောင်ရသည်။

ဒီနေ့ ရက်ရာဇာဆိုတော့ ပျိုးခင်းမှာ ထွန်သွားစိုက်ရ၏။ . . . ရကတော့ . . . အိုကေမှာ စိုပြေနေပြီ . . . ။ ပျိုးခင်းတွေ . . . ဘြာမိ ထွန်ရေး . . . စတော့မည်။

လုပ်ငန်းမစမီ . . . ပိုင်ရာဆိုင်ရာတို့ကို အသိပေးပန်ကြား . . . ာ ပူဇော်သမှုပြုကြရ၏။

" ဦးရှင်ကြီး ဆွမ်းစင် "

ခရင်ဝါး . . . ခပ်တုတ်တုတ်ကို လူတစ်ရပ်ခန့်ဖြတ်ပြီး . . . း အဖျားဖက်မှ . . . လေးစိတ်ညီညီခွဲရသည်။ တစ်ပေခွဲသာသာ . . . ့ ပတ်လည်ရှိသည့်ဝါးကပ်ယက်ပြီး လေးစိတ်ခွဲထားသည့် . . . ါးခြမ်းမှာနီးဖြင့်ချည်ရသည်။ ပုံတွင်ပါသည့်အတိုင်း မြန်မာလေ့ . . . ဦးရှင်ကြီးဆွမ်းစင်ကို မြေမှာခိုင်အောင် စိုက်သည်။ ဆွမ်းစင် . . . အထက် ပိုထွက်နေသော ဝါးခြမ်းလေးခုတွင် အုန်းရွက်နှင့် . . . သပြေညွန့် ကပ်ချည်ရသည်။ (ဆန်ကြမ်း)ကောက်ဆမပါသည့် . . . ကောက်ညှင်းသန့်သန့်ကို . . . မြေပေါင်းအိုးဖြင့်ပေါင်းပြီး . . . ကြွေပန်းကန်တွင် . . . ကောက်ညှင်းပေါင်း၊ အုန်းသီးစိတ် . . . ထန်းလျက်၊ ငှက်ပျောသီးနှင့် ကွမ်းယာတစ်ယာကို . . . တည် . . . ရသည်။ လက်ဖက်စိုနည်းနည်းက အဆစ်ပါသေး၏ စင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com









တွင် ကောက်ညှင်းပန်းကန်နှင့် အုန်းရည်တစ်ဖန်ခွက်။ စင်အောက်နို့ ခုံပေါ်တွင် ကောက်ညှင်းနှစ်ပွဲ . . . ။ ဖယောင်းတိုင်ကိုခါးလည်ကပိုင်းပြီး အပေါ်စင်မှာ လေးတိုင်စိုက်၏။

ဘကြီးပွားက ဒေါ်ရီတံဆိပ်ပါသည့် သတ္တုမီးခြစ်ပြားကိုခြစ်ပြီး ဖယောင်းတိုင်မှာ မီးညှိသည်။

အားလုံးပြင်ဆင်ပြီးသွားပြီ။

ဘကြီးပွားက ဇနီးနှင့်သမီးကို လှမ်းခေါ်သည်။

" ဟဲ့ . . . ဘုတ်ို့နဲ့ . . . ခင်မှုန် . . . လာကြတော့ဟေ့ထို့ . . . ဘာလုပ်လုပ် အမြဲနောက်က . . . "

" စစ်အေး . . . နိုးကြောဖျာတွေ . . . ဒီအနားချွေ့။ ဦးရှင်ကြီး ပင့်ဖိတ်တဲ့အခါကျရင် မင်းပါကန်တော့ ကြားလား"

အရီးဘုတ်ိုနှင့်ခင်မှုန်တို့ ဆင်းလာပြီး ဖျာပေါ်တွင် နေရာယူသည်။ စစ်အေးက တော်ရာနေရာတွင် ဆောင့်ကြောင့်ထိုင်၏။ ဘကြီးပွား . . . ချောင်းဟန့်လိုက်ပြီး . . . အသံဝါကြီးနှင့်ဦးရှင်ကြီး ပင့်ဖိတ်တော့၏။

" အပွန်း . . . အပွန်း . . . အောက်ခရိုင်တဝိုက်ကျောက်တိုင်စိုက်ပါလို့ ရေခန်နယ်တရိုး . . . ပိုင်စံငယ် . . . ရှိုးပါတဲ့ . . . ဦးရှင်ကြီးဒေဝါ . . . နတ်ရာဇာခင်ဗျား . . . "

စစ်အေးနှင့်ဦးရှင်ကြီး . . . အမျိုးတော်စပ်သည်ထင်၏။ ဦးရှင်ကြီးပင့်တိုင်း . . . စစ်အေးပျော်သည်။ ဦးရှင်ကြီး တွေ့ရှိရာလမ်းကို မျှော်မှန်းကြည့်သည်။ စင်ပေါ်ကိုလည်း မဂိုဟ်မသုန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ကောက်ညှင်းပွဲတွေသာ စွန့်သွားသည်။ အရသာကို နတ်သုဒ္ဓါနှင့်ပင် မလဲနိုင် . . . ။ သူ့အလွန်ကြိုက်၏။

ဦးရှင်ကြီးသည် အတိုင်ပင်ခံ အပူဇော်ခံဒေဝတာဖြစ်၏။ လူတွေကို ဟောက်စားခြောက်စား ဘယ်တော့မှမလုပ်။ စောင်းတစ်လက်နှင့် နယ်လှည့်သည်။ စားတာက သက်သတ်လွတ်။ ကရိကထမရှိ . . . ဒါကြောင့်ပင် စစ်အေးက ဦးရှင်ကြီးကို သူနှင့်အမျိုးတော်သည်ဟုထင်၏။ တစ်ခါက နတ်ကန္နားတစ်ခုတွင် စစ်အေး မှတ်မှတ်ရရရှိနေသည့် လူလည်ပန်ကာ ဒေဝတာတစ်ပါး ရှိသေး၏။ သူက . . . ဦးရှင်ကြီးနှင့် ဆန့်ကျင်ဘက်။ သူတို့ခေတ်ကဆိုလျှင် . . . ။

လာထားဟေ့ကြက်ကြော် . . . ပေးစမ်းဟေ့ မန္တလေးရမ်ဖွာတော်ဆက်ဖို့က ပခုက္ကူဒူးယား . . . ။ အားအားရှိတိုင်း နှုတ်ခမ်းမွေး . . . တသသနှင့် . . . အဲ . . . မူးပြီဆိုလျှင် ကြက်တိုက်မည် . . . ။

နတ်ကန္နားပေးသည့်အိမ်က . . . ကလေးဆုံးသည်။ လယ်ရှုံးသည်။ အိမ်က ဆောက်လက်စနှင့် အကာအရံပင် မပြည့်မစုံ။ "သောက" စောင်ခြုံထားသည့်အိမ် . . . ။

လူလည်ပန်ကာ ဒေဝတာက သည်လိုအိမ်မျိုးဆို သူ့အကြိုက် . . . ဒုက္ခများလေ ဗိုဟောက်လေ . . . ။ အခုလည်း ကန္နားရှင့်လင်မယား . . . ပိုက်ဆံအကုန်ခံပြီး သူ့အဟိန်းအဟောက်ကို လက်အုပ်ချီပြီး . . . ငြိမ်ခံနေရသည်။





စစ်အေး . . . ထိုလင်မယားကိုကြည့်ပြီး သူ့လက်စွဲတော် မဒီ လေးခွနှင့် ဆုံးမချင်နေသည်မှာ လက်တယားယား။

ပြောရင်းဆိုရင်း ဟောက်စားခြောက်စားလုပ်နေပြီး ထိုဒေဝတာက တစ်ကိုယ်လုံး တုန်ခါနေပြီ။ နှုတ်ခမ်းမွေးကို အပေါ်လိပ်တင်ပြီး . . .

" ဟွန်း . . . ဟွန်း . . . ဟွန်း . . . နင်တို့တွေ ဒုက္ခတွေ့မှ ငါ့ကိုသတိရကြတာကိုး။ ခုတော့ မြွေပါလည်းဆုံး၊ သားလည်းဆုံးရပြီ မဟုတ်လားဟေ့။ ဟွန်းဟွန်း . . . ကဲဟေ့ နေသားမိသားစုမှာ . . . ကျရောက်နေတဲ့ ဒုက္ခတွေကို ယ်ရှာပြီး . . . ပျောက်လည်းပျောက်မယ် . . . မ,လည်းမ,မယ် ဇွဲ ှာစားရေ "

" ထီး . . . ပေမေ့ . . . ထီးမေ့ . . . ထီးမေ့ "

စစ်အေး . . . သည်ကတည်းက နတ်ပွဲဆို ဘယ်တော့ သွားမကြည့်တော့။

" မှန်လှပါ . . . အုန်း၊ ထန်းလျက်၊ ကောက်ညှင်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ စုံစွာ မလစ်လပ်ရပါဘူး . . ကြာသပတေးသားသမီးမိသားစုတို့ လှူဒါန်းသမှုအစုစုကို သုံးဆောင်ပြီးသကာလ . . . ကုန်းနေ၊ ရေနေအဆိပ်ရှိ သတ္တဝါတို့နှင့် ဘေးအန္တရာယ်အပေါင်းမှ ဖယ်ရှားဆောင်ကြဉ်း၍ လာရာလမ်းသို့ ကြွတော်မူပါ . . . ဦးရှင်ကြီးဒေဝါနတ်ရှင်ဖခင်များ . . . "



www.burmeseclassic.com

www.burmeseclassic.com



စစ်အေး . . . အတွေးနယ်ကျွံ၍ ဦးရှင်ကြီးကိုပင် မကန်တော့လိုက်ရ . . . ပြန်ကြွသွားချေပြီ။

ဘကြီးပွား . . . ပွဲစွန့်သည့်ကောက်ညှင်း‌ကိုဆုပ်ပြီး ခြိအနံ့ လှမ်းပစ်သည်။ ဝါးရုံပေါ်က ကျီးကန်းတွေ . . . တအားအားနှင့် . . . ဆင်းလာကြ၏။

စစ်အေးအတွက် ကောက်ညှင်းက ဖလုံတစ်လုံး အပြည့်။ အုန်းသီးစိတ်နှင့် ထန်းလျက်တွေအများကြီး ထည့်ပေးသည်။

စားပြီးသည်နှင့် စစ်အေး ဗိုက်တင်းနေပြီ။ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းရင်း ဖိမ်ကျနေသည်။ ခုနေခါမျိုး နှုတ်စည်းစိမ်ဆယ်သက် . . . ။ သူ . . . တကယ်မမက်တော့ပြီ။

♛ ♛ ♛





## မြေစာမြေခဲ...ဖွာလန်ကြဲ

“ တုံ့ . . တုံ့ . . တုံ့ . . တုံ့တလုံ့ . . တုံ့တလုံ့”

“ ဖျန်း . . . ဖျန်း . . . ဖျန်း . . . ဖျန်း ”

“ အောက် . . . အေ . . . အေး . . . အွတ် ”

လေးနာရီ အုန်းမောင်းသံနှင့်အတူ . . . စစ်အေး [ထ]လာသည်။ တင်းကုပ်ထဲက နွားချေးတွေကို လက်ကိုင်ပါ[သ]ည့် သစ်သားကော်ပြား . . . နှစ်ချောင်းဖြင့် ကျုံးယူပြီး [နွ]ားချေးပုံမှာ ပစ်သည်။

အုန်းတံမြက်စည်းကြမ်းဖြင့် . . . တင်းကုပ်ထဲ ပြောင်စင်[သွ]ာအောင်လှည်းကျင်းပေး၏။ မျက်နှာသစ်သွားတိုက်ပြီးသွားပြီ။

စစ်အေး နွားမွဲနှင့်ခိုးကုတ်၏ကျောပြင်ကို အသာအယာ[ပွ]တ်သပ်ပေးသည်။ ဒါက အမူအယာအားဖြင့် နှုတ်ဆက်လိုက်[ခြ]င်းဖြစ်၏။

“ ကဲ . . . ဒီအချိန်ကစပြီး . . . မင်းတို့နဲ့ငါ ဘဝတူ[ရ]ဲဘော်ရဲဘက်တွေ ဖြစ်သွားပြီ။ အလုပ်စကြစို့ . . . ”

သူတို့နှစ်ကောင်က စစ်အေးစကားကို နားလည်[သ]သယောင် . . . တွန်သည်။

“ ဘော . . . ” “ ဘော . . . ”



www.burmeseclassic.com

www.burmeseclassic.com



စစ်အေး . . . . နွားနှစ်ကောင်ကို တင်းကုပ်အပြင်သို့ ဆွဲထုတ်ပြီး . . . သူတို့ကုတ်ပိုးပေါ် ထမ်းပိုးတုံးတင်သည်။

တင်းကုပ်ကြပ်ခိုးစင်ပေါ် တစ်နွေလုံးအိပ်မောကျနေခဲ့သော ထယ်တုံးနှင့် ထယ်သံကို အောက်သို့ချ၏။

တင်းကုပ်အပြင်သို့ မ,ယူလာပြီး ထမ်းပိုးတုံးပေါ်ခွတင်သည်။

စစ်အေး . . . တင်းကုပ်ထဲပြန်ဝင်၏။ "မိတ်အင်ငါးသိုင်းချောင်း" နီးခမောက်ကိုဆောင်းပြီး ဝါတာဖလူးအပြာကို ကိုယ်မှာခြုံ၍ လည်ပင်းတွင် အဖုထုံးချည်လိုက်သည်။

သူ . . . ပြင်ဆင်ပြီးချိန်တွင် အရှေ့ဘက်ကောင်းကင်သီက လင်းလုလု . . . ။ နွားနှစ်ကောင်ကို ကြိမ်တို့ပြီး လယ်ကွင်း ရှိရာသို့မောင်းလာ၏။ တာပေါ်မှာ ရေကြည်ဈေးကိုသွားမည့် ပန်းသည်တွေ ဟင်းသီးဟင်းရွက်သည်တွေ စကားတပြောပြော ဖြင့် သွားနေကြ၏။

တချို့က . . . ဆေးလိပ်ကိုရဲနေအောင်ဖွာရင်း ခံတောင်း ကြီးခေါင်းပေါ်ရွက်ကာ သုတ်သုတ်လျှောက်သည်။ ပန်းစည်းတွေ တင်လာသော ဆိုက်ကားတစ်စီး၊ နှစ်စီးစ ရေကြည်ဘက်ကို နင်းလာ၏။

စိုးစိုးစီစီမြည်နေသော ကျေးငှက်သီချင်းသံက ကျေးလက် နံနက်ခင်း၏ ကျက်သရေကိုဆောင်နေသည်။ လတ်ဆတ်စိုစွတ် သော လေနှင့်အတူ မိုးစက်တွေတဖွဲဖွဲ ခုန်ဆင်းလာသည်။





ရေဖွေးဖွေး လယ်ကွင်းထဲမှ ဖားလက်တက်အော်သံ ကြားကြိုကြား . . . မြည်သံကြားရ၏။

ပျိုးချမည့် လယ်ကွက်မှာ . . . နွားရပ်ပြီး တံပိုးတုံးကွင်း ထယ်သံကိုချိတ်သည်။

ကန်သင်းဘေးမှကပ်ပြီး ထယ်ကြောင်းစ၏။

" ဟဲ့ . . . ဟဲ့ နွား . . . "

မိုးရေနှင့်ထိပြီး ကောင်ကြီးနှစ်ကောင် ခြေလှမ်းသွက်နေပြီ။

" ဟဲ့ . . . ဖေသား . . . ရှန်းလိုက်စမ်း . . . ဟား။ ား . . . "

နွားနှစ်ကောင်ခြေလှမ်းရှေ့တိုင်း ထယ်သွားကမြေကြီးထဲ ည်လျှိုးပြီး မြေပြင်ကိုခြစ်ခွဲသည်။ မြေစိုင်မြေခဲတွေ ဖွာခနဲ၊ ဖွာခနဲ . . . လန်တက်လာ၏။ ထယ်စူးနက်ပုံရသည်ထင့် နွားမွဲနှင့် ကုတ် . . . ရှန်းအားကို ပိုသုံးနေရသည်။

" ကျွတ် . . . ကျွတ် . . . ကျွတ် . . . "

ဆာမို ဘရိဘ်ထက်ပင် ကောင်းသေး။ တိခနဲ ကျွိခနဲ ာုန့်ရပ်သွား၏။

ထယ်သွားအနေအထားကို . . . ပြင်ပြီး သပ်ပြန်တင်း၏။ ကြိမ်တစ်ချက်ဝင့်ပြီး . . . မောင်းနှင်သံပေးသည်နှင့် ခြေလှမ်း သွက်လာပြီး ထယ်ကြောင်းတစ်လျှောက် မြေစိုင်မြေခဲတို့ ဖွာခနဲ ဖွာခနဲ . . . ။

အနောက်တိုင်းသားတို့က စွမ်းအားတစ်ခုကိုတိုင်းတာလို



www.burmeseclassic.com

www.burmeseclassic.com



လျှင် မြင်းကစ်ကောင် နှစ်ကောင် စသည်ဖြင့် အင်အားကြီးလျှ
ကြီးသလောက် မြင်းကောင်ရေအားဖြင့် တိုင်းတာ၏။

ကမ္ဘာသုံးမဟုတ်သော်လည်း မြန်မာ့လယ်သမားကြီးမျာ
တွင်လည်း အင်အားပမာဏတိုင်းတာသည့် "ယူနစ်" ရှိခဲ့သည်

" သူ့လယ်လေးက တစ်ရှဉ်းမောင်းလောက်ရှိတယ်"

" ကိုင်းငှသူဌေး ... ဖိုးခွေးရဲ့လယ်က ကေမျာလွှန်း
ဘယ်နှစ်ရှဉ်းမောင်းမှန်းတောင် မသိပါဘူးကွာ "

စသည်ဖြင့် လယ်ကေအကျယ်အဝန်းကို နွားရှဉ်းဖြ
တိုင်းတာကြသည်။

(နွားတစ်ရှဉ်း = ထွန်တစ်တုံး နွားနှစ်ကောင်တွဲ)


တာပေါ်တွင် ... အမှတ်(၁၇) ရေကြည်ထွန်စက်စခန်း
"ဖွဲ့" ထရက်တာများ . . . ပန်းကန်ပြားထယ်သွားဝိုင်းတွေ
ချိတ်ပြီး . . . အသုတ်ဘက်မှပြန်လာကြသည်။

ထိုခေတ်ဆီက 'လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့
ဆောင်ပုဒ်သည် အသစ်အဆန်းလိုဖြစ်ခဲ့၏။ စင်အေး . . .
ကြွက်စုတ်အတန်းလိုက်ပမာ ပြေးလွှားနေသော ထွန်စက်
(CONVOY)တန်းကြီးကို မျှော်ငေးရင်း သူ့ထယ်ကြောင်းတွေက
ကြည့်ကာ အားမလိုအားမရ ဖြစ်လာသည်။

နွေဖက် ... တလင်းနယ်ချိန်နှင့် ကိုင်းထွန်ချိန်များတွင်
သည်နယ်မှာကျက်စားသည့် ဘကြီးမြမောင်၏ (FIAT) ဗီးယက်
ထွန်စက်အဝါကြီးကို သူသိပ်သဘောကျသည်။









www.burmeseclassic.com

www.burmeseclassic.com

ဗီးယက်ကြီးသည် ဘယ်မြေ ဘယ်ဒေသက ရောက်လာမှန်း စစ်အေးမသိ။ သူသိတာကတော့ ဗီးယက်သည် 'ဖွဲ့'ထရက်တာထက် ချော၏။ တောင့်တင်းသန်မာ၏။

ဝတ်စားဆင်ယင်မှုကိုကြည့်ပါ . . . ။

ဗီးယက်ကိုယ်ပေါ်မှာ . . . ပိုးသားအဝါရောင် ဆင်မြန်းထားသည့်နယ် တဖိတ်ဖိတ်လက်နေ၏။ သူ၏မျက်လုံးနှင့်တူသော မီးလုံးအစုံက "ဖွဲ့"ထရက်တာလို အပေါ်မှာမဟုတ်။

ကျွဲကြီးတစ်ကောင်လည်စင်းပြီး မြင်မြင်သမျှဝှေ့တော့မယောင် . . . မျက်လုံးအစုံက အောက်ဖက်မှာရှိသည်။ ရှေ့ဘီးနှစ်ဘီးကို ဆုပ်ကိုင်ထားသော လက်ရုံးလက်ဖျံတွေက ကြံ့ခိုင်သန်စွမ်းသည်။

သူ့ကျောပေါ်မှာ လေဆိုးထုတ်ပေါက်ခေါ်မလား . . . အိပ်ဇောပိုက်ခေါ်မလား ပိုက်တစ်ချောင်းထွက်နေသည်။ ထူးခြားသည်က ခေါင်းတိုင်ထိပ်တွင် ဖွင့်ပိတ်လှုပ်ရှား၍ရသော အဖုံးတစ်ခုပါသည်။ အင်ဂျင်နှိုးလျှင် မီးခိုးငွေ့တွန်းကန်အားဖြင့် အဖုံးလေးက ဖွင့်ချည်ပိတ်ချည် လှုပ်စိလှုပ်စိ။ ဒါကို စစ်အေးငယ်ငယ်လေး ဝိစိကွေးကတည်းက သဘောကျနှစ်သက်ခဲ့၏။

ဗီးယက်တို့၊ ဖွဲ့တို့က တော်ရုံလယ်ကွက်လောက်ဆို လေးငါး ဆယ်ပတ် မွှေလိုက်ရုံဖြင့် လယ်တစ်ကွက် ညက်ညက်ကြေသွားပြီ . . . ။

လက်ငင်းအနေအထားအရ . . . စိတ်ကူးနေရုံနှင့်မပြီး။





မက်နေ၍မဖြစ် . . . ။ နှင်တံမြှောက်၍ သူ့အင်ဂျင်ကိုနှိုး၏။

" ဟဲ့ . . . ဟဲ့နွား . . . "

သူ့အင်ဂျင်တွေက မိုးရေနှင့်ဆိုလျှင် သွက်လက်လန်း နေ၏။ ဒီနှစ်ကောင်သွက်နေသလောက်။ သူနောက်က မလိုက်နိုင်။ သူ့ခန္ဓာကိုယ် အင်ဂျင်စက်က "တဗွီဗွီ"နှင့် ာင်စာတောင်းနေပြီ . . . ။

နံနက် ရင်စာ စားဖို့အချိန်တန်ပြီလေ။(နံနက်အဆာ စာ ထမင်းကြမ်းစားခြင်း)

တာပေါ်ကို လှမ်းမျှော်သည်။ လာပါပြီ ခင်မှုန် . . . ။ ဆွဲခြင်းတောင်းကို ခေါင်းပေါ်မှာ ရွက်ထားသည်။ လက်ထဲမှာ ရေနွေးအိုးတစ်လုံး ဆွဲလာ၏။

လုံချည်တိုတိုဝတ်ထား၍ လမ်းလျှောက်လိုက်တိုင်း လုံးသားတွေက ဝင်းခနဲ . . . လက်ခနဲ . . . ။ မြို့ကျောင်း က်ကာမှ ဒီကောင်မလေး မိုးဦးကျမျှစ်ပေါက်ကြီးလို သိသိ ာသာ . . . ထွားကြိုင်းလာ၏။

လယ်ကန်သင်းထောင့်မှာ ခင်မှုန်ရပ်နေ၏။ စစ်အေး ငြင်ချင်ယောင်ဆောင်ပြီး နွားနှစ်ကောင်ကို ဆက်မောင်း သည်။

" ဟဲ့ . . . ဟဲ့နွားမွှဲ . . . ချိုကုတ် . . . သွားစမ်း"

" ဟဲ့ကောင် . . . ငါလာမှ အလုပ်ကောင်းချင်ယောင် ာင်မနေနဲ့။ ရင်စာစားဖို့လာတော့ . . . "


www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန်က သူ့လောက်တော့ နပ်ပြီးသား . . . ။

ဆွဲခြင်းထဲက ထမင်းဇလုံကြီးကို ထုတ်ယူ၍ အပေါ်က အုပ်ထားသော ပန်းကန်ပြားထဲ ထမင်းနည်းနည်းခွဲထည့်သည်။ မှျင်ငပိကြော်ပန်းကန်ထဲက ငပိကြော်နည်းနည်းယူပြီး ပန်းကန်ပြား ထဲထည့်သည်။ စစ်အေးက ပြုံးတိ . . . ပြုံးကြောင်ဖြင့်။

" ဟာ . . . နင်မစားရသေးဘူးလား . . . "

" စားပြီးသားပါ လယ်ထဲမှာထမင်းစားရတာ ပျော်လို့ "

သူက မြို့ကျောင်းတက် လယ်ပိုင်ရှင်သမီးဖြစ်ပေမယ့် သွေးမကြီးတတ်။ စစ်အေးနှင့်ခင်မှုန် ငယ်ငယ်ကတည်းက ရွှံ့ဗွက်တွေထဲမှာ အပေအတေ ကစားဖော်ကစားဖက် . . . ။ ခင်မှုန်က တောသဘာဝနှင့် လယ်မြေကိုချစ်၏။

ညစ်တီးညစ်ပတ် လက်နှစ်ဖက်ကို တစ်ဖက်လယ်ကွက်ထဲက ရေကြည်ကြည်မှာ ပယ်ပယ်နယ်နယ်ဆေးပြီး ရင်စာ ထမင်းကြမ်းကို မှျင်ငပိကြော်ရောနယ်ပြီး ပလုတ်ပလောင်း အားရပါးရ စားသည်။ ခင်မှုန် သူစားနေသည်ကိုကြည့်ပြီး မျိုမကျဖြစ်လာ၏။

" ရော့ . . . ဒီထမင်း နင်ပြန်ယူလိုက် . . . "

" စားစမ်းပါဟာ . . . နင်ပျော်ရင် ငါလည်းပျော်တယ် "

ခင်မှုန် လယ်ကွင်းထဲ စားရသောထမင်းသည် ပျော်ရွှင်မှု နှင့်အတူ ရောမွှေထားသော ပီတိထမင်းဖြစ်၏ . . . ။

♛ ♛ ♛



## စစ်အေး ... အချစ်ရေး နှင့် ရတက်မီး

" ခင်မှုန် နင်တို့ကျောင်းဖွင့်တော့မယ်နော် "

စစ်အေး . . . စားပြီးသားဇလုံကို လယ်ထဲကရေနှင့် ပွတ်သပ်ဆေးကြောနေသည်။ ခင်မှုန်က . . . သူ့ကိုရူးစမ်းသည်။

" ဘာဖြစ်လို့လဲ . . . စစ်အေး . . . "

" ဒီနှစ် . . . ရှစ်တန်းတက်မှာဆိုတော့ တခြားအာရုံတွေ နင်စားလာရင် ကျောင်းစာတွေ ထိခိုက်မှာစိုးလို့ပြောတာပါ "

ခင်မှုန် စစ်အေး . . . ဘာကိုဆိုလိုမှန်းမသိ။ ပြုံးတိ ပြုံးကြောင်ဖြင့် . . . ။

" ဟဲ့ကောင်ရဲ့ အတန်းကြီးလာပြီဆိုရင် ကျောင်းစာ တစ်ခုထဲ . . . အာရုံစိုက်လို့မရတော့ဘူး။ တခြားကိစ္စလည်း စိတ်ဝင်စားရမှာပဲ . . . "

စစ်အေး . . . ပါးစပ်အဟောင်းသားကြီး . . . ။

" ကဲ ပြောစမ်းပါဦး . . . နင်ကကျောင်းစာအပြင် ဘာတွေကို စိတ်ဝင်စားချင်လို့လဲ . . . "

" ကျောင်းစာရယ် . . .ပန်းချီရယ် . . .အားကစားရယ် "

သည့်တော့မှ စစ်အေးဘဝင်ကျသွားပြီး . . .

" တော်သေးတာပေါ့ ခင်မှုန်ရယ်။ အချစ်စိတ်ကစား

www.burmeseclassic.com



တာ မပါလို့ . . . ”

“ အောင်မာ . . . နင်ကများ ငါ့ကို . . . နင့်စိတ်နဲ့ လာမနှိုင်းနဲ့ . . . ဖလုံစာကျွေးလိုက်မယ် . . . ဟင်း ”

ခင်မှုန်က . . . စစ်အေးကိုတော့ ငယ်နိုင်။ ခင်မှုန် စစ်အေးရင်ကို ဖောက်ထွင်းမြင်နေရ၏။

ဒီကောင် ငါ့ကို သဝန်ကြောင်နေပြီကော . . . ။ ခင်မှုန့် စိတ်ထဲ ကျေနပ်သလိုတော့ရှိ၏။

× × × × ×

နွားချေးဖြင့် . . . လုံမြဲအောင်ပိတ်ထားသော မျိုးစပါး ပုတ်ကို စစ်အေး . . . ဖွင့်နေသည်။

“ စစ်အေး . . . ထမင်းစားမယ် . . . ”

စပါးပုတ်ဖောက်နေရာက ခင့်မှုန့်ကိုလှည့်ကြည့်ပြီး . . .

“ ငါ ဒီညနေ အမေ့ဆီပြန်မလို့ . . . မစားတော့ဘူး”

“ ဒီလိုလုပ်လို့ ဘယ်ရမလဲ။ ပြန်ချင်ရင်လည်းကြိုပြော ပေါ့ . . . အခု ထမင်းခူးပြီးသား။ မစားရင်တော့ အလျော်ပေးရ မှာပဲ . . . ”

စစ်အေး ပြုတ်မနူးမျက်နှာပေးဖြင့် . . .

“ ငါလျော်ရင် နင်ယူမှာလား . . . ”

“ ယူမယ် . . . ”

“တခြားလျော်စရာတော့မရှိဘူး . . .ငါ့ကိုယူလေ. . .”

စကားအကောင်းပြောနေရာမှ စစ်အေးဖောက်လာပြီ။



. . .လိုအချိုးမျိုး ဘယ်ရမလဲ။ ခင်မှုန်က . . . စစ်အေးနားရွက် ကို ဆွဲကာ . . .

“ လာ . . . ခုလိုက်ခဲ့ . . . ထမင်းစားပြီးမှပြန် ”

“ အား . . . ကျွတ် . . . ကျွတ် . . . လွှတ်ပါဟဲ့ . . .စားမှာပါ ”

“ နင့်ကို ထမင်းကျွေးဖို့ ခဲယယ . . . ခေါ်မနေဘူး . . .အဖေ့လက်ကို အပ်မလို့ခေါ်တာ . . . ”

စစ်အေး သူ့လက်က ဆတ်ခနဲ ရုန်းလိုက်ပြီး . . .

“ ဘကြီးပွားလက်တော့ မအပ်ပါနဲ့ . . . ။နင်မကြိုက်ရင် . . .ည်း ငါ . . . နောင်ကို မပြောတော့ပါဘူး . . . ”

ခင်မှုန် . . . စစ်အေးကို သနားသွားသည်။ သူ . . .နောက်လိုက်သည်ကို စစ်အေး အဟုတ်ထင်၏။

ပြုသမျှနုရမည့် အညတြကို ထပ်၍ မစလိုတော့။

မြေအိုးနှင့်ချက်သည့် အမဲသား စားဖူးကြပါသလား။ . . .ချတ်ကို . . . ညက်အောင်ထောင်း မြေပဲဆီ (ဆုံဆီစစ်စစ်) . . .နှင့်ရော . . . သမမွှေ ပျဉ်းနော်သိမ် ရွက်နုလေးကို အမွှေး . . .ကြိုင်အဖြစ်ထည့်သည်။ အမွှေးနံ့ သင်းပျံ့ပျံ့နှင့် စားချင်စရာ။

နွားဆိုတာက . . . ဘူမိကမ္ဘလာ မြေမွေ့ယာထက် . . .စ်အေးနှင့် ရုန်းဖော်ကန်ဘက်။ သည်အသားကို သူမစားလို့ . . .သော်လည်း သူတို့အရပ်မှာ ဟင်းကြွေးတော်သည်။

တော်ပစေ . . . ပြဿနာမရှိ။ ငပိရည်ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက်နှင့် ကန်ဖွန်းရိုးနီကို မန်ကျည်းမှည့်နှင့်ပြုတ်သည့် အတို
အမြှုပ်လောက်ရလျှင် စစ်အေးအတွက် လုံလောက်ပြီ။သို့သော်
ဟင်းခွက်က ရေတ်ဆီဝေ့လျက် ပျဉ်းနော်သိမ်ရန့်မွှေးမွှေးကြော
စစ်အေး . . . စိတ်ကို မနည်းချိုးနှိမ်ရသည်။

" ဟဲ့ စစ်အေး . . . ဟင်းထည့်စားလေ "

အဲဒါ . . . အဲဒါ . . . အမိကပြဿနာ . . . ။ စစ်အေ
သူစိတ်ဆိုးမှာတော့ကြောက်သည်။ တစ်ခါတစ်ရံ သူ စိတ်
ကောက်ပြီး အကြာကြီးစကားမပြောလျှင် စစ်အေးမနေတတ်

သူ ကျေနပ်အောင် ဟင်းတစ်ဖတ် ဆယ်စားသည်
အာပါးပါး ကောင်းမှကောင်း။ သူတို့ကို သနား၍ သည်အသားကို
သူမစား။ သည်သတ္တဝါတွေ ချမ်းသာခွင့်ရသွားပြီလား။ အမဲသာ
ဈေးထဲမှာ နေ့တိုင်းရှိ၏။ ရွာမှာ သူတို့ အိုနာသေချိန်တွင် ရ

အတွေးနှင့်အတူ တစ်ဖတ်ပြီးတစ်ဖတ် စားမိသည်
ခင်မှုန့်မျက်နှာက ကျေနပ်နေသယောင်. . .။

စစ်အေးက လူတွေကိုမေးလိုက်ချင်သည်။ မြေအိုးနှ
ချက်တဲ့အမဲသား စားဖူးကြပါသလားလို့ . . . ။

စစ်အေး ထမင်းစားပြီး ဘကြီးပွားကိုပြော၍ အမေ့အိ
ပြန်ခဲ့သည်။

" ဘုရားတပည့်တော် လှူဒါန်းရသော ဒါနကုသိုလ်
ဆောက်တည်ရသော သီလကုသိုလ်၊ ပွားများရသော ဘာဝန
ကုသိုလ်တို့၏ အဖို့ဘာဂကို ကွယ်လွန်ပြီးသော ကိုစစ်မောင်နှ





ဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါ
ပေါင်းနှင့် အဂ်ါသား မောင်စစ်အေးတို့ . . . အမျှရ၍ သာဓု
ခေါ်နိုင်ပါစေသား အရှင်ဘုရား . . .

" အား . . .လုံး ကြားကြားသမျှ အမျှ . . .အမျှ . .
အမျှ ယူတော်မူကြပါကုန်လော့ သာဓု . . . သာဓု . . . သာဓု"

" သာဓု . . .သာဓု . . .သာဓု . . .ပါ အမေ "

စစ်အေးအသံကြားသည်နှင့် အမေ . . . ဘုရား
တ်ပြုရာက ထလာ၏။ ကျုံ့ကျုံ့ထိုင်နေသော စစ်အေးခေါင်း
ကို ပွတ်သပ်ကာ . . .

" သားလေး . . . ဘယ်အချိန်ရောက်နေတာလဲ . .
နေကောင်းတယ်မဟုတ်လား "

" ကောင်းပါတယ် . . . အမေ . . . "

စစ်အေးမျက်ဝန်းမှာ မျက်ရည်ဥတွေနဲ့ . . . ။ ရေနံမီး
ကျင်ကျင်နဲ့မို့ အမေ . . . မမြင်နိုင် . . . ။

အမေသည် ဘဝခြားခဲ့ပြီဖြစ်သော အဖေနှင့်သားဖြစ်သူ
စစ်အေးကို နေ့စဉ်နှင့်အမျှ သတိတရ မေတ္တာပို့သည်။ စစ်အေး
သို့တဝ အမေသာရှိလျှင် သည်လို ကသီလင်တဖြစ်မည်မဟုတ်။

စစ်အေး တွေးရင်း သိမ့်ခနဲဖြစ်ကာ မျက်ရည်တမံကျိုး
ကျတော့၏။

" စစ်အေး ထမင်းစားပါလား . . . သား . . . "

" ခုပဲ . . . စားပြီးခဲ့ပြီအမေ . . . ဘာဟင်းချက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



" ဖားနှင့် ကင်မွန်းချဉ်ရွက် ကြော်တယ်လေ . . . "

စစ်အေးအကြိုက်။ သို့ပေမယ့် . . . သူ့ဗိုက်ကတင်း ပြီး ထမင်းစားပွဲပေါ်က ဝါးအုပ်ဆောင်းကိုဖွင့်ကာ ဖားကြော် တစ်ဖွန်းခပ်မြည်းသည်။ ကျိုးကျိုးကျွတ်ကျွတ်နှင့် ပါးစပ်ထဲ စွဲသွားသည်။

အမေက အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြုပ်ဝါ။ အရင်က အမေသည် ခုလိုအနေမစုတ်ခဲ့ . . . ။ အခုလိုလည်း သူဆင်း မကြီး မဟုတ်ခဲ့။ အဖေသာရှိခဲ့လျှင် သူလည်းခုလိုပင်ပန်း နေ မည်မဟုတ်။ အချိန်တန်လျှင် သူများထန်းတူ မြို့ကျောင် တက်ရုံသာ။ ခုတော့ အဖေ့ကို သတိရတိုင်း သူရင်ထဲဘဝက လွတ်မြောက်ဖို့ အားအင်တွေ ပြည့်လာပြန်သည်။

အဖေ . . . အဖေရဲ့အင်အား စွမ်းပကားတွေ သားကို ပေးမျှပါအဖေ။ စစ်မောင်ရဲ့သား စစ်အေး တစ်နေ့ကျရင် လယ်ပိုင်ရှင် သူဌေးဖြစ်ရပါစေမယ်လို့ သား ကတိပြုပါတယ် အဖေ။

" သား . . . ကတိပြုပါတယ် . . . "

ဆားလော် ဆေးပေါ့လိပ်ဖွာနေရာက . . . အမေ စစ်အေးကို လှမ်းကြည့်သည်။

" ဟဲ့ သားစစ်အေး နင်ဘယ်သူ့ကို ကတိပေးနေတာ လဲ . . . မဟုတ်က . . . ဟုတ်ကတွေ လျှောက်မလုပ်နဲ့နော်"

အမေ့အတွေးတွေက စစ်အေးစကားကို ကျော်လွန်၍





သွား၏။ စစ်အေးငယ်ငယ်က အမေ့ကို ပြောဖူးတာရှိသည်။

" ဒီဘဝချမ်းသာဖို့ကတော့ ဓါးပြတိုက်မှ ထင်တယ် အမေ "

" ဘာရယ်မဟုတ်ပါဘူး အမေရယ်။ တောင်တောင် အီအီတွေးရင်း အဖေ့ကို သတိရလို့။ အဖေ့လို လယ်ပိုင်ရှင် ဖြစ်ရပါစေမယ်လို့ ကတိပေးနေတာ . . . "

အမေက ပီတိအပြည့်ဖြင့် ပြုံးရင်း . . .

" ဒါပေါ့သားရယ် ဉာဏ်ပညာနဲ့ လုံ့လ ဝီရိယသာ ပြည့်စုံပါစေ။ မမြင်နိုင်တဲ့ ကံတရားဆိုတာ တစ်နေ့တော့ ဖမ်း ဆုပ်မိမှာပါ . . . "

မိုး . . . တစ်ပေါက် နှစ်ပေါက် ဖွဲဖွဲလေးကျဆင်းလာ သည်။ ပူစပ်စပ်ကြီးမှ တဖြည်းဖြည်း အေးလာသည်။ ကောင်းကင်ထက်မှ ဘင်ခရာသံတွေ မြည်ဟီးလာ၏။ လျှပ် တစ်ပြက်နှစ်ပြက် ပွင့်လက်စဉ် တာပေါ်မှ လူအချို့ကို လှမ်းမြင် ရသည်။ လက်ထဲမှာ မီးတောင်ကြီးတွေနှင့် မိုးပျော်ဖားတွေ အလစ်အငိုက် စောင့်ရိုက်မယ့်သူများ။

* "ဝေါခနဲ" မြည်သံနှင့်အတူ ဒေဝေါ တပ်သားတွေ မြေပြင်ပေါ်သို့ ခုန်ဆင်းလာကြ၏။

စစ်အေးကိုယ်ပေါ်သို့ မိုးရေတွေ တဗျန်းဗျန်း ယိုကျ သည်။ ထရံကြားတွင် ညှပ်ထားသောဝါးဖတ်တစ်ချပ်ယူ၍ ရေဗျန်းဗျန်းယိုသည့် ခေါင်မိုးအပေါက်ကို ဖာသည်။ သည့်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အမေ့အိမ် မရှိရှာသေးတော့ စစ်အေးသတိရသည်။

" အမေ ပျိုးကျပြီးမှ အိမ်ပြန်မိုးပေးမယ်သိလား "

အမေက . . . ခပ်အေးအေးပင်။ ဆေးပေါ့လိပ်ကို ထောင်းလမောင်းထအောင် ဖွာရင်း . . .

" နည်းနည်းလောက် ပျစ်စားထိုးလိုက်ရင် ဒီတစ်မိုး ကောင်းကောင်းနေလို့ရတာပဲ ဒုက္ခမရှာနဲ့ သားရယ် "

" ကဲ . . . သား အိပ်တော့။ မနက်လည်းစောစော ထရဦးမှာ။ မိုက်ဆာရင် နင့်အရီးပိန်မဆီက ဝယ်ထားတဲ့ ငှက်ပျောသီး . . . မုန့်ဖက်ထုပ်နှစ်ထုပ် ကြောင်အိမ်ပေါ်မှာ ရှိတယ် "

ဒါမျိုး စစ်အေးတို့က လက်မနှေး . . . ။

" အဲဒါများ စောစောကပြောရောပေါ့ အမေရာ။ ထမင်း စားပြီး အချိုတည်းရတာပေါ့ "

အညိုရောင်ငှက်ပျောဖက်ကို ဖြာပြီး ငှက်ပျောသီးမုန့်ကို တစ်ကိုက်ကိုက်သည်။ အိခနဲ လျှာဖျားမှာချို . . . နာဖျားမှာမွှေး ရင်ထဲမှာအေးလို့ ငှက်ပျောသီးမုန့်ဖက်ထုပ်ကို ကြော်ငြာဝင်ပြီ ဟိုခေတ်က MWDတို့ MRTVတို့မပေါ်သေး။ သည်ဖက်ခေတ်မှာ သည်မုန့်မျိုးကို (INTERNET) အင်တာနက် တင်လိုက်လျှင် မြန်မာ့ရိုးရာ အာဟာရမုန့်အဖြစ် ထင်ပေါ်လာမည်မှာ အသေ အချာ။ ရွှေကျောင်းကုန်းသူ အရီးပိန်မကို ထင်ပေါ်၍ စင်တော် ကောက်မည်မှာ မလွဲကေန်။ ခုတော့သူက ဟိုခေတ်မှာ ကျန်ခဲ့





ခြင်၏။

" ဗူး . . ခွတ် . . ခလွှတ်လွှတ် . . . ခေါ် . . ခလော "

ဖားရှေ့ကော ဖားအော်တာ ဖားယန်(ခ)နှင့် ဖားရက်ပါများ ပေါင်း၍ မိုးညကို အလှဆင်နေ၏။

စစ်အေးတို့သားအမိ သေခြင်းအတုနှင့် အိပ်မောကျ ကြသည်။

♛ ♛ ♛

www.burmeseclassic.com


**စောစောအိပ်ထမြဲကျင့်မှ . . .လယ်မြေပေါ်က စပါး**

လယ်သမားတို့၏ လုံ့လဝီရိယရှိမှုကို ဝိသေသပြုထား ခြင်းဖြစ်၏။ မြို့သားတွေ အိပ်မောကျဖိမ်တွေ့နေချိန် လေးနာ တုံးမခေါက်ခင်ကတည်းက တို့လယ်သမားတွေ နိုးထနေပြီ သူတို့မီးဖိုချောင်တွေက မနက်လေးနာရီဆို ဥဩဆွဲသည်။

ကြည့်လေ . . . မီးဖိုခွင်ပေါ်က ရေနွေးအိုးတွေ အငွေ့ ချောင်းချောင်းထ။ အဖုံးတကြွကြွနှင့် ရေနွေးငွေ့ ဘွိုင်လာတွေ လို တရှဲရှဲနှင့် ဥဩသံမြည်၏။

ခွင်ပေါ်က ရေနွေးအိုးကိုချပြီး လက်ဖက်ခြောက်ခပ် သည်။ နှုတ်ခမ်းပြတ်လုလု မဟူရာရောင် ဒန်အိုးထဲက ထမင်း ကြမ်းခဲနှင့် ''အမေ့လက်ရာ''ဖားချိုချဉ်ကြော်နှင့် ရင်စာစားသည်။

စားကောင်းကောင်းနှင့် တစ်ပန်းကန် ပြိုက်ခနဲ . . . သူ့ဗိုက်က . . . ငါးပူတင်းဗိုက် . . . ဖြစ်သွားပြီ . . . ။

တင်းကုပ်ထဲသို့ စစ်အေးဝင်လာသည်နှင့် သူ့ရောင် ရင်းများ စားမြုံ့ပြန်နေရာမှ ''ဝုန်းခနဲ'' ထရပ်သည်။ သူတို့မှာ ဘာသာပေဒမလို။ အလိုအလျောက် နားလည်ပြီးဖြစ်သည်။

'' ဟဲ့နွား . . . ဖီး . . . ''

'' ဟဲ့ . . . နွားမဲ . . . ဖီးစမ်း . . . ''



ခေါင်းဖြီးနိုင်းခြင်းမဟုတ်။ သူတို့ကိုမြက်စင်ဖက်သို့ ခေါင်းသွင်းခြင်းဖြစ်၏။ နွားချေးကော်နှစ်ခုကိုယူပြီး နွားချေး ကျုံးပစ်သည်။ ပြီးနောက် ပြောင်နေအောင် တံမြက်စည်းပင် ဆတုတ်ကြီးဖြင့် ခြစ်လှည်းရသည်။

ခြောက်သွားထွန်ကို ထုတ်တန်းပေါ်မှ ဆွဲချသည်။

'' မင်းအလှည့် ရောက်ပြီ . . . ''

စစ်အေး . . . ထွန်ကို လူတစ်ယောက်လိုပြောပြီး ထွဲယူသည်။ သူက သိပ်လိုက်ချင်ပုံမရ။ ထွန်သွားနှင့် ထုတ်တန်း ချိတ်နေ၏။ သူ့ထွန်တုံးကို တင်းကုတ်အပြင်သို့ ထုတ်၏။

နွားနှစ်ကောင်ကို တိုးဆောင်ပြီး ထွန်သွားကို တံပိုးတုံးပေါ် တင်ကာ နွားနှစ်ကောင်ကို မောင်းထွက်ခဲ့သည်။ ကျွဲလမ်းထဲ ရောက် . . . မြစည်းရိုးတန်းပေါ်က ကြက်ဖတစ်ကောင် တတ်တရက် ထတွန်သည်။

'' အောက် . . . အောက် . . . အေးအေးအွတ် ''

နွားနှစ်ကောင်လန့်ပြီး သုတ်ခြေတင်တော့၏။

'' ကလင် . . . ကလင် . . . ကလင် . . . ''

'' ဩော်ပေါ် × × × မိုးလရာသီ × × × ဖျိုးဖျိုးဖျဖျ ရွာလှသည် × × × တူနန် × × × တန့်နန် တန် × × × ''

ဆရာဆိုက်. . .လက်ကဘဲ(လ်)တီး၊ ပါးစပ်က ဝိတေးသွား နှင့်တီးလုံးပါ ဆိုညည်းရင်း ခန္ဓာကိုယ်က ခြေနင်းပြားပေါ်မှာ မြောက်ကြွမြောက်ကြွ။ သူ့ဆိုက်ကားပေါ်မှာ ပန်းလား၊ တင်းရွက်


www.burmeseclassic.com

www.burmeseclassic.com



လာမသိ။ အထုပ်တစ်ထုပ်နှင့် မိန်းမတစ်ဦးပါသည်။ ချင်းကျွန်းဘက်မှ ရေကြည်ရေးသို့လာသော ဈေးကြိုဆိုက်ကား ဖြစ်၏။

" ကြီး . . . ဒေါ်ရွှေ . . . ကြီး . . . ဒေါ်ရွှေ "

ဘာမှန်းတော့မသိ . . . ငှက်ကလေးတစ်ကောင်အရုဏ်ကြိုတေးဆိုရင်း သူတို့အပေါ်က ဖြတ်ပျံသွားသည်။

ရေက . . . ပျိုးခင်းထွန်ဖို့ . . . အနေတော်လေး။ စစ်အေး ထွန်ကို တံပိုးမှာချိတ်ပြီး ထွန်ရေးစတော့၏။ သူငယ်စဉ်က သင်ခဲ့ရသည့် လယ်ထွန်မင်္ဂလာကဗျာထဲမှ ဘုရင်ကြီးဖြစ်သွား၏။ မိုးချိန်းသံသည်ပင် စည်သံမျှော်ဘ်ပမာထင်၏။ ထွန်တံကို လက်ကကိုင် ကြိမ်ကိုဝင့်လျက် . . .

" ယမထာ × × × ဟာ ရွှေကြိမ်လုံးဟုန်းရယ်နဲ့ × × × ထွန်တုံးကိုတွဲခြေတော်တင် × × × ဟင်း × × × ဟင်းဟင်း နွား × × × ကြွန်စုံရှည် × × × ပျိုးခင်းကိုဝင် × × × ကောင်းကင်က × × × ရွှေပိန်ညွှင်းရယ် × × × မိုးဟိုးဟိုးဟို × × × ခေါ်လို့ × × × ဆဝီး ငင်း ဟင်း "

ဟန်ကျပန်ကျ ထွန်တုံးပေါ်ခြေအချ နွားတွေက ရှေ့အသွားနှင့် အားလွန်ပြီး လယ်ကွက်ထဲ မှောက်လျက်လဲတော့၏။ ရေစပ်စပ်ထဲမှာ ဝူးဝူးဝါးဝါးနှင့် စစ်အေး . . . ကုန်းထသည်။ ရွှံ့ခြမ်းတစ်ခြမ်းလုံး ရွှံ့တွေ ရွှဲရွဲရှိသည်။ သူ့မျက်နှာပေါ်က ရွှံ့တွေကို ရေနှင့်ဆေးပြီး . . . ထွန်နောက်ကို အပြေးလိုက်သည်။

" ယမထာ . . . ယမထာ . . . ဘယ်ရောက်သွားပါလိမ့်"





တော်ပါသေးရဲ့ . . . သူ့ယမထာ ကန်သင်းဘေးနားမှာ ပေါလောမျောနေ၏။

" ဟဲ့ကောင်တွေ . . . နေကြပါဦး ငါ့ကိုစောင့်ဦးလေ။ ရှင်အိန္ဒြေတော့ ပျက်ပဟ . . . "

စစ်အေး ခါးတောင်းမြှောက်အောင်ကျိုက်ခါ . . . ထွန်တံမှ၍ ထွန်တုံးတွင်အပုံလိုက်ကပ်ငြိနေသော . . . ထွန်ချေးကို နောင့်နှင့် ကန်ချသည်။

" ဟဲ့ . . . နွားမွဲ . . . အ . . . အ . . . အား "

နွားမောင်းနေတုန်း . . . ခါးတောင်းကျိုက်ထဲက ဘာမှန်းမသိ။ မတော်ရာနေရာက စူးကနဲ ကျင်ကနဲဖြစ်၍ ခါးတောင်းကျိုက်ကို လက်နှင့်စမ်းသည်။ ဖောင်းဖောင်းကြီး . . . ဘာလဲဟ။ စစ်အေး ခါးတောင်းကျိုက်ကိုဆွဲဖြုတ်ရင်း . . . အလန့်တကြားအော်ခုန်သည်။

" ဘုတ် . . . " " ပလုတ် . . . "

အခွံမိုးနှင့်ပေါက်ဖွားလာသည့် . . . နီနီရဲရဲလယ်ပုဇွန်လုံးတစ်ကောင်။ မဒန်းပုဇွန်လုံး . . . ညှပ်စရာရှားလို့ သူ့များမတော်တာ ရန်ရှာသည်။

စစ်အေး . . . ကြိမ်နှင့်လိုက်တို့မှ စောင်းငန်းစောင်းငန်းနှင့် ရေထဲငုပ်သွား၏။

ထိုအောင်က ရင်တွန်းတစ်လက်ဖြင့် ကျွဲလမ်းထဲမှာ လျှောက်ပြေးနေသည်။ ဟိုဖက်ထိပ်ရောက်တော့ ရင်တွန်းထဲက



www.burmeseclassic.com

www.burmeseclassic.com

ငါးကလေးတွေကို ပလိုင်းထဲ ကောက်ထည့်သည်။

" စစ်အေး . . . မင်း စောစောက ဘာငါးတွေ
လယ်ကွက်ထဲ ဒိုင်ဗင်ပစ်တာလဲ "

သူစိုးလှမိသည်သို့ စစ်အေးချောလဲရောတိုင်လုပ်သည်

" လယ် . . . ငါးရှူကြီးကွာ . . . လျှင်လိုက်တာ
လက်ထဲရောက်မှ လျှော်ခနဲ လွတ်ထွက်သွားတယ် "

ထီအောင် စဉ်းစားသည်။ ငါးသားပေါက်တွေ ငါး
တက်ချိန် ဘယ်က ငါးရှူကြီးရောက်လာရသနည်း။

" ငါးမရတာနဲ့များ မင်းက အသားလွတ် ထအော်
တယ်လို့ "

ရော . . . ခက်ပြီ။ ကဏန်းညှပ်တာလူမသိ။ စစ်အေ
အော်တာ လူသိပြန်သည်။

" အဲဒါက ခါးတောင်းကျိုက်ထဲ ပုဇွန်လုံးဝင်
မတော်ရာကို ညှပ်လို့အော်တာဟေ့ "

" ဟား . . . ဟား . . . ဟား . . . ဟား . .
စစ်အေးတို့ဖြစ်လိုက်မှ အဆန်းချည်းပဲ . . . "

ထီအောင် . . . တဟားဟားရယ်ရင်း . . . ရင်တွန်း
လျှောက်ပြေးနေသည်။

ပျိုးခင်းထဲ ထွန်တစ်ထပ်လည်သွားပြီ။ စစ်အေး ထွန်
ခဏရပ်ရင်း . . . ထွန်ချေးနှင့်ရောနေသော မြက်ဖက်
ကန်သင်းပေါ် ဆယ်တင်နေသည်။





လောကဓါတ်တစ်ခွင် စိမ်းစိုအေးမြနေသော်လည်း
နေ့တာတက်က စားခဲ့သောထမင်းကြမ်းသည် ပျိုးခင်းထဲက
ဒိုင်ခဲတွေလို ညက်ညက်ကြေကုန်သည်။

အပြင်မှာအေး၍ ရင်မှာပူ၏။ အလုပ်သမားတို့ထုံးစံအရ
ာပေါ်ကိုမျှော်မိသည်။ ကျေးလက်မှာက စက်နာရီတွေ မျက်နှာ
လှ။ (ALAM) နှိုးစက်ပါသည့် ကိုကြက်ဖတို့က ရှေးထုံးနှင့်
သော ကျေးလက်နာရီ။ အချိန်ချိန်မှန်မှန် တွန်ကြသည်။

တာပေါ်မှ ခင်ကလျာဘုတို့ . .အဲ ကန်တော့ ကန်တော့
ဘုတို့ ရင်စာတောင်းနှင့် ပျိုးခင်းထဲဆင်းလာသည်။

" စစ်အေးရဲ့အချစ်ကလေး . . . ရင်တုန်ဖွယ်
မှန်ရယ် အမျှော်ထောက်သူမှာ ဘဝင်ဆူ ရင်ပူ . . . "

" ဟဲ့ စစ်အေး . . . ပွစိ . . . ပွစိနဲ့ ဘာတွေရွတ်
တာလဲ "

" ဟို . . . ဟို . . . မိုးဂါထာ ရွတ်နေတာလေ
ရဲ့ "

အရီးနှာ့ ရင်စာတောင်းချခဲ့ပြီး . . . ပြန်ရန်ဟန်ပြင်
သည်။ ခင်မှန် ဘာကြောင့်မလာသည်ကို သိချင်စိတ်က လွှတ်
လွတ်ထွက်သွား၏။

" အရီး . . . ခင်မှန်ရော . . . "

ဒေါ်ဘုတိုက သူ့ကိုလှည့်ကြည့်ပြီး . . .

" နင့်ဘကြီးလား . . . ကိုင်းငှဖက်ကို ဓါတ်ဆားကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ အပြန်မှ ဝင်လာလိမ့်မယ် ”

လွဲချက်နာပုံက . . . အသည်းအက်ချင်စရာ . . . ။

သည့်တစ်ခါတော့ စစ်အေး အလွဲမခံနိုင် . . .

“ အရီး . . . ခင်မှုန် . . . ခင်မှုန်ရော . . . ”

လက်ဟန်ခြေဟန်ပြ၍ . . . အသံကုန်ဖွင့်အော်သည်။

သည့်တော့မှ သဘောပေါက်သွားကာ . . .

“ ခင်မှုန် ဒီနေ့ ကျောင်းစတက်ရတယ်လေ . . . ”

အရီးဘုတို နောက်ကျောခိုင်းသည်နှင့် စစ်အေး မနေနိုင် မထိုင်နိုင် ထအော်သည်။

“ အမလေး . . . ကိန္နရီ . . . ကိန္နရာ . . . နှစ်ပေါင်း ခုနစ်ရာ . . . ဝေးပါပေါ့ . . . ”

“ ဘာ . . . ဘာမဲ့ စစ်အေး . . . ကိန္နရီကိန္နရာ ဘာ . . . ဘာဖြစ်တယ် . . . ”

စစ်အေး ခေါင်းနပန်းကြီးစွာဖြင့် . . .

“ ဟို . . . ဟိုလေ . . . ဟို . . . တောတန်းအပေါ်က ကိန္နရီ . . . ကိန္နရာ . . . ပျံသွားတာမြင်လိုက်လို့ ”

အရီးဘုတိုနားက ခုတော့လည်း ပါးပါးလေး . . . သူတောတန်းဖက်ကို ဇဝေဇဝါ လှမ်းကြည့်ရင်း . . .

“ ကြုံကြိုးစည်ရာ စစ်အေးရယ် . . . လဒဆိုတာကမှ နီးစပ်ဦးမယ် . . . ”

ပေါက်တဲ့နဖူး မထူးတော့ပြီမို့ စစ်အေးကမှင်သေသေဖြင့်





“ ဟာ အရီးကလည်း ကျွန်တော့်မျက်စေ့နဲ့ တပ်အပ် တာ။ ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး။ ထီအောင် တွေ့လိုက်တာ။ အရီးမယုံရင် . . . သူ့ကိုမေးကြည့် ”

အလီဘိုင်ရော မွတ်တားဘိုင်ပါ ပြုလိုက်မှ အရီးဘုတို ာက်ချက်ချကာ တာပေါ်ပြန်တက်သွားသည်။

“ တို့လယ်စောင်း တောအုပ်ပေါ်က ကိန္နရီ ကိန္နရာ တက်သွားတယ်ဆိုတော့ အတိတ်ကောင်း နိမိတ်ကောင်းပဲ”

အခုတော့ အလျှောက်ကောင်း၍ အထောင်းသက်သာ သွား၏။

“ အချစ်ကလေးခင်မှုန်ရေ စစ်အေးရင်ခုန်ရပါပေါ့ ”

ဘာညာသာရကာ အာချောင်မိလျှင်တော့ ဘကြီးမွား က်ချက်နှင့် ခါးကော့မည်သာမက သူရင်းငှားရာထူးလေးပင် တ်နိုင်ကိန်းရှိချေသည်။

ထီအောင် ရင်တွန်းထိုးရင်း သူ့ဖက်ပြန်လှည့်လာသည်။

“ ထီအောင် လာဦး . . . ”

ထီအောင် ရင်တွန်းကိုရပ်ပြီး . . .

“ ဘာလဲ . . . စစ်အေး . . . မင်း . . . ရင်စာ စားပြီး ပြီလား ”

“ ဘာစားရဦးမလဲ အစောကြီးအိမ်ကထွက်လာတာ”

“ ဒါဆို အတော်ပဲ . . . ဒီမှာ ငါနဲ့ လာစားချေ ”

ထီအောင့်ကို ဖိတ်မန္တကပြုရင်း ဇလုံထဲမှထမင်းကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲကို ပန်းကန်ပြားထဲခွဲထည့်သည်။ ငါးသံချိတ်ကြော်တွေ ထီအောင့်ကို တစ်ဝက်ခွဲကျွေးသည်။ ရေနွေးကြမ်းနှစ်ခွက် ငှဲ့လိုက်ပြီး . . .

" စားကွာ ထီအောင် . . . ဒါနဲ့ စောစောက မင်းငါနဲ့ ရပ်စကားပြောနေတုန်း ဟိုတောတန်းပေါ်က ကိန္နရီ ကိန္နရာ ပျံသွားတာတွေ့လိုက်လား "

ထီအောင် စစ်အေးကို စိုးရိမ်စွာကြည့်သည်။ သူနှင့် ခပ်ခွာခွာရွှေ့ထိုင်ရင်း . . . . . .

" ပေါက်တတ်ကရကွာ . . . မတွေ့ပါဘူး "

စစ်အေးက မျက်ခုန်းနှစ်ဖက်ကျုံ့သွားပြီး . . .

" ဒီလိုကွ . . . ထီအောင်ရေ . . . "

စစ်အေးက ကိန္နရီ ကိန္နရာဇာတ်လမ်းကို ဖြစ်ကြောင်း ကုန်စင်ပြောပြသည်။

ထီအောင်က တဟားဟားအော်ရယ်ပြီး . . .

" အဲဒါကို . . .ငါက . . .လံကြုတ်ရမယ်ပေါ့"

စစ်အေးက လက်ဖျောက်တီးကာ . . .

" မှန်လိုက်လေ . . . ထီအောင်ရာ မင်း ချည်ပါသားနဲ့ ပခန်းသားအကြောင်းသိတယ်မဟုတ်လား "

" သိတာပေါ့ကွ . . . "

" ရွာထဲ ပြန်ရောက်လို့ အရီးဘုတိုနဲ့တွေ့ရင် ပိုပိုပွားပွား လေးလုပ်လိုက်။ ရွာထဲမှာ ပျံ့သွားတာနဲ့ မင်းနဲ့ငါ ချည်ပါသား





ခန်းသားထက်တော်တဲ့ ရွှေကျောင်းကုန်းသား ဖြစ်သွားပြီ "

" ကြိုက်သွားပြီဟေ့ . . . "

ထီအောင် . . . စစ်အေး လက်ဖျံကို ဆုပ်ညှစ်လိုက်သည်။ ရင်တွန်းကို ပခုံးပေါ်ထမ်းပြီး တာပေါ်တက်သွားသည်။ စစ်အေး . . . ပျိုးခင်းကို အနံ့တစ်စပ်ထွန်သည်။ ထွန်ရေးညက်ပြီး ပျိုးခင်းက တမန်းညက်ဖို့သာလိုသည်။ တမန်း ပျစ်ဖို့ ခလို။ ပျိုးခင်းထဲကမြက်တွေ ကုန်စင်အောင် လိုက်ကောက်၏။

" နှောင် . . . ဒိုင်း . . . နှောင် . . . ဒိုင်း "

ညောင်ငူကျောင်းမှ ကြေးမောင်းနှင့်စည်ရိုက်သံ ဆယ့်နှစ်ချက်တီတီ တံပိုးတုံးက နှစ်ကောင်သား နွားရှက်ထောင်လာသည်။

ထွန်တုံးကို ထမ်းပိုးပေါ်တင်ပြီး နွားနှစ်ကောင်ကို မောင်း၍ အိမ်ပြန်သည်။ စစ်အေးရောသူတို့ပါ ခြေလှမ်းသွက်နေသည်။ နွားနှစ်ကောင် ရေတိုက်ပြီး စစ်အေးထမင်းစားသည်။ ထမင်းဝိုင်းတွင် ဘကြီးပွားက သူ့ကို တအံ့တသြမေးသည်။

" မင်းပြောတာ ဟုတ်ရဲ့လား စစ်အေးရာ . . . "

" ဩော် . . . ဘကြီးပွားရယ် လူကြီးကို ကျွန်တော် လိမ်ပါ့မလား။ မိုးကြိုးပစ်ရပါစေရဲ့။ ဘကြီးပွားမယုံရင် ထီအောင့်ကိုမေးကြည့် "

" တော်တော်ဆန်းကြယ်တာပဲ . . . ငါ့လယ်စောင်းပေါ်က ပျံသွားတာဆိုတော့ ငါတို့လယ်တွေအတွက် အခါးအနံ့



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ့် အတိတ်နိမိတ်ပေါ့ကွာ ”

သည့်ခေတ်မျိုးသာဆို ကောက်လိုက်မယ့် အတိတ်စ
အောလိုက်မယ့်အမျိုး။ အာလိုက်မယ့်အမျိုး။ တစ်ရွာလုံ
ဘက်တက်ပြောင်မည့်ကိန်း။

တကယ်လည်း စစ်အေး လိမ်တာတော့မဟုတ်။ သ
ကြည့်လိုက်ချိန်တွင် တောတန်းပေါ်က ကိန္နရီ ကိန္နရာ ပျံသွာ
တာလည်းအမှန်။ သို့သော် ကိန္နရီမောင်နှံအစစ်တော့မဟုတ်
မိုးသားမိုးတိမ်တို့ ပုံရိပ်က တကယ်ပင် ကိန္နရီမောင်နှံ ပျံသွာ
သလို လေနှင့် တရွေ့ရွေ့ပါသွား၏။

စစ်အေး . . . ထမင်းစားပြီး တာပေါ်တက်လာတော
ဟိုနေရာစုစု သည်နေရာစုစုနှင့် ဦးပွားတင်လယ်စပ်က ကိန္နရီ
ကိန္နရာ ပျံသွားသည်ဟူသော သတင်းက ရွာရိုးတစ်လျှောက်
တမုဟုတ်ချင်းပျံ့နှံ့သွား၏။

ပန်းသတင်း ပန်းချင်းဆောင်၊ လူသတင်းလူချင်းဆောင်
ဆိုသည့် စကားရှိခဲ့သည်လေ။

♛ ♛ ♛





## စစ်အေး ... စာသင်ခြင်းအစ
## တို့စိန်လှ ... စက်ဘီးတ

စစ်အေးထမင်းစားပြီးသည်နှင့် ဓါးမတစ်ချောင်းခါးမှာ
ထိုးပြီး နွားနှစ်ကောင်နှင့် လယ်ထဲပြန်ဆင်းသည်။ နွားတွေကို
ပျိုးခင်းတောစပ်အထိမောင်းသည်။ လယ်စောင်းမှာ ငှက်ပျော
အရိုင်းတွေရှိသည်။ စစ်အေး . . . အရှည်ဆုံးအပင်တစ်ပင်ကို
ရွေးခုတ်သည်။ ခေါင်းပိုင်းရှိ ငှက်ပျောလက်တွေကို ခုတ်ချပြီး
ဖြောင့်စင်းသော ငှက်ပျောတုံးရသည်။

ပျိုးခင်းထဲချပြီး ငှက်ပျောတုံးပေါ် ထွန်သွားစိုက်ချသည်။
ပြီးလျှင်ကြမ်းတုံးရိုက်ရမည်။ စစ်အေး ထွန်တုံးပေါ်တက်စီးကာ
နွားနှစ်ကောင်ကို ကြိမ်တို့မောင်းနှင်သည်။

“ ဟဲ့ . . . ဟား . . . ”

ကြမ်းတုံးရိုက်သည်ဆိုခြင်းမှာ လယ်မျက်နှာပြင်ကို
ချိန်ညီမျက်နှာပြင်ဖြစ်အောင် အချောကိုင်ပွတ်တိုက်ခြင်းဖြစ်၏။
ရေစပ်ကျင်းနှင့်မို့ မညီညာသည့်နေရာကို မျက်နှာပြင်ညီအောင်
မောင်းနှင်ရသည်။ပျိုးခင်းအပေါ်ဘက်စောင်းက နည်းနည်း
မောက်သည်။ စစ်အေး ထွန်ကို ကန့်သင်းဘေးသို့ ကပ်ဆွဲသည်။

“ ဟဲ့ကောင်လေး . . . မွဲမွဲလေး . . . ရှန်းလိုက်စမ်း
ပါသား . . . ”



www.burmeseclassic.com

www.burmeseclassic.com



နွားမွဲက သည်လိုခေါ်လျှင် သိပ်သဘောကျ
ခပ်သွက်သွက်လေး ရုန်းနေသည်။

လူမှာလည်း လူ့အထာရှိသည်။ တိရစ္ဆာန်မှာ တိရ
အထာရှိသည်။ ဒါကို စစ်အေးအသိဆုံး ။ကဲ ပျိုးခင်းမျက်နှာ
ညီသွားပြီ။ မြို့က ဘိလိယက် ဆရာတွေခေါ်ပြီး စစ်အေးပျိုး
တွင် ဘိလိယက်ထိုးခိုင်းလျှင် ရသည်။ စစ်အေး ထွန်ဖြုတ်သ
ထမ်းပိုးတုံးပေါ် ထွန်တုံးခွတင်ပြီး နွားနှစ်ကောင်ကို ကြိမ်တို့
နှင့် အလိုလိုသွားပြီးသား . . . ။

" နှောင် . . . ဒိုင်း " " နှောင် . . . ဒိုင်း "

" နှောင် . . . ဒိုင်း " " နှောင် . . . ဒိုင်း "

နာရီက . . . လေးဗဟိုရ်။ စစ်အေးထွန်ဖြုတ်ချိန်
မြို့ကျောင်းလွှတ်ချိန် တည့်တည့်ကြီးတိုးသည်။ တာ
စက်ဘီးပြိုင်ပွဲ ကျင်းပနေသည့်အလား။ ဝဒယ်လေး . . .
ဟမ်းဘား . . . မာကြူလီဘီးကြီး မိန်းမစီးမျိုးစုံ။ သည်အထဲ
ဂျပန်ဖီးဆင့်နှင့် မိန်းမစီးဘီးဖြစ်သည်။ ဖက်ဖူးစိမ်း . . . ဖီး
နှင့် ခရမ်းရောင်မျိုးစုံ . . . ခပ်ထူထူ ခပ်အအဘီးတွေကြား
မောင်ဗမာက ပါးပါးလှပ်လှပ်နှင့် ဒီဇိုင်းလှသည်။

သူက တစ်လက်ကိုင်တော့ကောင်းသည်။ နှစ်ယော
စီးလျှင်တော့ အာမ,မခံ။ တစ်လောလေးက ဗလတောင့်တော
လူနှစ်ယောက်စီးလာရင်း နောက်ဘီးက မုန့်လေပွေလိုတွန့်ခေ
သွားတာမြင်ဖူးသည်။စစ်အေး မောင်ဗမာဘီးကို ကြိုက်သ





သူနှင့်ထီအောင် နွားပွဲစားတွေလို စက်ဘီးကို လှည့်ပတ်
ကြည့်သည်။ နောက်ဝင်ရိုးကို ချိတ်နှစ်ချောင်းမှာ ချိတ်ထားသည်။
ဖုံးလေးတွေက ဖောင်းဖောင်းကြွကြွနှင့် ပေါ့ပေါ့ပါးပါးရှိသည်။
က်ဘီးရှေ့မှ တံဆိပ်လေးပါသည်။ အပေါ်မှာ မြန်မာလို . . .
. စ. လ စာတန်းနှင့် အလယ်က ပင်နယ်ပုံ။ အောက်က
ဂလိပ်လိုရေးထားသည်။ သူတို့နှစ်ယောက် ဘာမှန်းမသိ။

" ထီအောင် . . . က.စ.လ အဓိပ္ပါယ် မင်းသိလား"

" မသိဘူး . . . မင်းရော . . . "

သူတို့အနားက အငှားယာဉ် (ဆိုက်ကား) ပေါ်ထိုင်နေ
ည့် ကိုကြွက်နီကို စစ်အေးလှမ်းမေး၏။

" ကိုကြွက်နီ . . . ဒီစက်ဘီးမှာ က.စ.လ လို့ ရေး
ားတာ ဘာအဓိပ္ပါယ်လဲ . . . "

ကိုကြွက်နီ လုပ်သားသတင်းစာကို ဟန်ပါပါဖတ်နေရာမှ
တို့နှစ်ယောက်ကို သနားသလိုကြည့်ရင်း . . .

"မင်းတို့ကလည်း ဒါတောင်မသိဘူးလား . . . ကိုစိန်လှ
က်ရုံကထုတ်တာလေ . . . "

သူက ခပ်တည်တည်ပင် သတင်းစာပြန်ဖတ်၏။
ကြွက်နီက ဆိုက်ကားလစ်(စ်) ဆိုတော့သူတို့နှစ်ယောက်
ကြွင်းမဲ့ယုံသည်။

သူတို့က စက်ဘီးနှင့် ပတ်သက်လျှင် ပိတောက်မြောက်
အေးကြည်စက်ဘီးဆိုင်ကလွဲ၍ ဘာမှမသိ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တွင် ကိုစိန်လှစက်ဘီးစက်ရုံ ရှိနေသည်ဆိုတော့ သူတို့အံ့သြပေမပေါ့။ ထိုအချိန်မှစ၍ စစ်အေးနှင့် ထိအောင် မောင်ဗမာဘီးကို ကိုစိန်လှစက်ဘီးဟု ခေါ်တွင်ခဲ့ကြသည်။ သူတို့ဆရာမှားခဲ့လေပြီ . . . ။

စစ်အေး . . . နွားတွေနှင့် ခြံထဲဝင်မည်ပြုစဉ် ခပ်လှမ်းလှမ်းမှ စက်ဘီးအစိမ်းလေးကို လှမ်းမြင်သည်။

" ခင်မှုန်ထင်တယ် "

နှုတ်က တိုးတိုးရေရွတ်ရင်း သူ့ခြေလှမ်းတွေ ရပ်သွားသည်။ ကျီးတွေရဲ့အလယ်က ဒေါင်းမလေးပမာ။စက်ဘီးအနက်တွေ သူ့ဘေးကဖြတ်ပြီးလိုက်လာ၏။ ခင်မှုန့်ကိုဆီးကြိုဖို့ စစ်အေး ရပ်စောင့်နေသည်။ သူ့ရှေ့နွားရောက်မှ မဖွယ်မရာအဖြစ်နှင့် ပက်ပင်းတိုးတော့သည်။

ခင်မှုန့်စက်ဘီး ကယ်ရီယာကို နောက်ကလိုက်လာသည့် အခြောက်လိုလိုကောင်က ဆောင့်ဆွဲသည်တွင် ခင်မှုန့်စက်ဘီးက ပုံပျက်ပန်းပျက်နှင့် လဲကျတော့သည်။

" ဟေး . . . မိပြီကွ . . . ငါနိုင်ပြီ . . . "

စစ်အေး ထောင်းခနဲ ဒေါသထွက်ပြီး နွားနှင့်ထွန်ကို ထားကာ ခင်မှုန့်ကို ပြေးထူလိုက်သည်။ စစ်အေး . . . ဖြူဖျော့ဖျော့ကောင်၏ အင်္ကျီစကို ဆုပ်ကိုင်လိုက်ပြီး . . .

"ဟော့ကောင် မင်းဘာလုပ်တာလဲ လူပါးဝလှချည်လား"

စစ်အေးက သူ့ကိုထိုးတော့မည် တကဲကဲ။ အခြေအနေ





ယ်ထွေးကုန်ပြီ။ ခင်မှုန် သူတို့ကြားဝင်၍ ဖျန်ဖြေရသည်။

" စစ်အေး . . . မလုပ်နဲ့ . . . ငါရှင်းပြဦးမယ် "

ကျောင်းအဆင်းလမ်းတစ်လျှောက်တွင် . . . သူတို့ ယ်ကြေး . . . စက်ဘီးပြိုင်နင်းကြသည်။ ကောင်လေးက နှင့်စက်ဘီးအရှိန်လျော့အသွား ခင်မှုန့်စက်ဘီးကို လှမ်းဆွဲပြီး တက်ဖို့ ကြိုးစားရာက ခင်မှုန့်စက်ဘီးလဲသွားခြင်း ဖြစ်၏။

" တောက် . . . တော်တော်ညစ်ပတ်တဲ့ကောင် "

ကောင်လေးက စစ်အေးကို ဘာထင်သည်မသိ။ ဘီးကို ကုတ်ကုတ်လေး . . . ဆက်နင်းသွားသည်။ စစ်အေး ထောက်ရင်း မကျေမနပ်နှင့် လှမ်းကြည့်နေသည်။ခင်မှုန်က ဘီးတစ်ဖက်နှင့် စစ်အေးလက်ကို ဆွဲလာသည်။

" ကဲပါ . . . စစ်အေးရယ် . . . နင်ကလည်းဒေါသ ပဲ . . . "

ခင်မှုန့်လက်က စစ်အေးရုန်းသည်။ နွားကြိုးကိုဆွဲယူ ပြီး . . .

" နင်လည်း . . . သတိထားနေ . . . "

" ဟဲ့နွား . . . သွားစမ်း . . . "

နွားနှစ်ကောင်ကို အသားလွတ်ကြိမ်နှင့် ရိုက်သည်။ န် မျက်နှာကြီးရှုပတ်ကာ စစ်အေးနောက်မှ စက်ဘီးတွန်း၍ ဝင်လာသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## ခင်မှုန့်တပည့်လေး . . . မောင်စစ်အေး

အင်္ဂလိပ်စာမတတ်လျှင် . . . ကမ္ဘာကြီးအကြောင်း မသိနိုင်။ ကိုစိန်လှစက်ဘီးက . . . အင်္ဂလိပ်စာကို အဓိပ္ပါယ် မသိရ၍ စစ်အေးမကျေနပ် . . . ။ အင်္ဂလိပ်စာသင်လိုသည် ချင်ခြင်းက ပြင်းပျနေသည်။ ခင်မှုန့်ကို အပူကပ်ရမည်။

စစ်အေးထမင်းစားပြီး ခင်မှုန့်ကို တိုးတိုးကပ်ပြောသည်။

" ခင်မှုန် . . . နင့်ကိုပြောစရာရှိလို့ . . . ပြီးရင် တင်းကုပ်ထဲ ခဏလာခဲ့နော် "

ခင်မှုန့်ရင်ထဲ ဒိန်းတပ်တပ်။ ခင်မှုန် . . . မျက်လုံးလေး ကလယ်ကလယ်နှင့်- စဉ်းစားသည်။

" ဟဲ့ကောင် . . . ပြောစရာရှိရင် ဒီမှာပြောလေ "

" ငါမပြောရဲဘူးဟ ရှက်တယ် . . . "

စစ်အေး . . . လက်ဆေးပြီး လက်ပင်မသုတ်တော့ဘဲ တင်းကုပ်ထဲဆင်းသွားသည်။ ဒီအရွယ်ကြီးရောက်မှ အင်္ဂလိပ်စာ ကကြီး ခကွေး သင်ပေးဖို့ပြောရမှာ အဟုတ်ကို ရှက်နေသည်။

စစ်အေး . . . တင်းကုပ်အပေါ် နင်းကြမ်းတွင်တင်ထား သောထမင်းစားပွဲအစုတ်ကြီးကိုချ . . . အဝတ်စုတ်နှင့်သုတ် အလုပ်ရှုပ်နေသည်။





ဘကြီးပွား ရက်စွဲမှတ်လေ့ရှိသော လက်တစ်ဆစ်ခန့် မြေဖြူပိုင်းလေးကို ဒေါင်းတောက်အောင်ရှာသည်။ ထုတ်တန်း ပေါ်လက်နှင့်လျှောက်စမ်းသည်။ ဟောတွေ့ပြီ။ စစ်အေးရင်ထဲ ပျော်သွားသည်။

စစ်အေးစကားအသွားအလာက တစ်မျိုးကြီး။ ခင်မှုန် တင်းကုပ်ထဲ သွားရကောင်းနိုးနိုး ချီတုံချချ ဖြစ်နေစဉ် . . .

" ခင်မှုန် . . . စစ်အေးကိုသွားပြောစမ်း မျိုးစပါးတွေ ရေစိမ်ထားတာ ငှက်ပျောဖက်ခင်းပြီး ဖြန့်ထားချေလို့ "

ကဲ . . . မသွားချင် သွားချင်သွားရတော့မည်။

" ဒိန်းတပ်တပ် . . .ဒိန်းတပ်တပ် . . .ဒိန်းတပ်တပ် "

" စစ်အေး "

" အမယ်လေးဗျာ "

စစ်အေး . . . စားပွဲခုံပိုင်းကြီးရှေ့မှာ ငုတ်တုတ်ထိုင် နေရာက လန့်အော်သည်။

" အောင်မယ် . . . သူကပဲ လန့်ရတယ်ရှိသေး "

စစ်အေးက ခင်မှုန့်ကိုပျာပျာသလဲ ခရီးဦးကြိုပြုသည်။

" လာ . . . ဆရာမ . . . လာ . . . လာ . . . "

" ဘာလဲဟ . . .စစ်အေး . . .ကြောင်တောင်တောင်နဲ့ "

တကယ်ပင် စစ်အေးကို သူနားမလည်။ စစ်အေး လက်ဝါးလေးကာပြီး ခင်မှုန်နား,နား တိုးတိုးကပ်ပြော၏။

" ခင်မှုန် . . . ငါ့ကို အင်္ဂလိပ်စာသင်ပေးပါဟယ် "



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန် သူ့ကို ကရုဏာသက်သည်။

" သင်ပေးတာက ဟုတ်ပါပြီ . . . ဘယ်မှာလဲစာအုပ်
ဘယ်မှာလဲ ကျောက်သင်ပုန်း . . . "

စစ်အေး ထမင်းစားပွဲအစုတ်ကြီးကိုထောင်ကာ . . .

" ဒီမှာ ကျောက်သင်ပုန်း . . . ဒီမှာက မြေဖြူ "

သင်ပုန်းနှင့်မြေဖြူက အဆင်ပြေပြီ . . . ဗလာစာအုပ်
စစ်အေး အကြံပေါ်လာသည်။ သူ့အစ်ကိုဝမ်းကွဲ ကိုအုန်းမြင့်က
သ/မဝန်ထမ်းလုပ်သည်။ သူ့တွင်အသုံးမလိုတော့သည့် တစ်ဖက်
လွတ်သည့် စာရွက်တွေမှ အများကြီး . . . အားလုံးပြည့်စုံသွားပြီ
သင်ပေးမည့်ဆရာမနှင့်သင်ယူမည့်တပည့်လည်းရှိသည်။ စစ်အေး
၏တင်းကုပ်ကျောင်းမှာ အင်္ဂလိပ်စာရွတ်ဆိုသံ ထွက်လာ၏

" နင် ပထမဆုံး သတိထားရမှာက အင်္ဂလိပ်စာမှ
ဗျည်း . . . နှစ်ဆယ့်ခြောက်လုံးရှိတယ်။ ခင်မှုန် မြေဖြူနှ
ကျောက်သင်ပုန်းပိုင်းပေါ်တွင် ရေးပြ၏။

ဗျည်း . . . ၂၆ လုံး။

" ဗျည်း . . . နှစ်ဆယ့်ခြောက်လုံးပါဆရာမ . . . "

ခင်မှုန်က . . . မျက်နှာတည်တည်ဖြင့် . . .

" စစ်အေး . . . မနောက်နဲ့။ အဲဒါဆို ငါမသင်တော့ဘူး"

" နောက်တာမဟုတ်ဘူး။ မသင်ပဲတော့မနေပါနဲ့ဟယ်
နင်မကြိုက်ရင် . . . ငါ မပြောတော့ဘူး . . . "

စစ်အေးပုံစံက နောက်သည့်ပုံစံတော့မဟုတ်။ တလေ





စားသင်ယူနေခြင်းဖြစ်၏။

" ဗျည်းနှစ်ဆယ့်ခြောက်လုံးနဲ့ "သရ"က ငါးလုံး
ရှိတယ် . . . "

ခင်မှုန်ပါးစပ်က ပြောရင်းသင်ပုန်းပေါ်တွင် မြေဖြူနှင့်
ရေးသည်။

ဗျည်း ၂၆ လုံး + သရ ၅ လုံး . . .

" အင်္ဂလိပ်စာမှာ တို့မြန်မာစာလိုပဲ ဗျည်းနဲ့သရပေါင်း
မှ အသံထွက်လို့ရတယ် "

စစ်အေး . . . ခင်မှုန်ပြောသမျှ မျက်တောင်မခတ်ဘဲ
မှိတ်မသုန် နားထောင်သည်။

" ယောက်ျားနဲ့မိန်းမပေါင်းမှ လူ့ဘဝပြည့်စုံသလိုမျိုး
ပေါ့နော် . . . "

" ဟဲ့ကောင် . . . ဖောက်မလာနဲ့နော် . . . စာသင်တာ
ချက်ချင်းရပ်လိုက်မယ် "

" အလကားနောက်တာပါဟယ် . . . ဆက်ပြောပါဦး"

" သရငါးလုံးက အေ . . . အီး . . . အိုင် . . . အို
ယူ . . . လိုက်ဆိုကြည့်စမ်း . . . "

စစ်အေးက ဘိုသံပေါက်အောင် ရောချသည်။

" အေကြီး . . . အိုင်ကိုယူ "

ခင်မှုန် . . . စိတ်ရှည်လက်ရှည် ဆိုပြသည်။

" နင်ဆိုတာမှားတယ် သေသေချာချာနားထောင် အေ



www.burmeseclassic.com

www.burmeseclassic.com



အီး . . . အိုင် . . . အို . . . ယူ ''

စစ်အေး . . . နှုတ်မှ . . . တဖွဖွရွတ်ဆိုသည်။

'' ကဲ . . . ဒီနေ့အတွက် . . . ဗျည်းငါးလုံးရေးပေးခဲ့မယ် . . . အဲဒါကို နေ့တိုင်း ကျက်လည်းကျက် ရေးလည်းရေး သိလား . . . ''

ခင်မှုန် မြေဖြူနှင့်ရေးပြသည်။

A.B. C .D.E. a.b.c. d. e.

ခင်မှုန် ဆင်းသွားတာကြာပြီ။ ဒေါ်ဘုတို စိတ်မချ . . . ဒီးတိုင်ကြီးကိုကိုင်ပြီး အိမ်ပေါ်က ဆင်းလာသည်။ ဒေါ်ဘုတို ဘင်းကုပ်နား ချွတ်နင်းလာ၏။ အထဲမှာ အင်္ဂလိပ်စာဆိုသံကြားရသည်။ သည့်တော့မှ ချောင်းဟန့်ပြီး တင်းကုပ်ထဲဝင်လာသည်။

'' အဟမ်း . . . ဟမ်း . . . ဩော် . . . အင်္ဂလိပ်စာသင်နေတာကိုး . . . ကောင်းတယ် . . . ကောင်းတယ် . . . ''

ဒေါ်ဘုတို တင်းကုတ်အပြင်ပြန်ထွက်သွားပြီး . . . ခင်မှုန်ကို လှမ်းခေါ်သည်။

'' သမီးရေ . . . အမေအိမ်သာတက်မလို့ ခဏလိုက်ဦး . . . ''


'' ဟုတ်ကဲ့ . . . မင်္ဂလာပါ . . . ဆရာမ . . . ''

ခင်မှုန် ဘာမှမပြောပဲ စစ်အေးနဖူးကို ခေါက်လိုက်သည်။

'' ဂေါက် ''

ဒေါ်ဘုတို မီးတိုင်ကြီးနှင့် ရှေ့ကသွား၍ ခင်မှုန် နောက်








www.burmeseclassic.com

www.burmeseclassic.com



ကလိုက်သည်။ မီးတိုင်ကို အိမ်သာရှေ့မြေကွက်လပ်တွင်ချထား ပြီး ဒေါ်ဘုတ်ို အလုပ်စသည်။

" ဗျီး . . . ဗျစ် . . . ဗျစ် . . . ဗျစ် . . . "

ရွာတွေမှာက အိမ်နှင့်အိမ်သာကို ခပ်လှမ်းလှမ်းမှာ ဆောက်လေ့ရှိသည်။ မြို့ပေါ်မှာတော့ အိမ်နှင့်အိမ်သာခွဲခြား၍ မရ။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလှ၏။

" အီး . . . အီး "

ဒေါ်ဘုတ်ို အိမ်သာတက်ရင်း ခင်မှုန့်ကိုလှမ်းစကားပြောသည်။

" ခင်မှုန် "

" ရှင် . . . အမေ . . . "

" ညည်း . . . စာသင်တာလည်း သင်ပေါ့အေ. . . စစ်အေးနဲ့ ပူးပူးကပ်ကပ် အရောတဝင်မနေသင့်တော့ဘူး သမီးရဲ့ . . . နင်တို့အရွယ်တွေက ငယ်တော့တာ မဟုတ်ဘူး အပျိုလူပျိုတွေဖြစ်နေပြီ . . . မသင့်တော်ဘူး . . . အနေအထိုင် ဆင်ခြင် . . . ကြားလား "

အမေ့စကားကို ခင်မှုန်သိပ်မကြိုက်လှ. . .ချုပ်ချယ်တာ . . . တင်းကြပ်တာမျိုးကို ခင်မှုန်စိတ်အပျက်ဆုံး။ အမေ့ စိတ်ကျေနပ်အောင်တော့ အင်း . . . လိုက်သည်။

" အင်းပါ . . . အမေရဲ့ "

" ဗျစ် . . . ပျစ် . . . ပျစ် . . . ဗျီး "

♛ ♛ ♛





## ဆရာကောင်းတပည့် . . . ပန်းကောင်းပန်

မိုးသည်းသည်းနှင့် ပျိုးကြဲတော့မည်။ စစ်အေး ပခုံးပေါ် မျိုးစေ့အိတ်ကိုချသည်။ စစ်အေး ထယ်ရေး ထွန်ရေး မ်းသော်လည်း . . . ပျိုးကြဲခြင်းအတတ်ကို မကျွမ်းကျင်သေး။

ပျိုးကြဲတာများ . . . ဘာခက်တာမှတ်လို့ . . . လက်နဲ့ ပ်ပြီး ပက်လိုက်ရုံပေါ့။ ဒီလိုမထင်ပါနှင့်။ မနှစ်က စစ်အေး သောပျိုးခင်း။ ဆံပင်ကျွတ်သည့် တရုတ်အဘိုးကြီး ခေါင်းလို နေရာတစ်ကွက် . . . ဒီနေရာတစ်ကွက်နှင့် ကျိုးတိုးကျဲတဲ ပေါက်လာသည်။ ပေါက်သည့်နေရာတွင် စုပြုံ ကျပ်ခဲနေပြီး သည့်နေရာကျတော့ တောင်တစ်ပင် မြောက်တစ်ပင်။

သည်ကတည်းက ပျိုးကြဲလျှင် ဘကြီးပွားကိုယ်တိုင် သည်။ ဘကြီးပွား အစို့ပြုစမျိုးစပါးကို ခွဲတောင်းထဲ က်ထည့်သည်။ သေချာလွှန်းသည့် ရွှေဝါထွန်း . . . ။

ဘကြီးပွား ဘယ်လက်ဖြင့် တောင်းကိုယူမွေ့လိုက်သည်။

" စစ်အေး . . . ဒီမှာ . . . ငါကြဲတာကို သေချာကြည့်ထား "

" ဟုတ် . . . ဟုတ်ကဲ့ "

စစ်အေး အသံနှင့်အတူ အနားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

" ဘယ်ဖက်ကတစ်ဆုပ်ကြဲ ညာဖက်ကတစ်လှည့် ဝင်ဟော့ . . . "

ဦးပွားတင် . . . ဖျိုးပက်ရင်း ပါးစပ်က သုံးကြိမ်တိ ရွတ်ဆိုသည်။ စစ်အေးကြောင်သွားသည်။ဘာတွေပါလိမ့် . .

" ဘကြီးပွား . . . ဘာတွေဆိုနေတာလဲ . . . . "

" ဈေးဒီပါ လက်ယာတောင်ကျွန်း . . . နိမိတ်ထွ သတဲ့ကွ . . . တို့လယ်စောင်းက . . . ကိန္နရီမောင်နှံပျံသွားတ မင်းအမြင် မဟုတ်လား . . . အဲဒါ ကောင်းတဲ့နိမိတ်ပဲကွ

စစ်အေး ကုန်းအဆင်း မသိမသာတွန်းပို့သည်။

" ဟုတ်တယ်နော် . . . ဘကြီး။ ဒီနှစ်က ထူးခြားမ နှစ်ပဲ . . . "

စစ်အေးအတွန်းမှာ သူက ပိုလိမ့်တော့၏။

" ဒါတင်ဘယ်ကမလဲ . . . ညညဆိုငါတို့လယ်စော တောတန်းအပေါ်မှာ အရောင်တွေထွက်နေတာ တွေ့လိုက်ေ တယ်ကွ "

ဟုတ်တော့ ဟုတ်နေပါပြီ။

" ဘယ်တုန်းက . . . တွေ့တာလဲ ဘကြီး . . .

" မင်း . . . အမှိုက်ချတဲ့ရက်ကလေ . . . "

" အိုအို . . . "

ထူးသယောင် ဆန်းသယောင် စစ်အေးဟန်ဆော သည်။ ထိုရက်က သူတို့ လယ်အောက်ဖက်ရိုးထဲမှာ ရိုးပြတ်ေ





ရှို့တာကိုများ . . . သူ့လယ်စောင်းက အရောင်ထွက်သတဲ့ ကြီးပွားတို့ လုပ်ချလိုက်ပြန်ပြီ . . . ။

ဘာပဲပြောပြော ဖျိုးကြဲတဲ့နေရာမှာတော့ ဘကြီးပွားက ရာကျသည်။ စပါးကို လက်နှင့်ဆုပ်သည်။ လက်ကို က်ဖက်သို့ခွဲယူသည်။ ရှေ့ဖက်ကို ဝှေ့ကာဝိုက်ကာ လွှဲလိုက် လက်ထဲကစပါးစေ့များကို ဖြေလွှတ်ပေးသည်။

" ဖရော . . . ဖရော . . . "

ရေစပ်စပ်ထဲသို့ စပါးစေ့များ . . . အစီအရီပြန့်ကျဲသွား ည်။ တော်လိုက်သည့်ဘကြီးပွား . . . စပါးစေ့တွေ တစ်စေ့ င်း စီချထားသလို မြေပေါ်သို့ ညီညာစွာကျသည်။

" ဘကြီးပွား . . . ကျွန်တော် ကြဲဦးမယ်လေ . . . "

ဘကြီးပွားက . . . ရွံ့တွန့်တွန့်။ စစ်အေး ဘကြီးပွား ာင်းထဲက စပါးတစ်ဆုပ် နှိုက်ယူ . . . ချိန်ဆနေသလို။ ကလည်း ဘကြီးပွားဟန်အတိုင်း လက်ကိုလွှဲပြီး ကြဲသည်။ ဆိုးကြီးမဟုတ်။

" မျိုးကြဲတာ . . . အချိန်အဆပဲကွ။ မင်း လက်ဆစ်ကို ဆတ်ဆတ် လွှပ်ရှားပေးရုံပဲ . . . "

နောက်တစ်ဆုပ် . . . သိပ်မဆိုး . . . တစ်ဆုပ်တစ်ဆုပ် ဘကြီးပွားလက်ထဲကတောင်း စစ်အေးဆီရောက်လာသည်။

စစ်အေး ဖျိုးကြဲခြင်း စာမေးပွဲအောင်ပြီ . . . ။

ဘကြီးပွား . . . လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မျိုးစပါးတောင်းကို စစ်အေးထံလွှဲပြောင်းသည်။

" ခြေလှမ်းမှန်မှန်နဲ့ နောက်ကိုတစ်လှမ်းချင်းဆုတ်... လက်က စောစောကလို ဆတ်ထုတ် အဲဒါဆိုကြဲလို့ရသွားပြီ..."

ဘကြီးပွား ... သူ့ကို မျက်နှာလွှဲခဲ့သည်။ တာပေါ်... တက်ခါနီး လယ်စောင်းခြုံစပ်မှာ ပုဆိုးမပြီး ငုတ်တုတ်လေး... အပေါ့သွားနေသည်။

" ဘကြီးပွား အဲဒီခြုံထဲမှာ မြွေတွင်းရှိတယ် "

ဦးပွားတင် ငေါက်ခနဲထပြီး ... ရှုးတန်းလန်းနှ... တာပေါ်တက်ပြေးတော့သည်။

" အဟတ် ... ဟတ် ... ဟား ... ဟားဟား..."

စစ်အေး သဘောကျစွာ ... ရယ်ကျန်ခဲ့သည်။

× × × × ×

" အစ်ကိုလေး ... အုန်းမြင့် "

အစ်ကိုလေးအုန်းမြင့် ... ကိုစိန်လှဘီး ကယ်ရီယာတွင်... သ/မ စာအုပ်တွေညှပ်ပြီး စက်ဘီးဒေါက်ကိုဖြုတ်၏။

" ဘာလဲကွ ... စစ်အေး ... "

စစ်အေးက ပြောရမှာ ရှက်သလိုလို ရွံ့သလိုလို ...

" ဟို ... ကျွန်တော် ... အင်္ဂလိပ်စာရေးချင်လို့... အစ်ကိုလေး မသုံးတဲ့စာရွက်တွေ ကျွန်တော့်ကို ပေးပါလား"





" ဟော ... မင်းက ... အင်္ဂလိပ်စာရေးမလို့ "

ကိုအုန်းမြင့် စစ်အေးကို အံ့ဩနေသည်။ ဒီကောင့်ကို တော့ လျှော့မတွက်။ စစ်အေးမှာ ရှုပ်ရှုပ်ချုံချုံ လုပ်တတ်သည့် စိတ်ဓါတ်ရှိသည်။

" ဟာ ... မင်းကလည်း ... ငါအပြင်သွားတော့ မလို့ မင်းမမကြီးဆီက တောင်းလိုက်။ ခဲတံလိုရင်လည်း မင်းတူ မောင်မောင်ကြည်ဆီက ယူသွားကွာ ... "

အစ်ကိုလေး ... အိမ်ပေါ်ကို လှမ်းအော်သည်။

" မရင်ရွှေရေ နင့်မောင်ကို မသုံးတဲ့စာရွက်တွေနဲ့ ခဲတံတစ်ချောင်းလောက် ပေးလိုက်စမ်းပါ ... "

အစ်ကိုလေး ... ကိုစိန်လှကို နင်း၍ထွက်သွားသည်။ စစ်အေး ... စာရွက်နှင့်ခဲတံအလှူခံပြီး တာပေါ်တက်၍ လမ်းတစ်ဖက်ကူးသည်။ ဘကြီးဝက်ကြီးအိမ်ပေါ်လှမ်းအတက် အမေကြီး ... ကျင်နုက ... ။

" လူလေး နင်လာတာနဲ့အတော်ပဲ ... အမေကြီးကို နင်းပေးစမ်း ... "

ဒေါ်ကျင်နုက ... စစ်အေးကိုချစ်သည်။ ဘယ်တော့မှ နာမည်ကိုမခေါ် ... ကြားသည့်အတိုင်းပင်။

" လူလေး နင့်လက်ထဲက စာရွက်တွေဘာလုပ်ဖို့လဲ" အမေကြီးကို အမှန်အတိုင်းဖွင့်ပြောသည်။

" ဘကြီးပွားသမီး ... ခင်မူနှစ်ဆီမှာသင်တာ "



www.burmeseclassic.com

www.burmeseclassic.com



“ အေး . . . အေး . . . လူလေး ကြိုးစား ကြိုးစား

“ လူလေး . . . အဲပေါ်နည်းနည်းရွှေ့ အေး . . . ဟုတ်တယ် အဲဒီနေရာ . . . ကျွတ် . . . ကျွတ် . . . ကျွတ်

စစ်အေးတွင် အမေတစ်ယောက်တည်းမဟုတ်။ သူ့ ချစ်ခင်သောအမေပေါင်းများစွာရှိသည်။ ယုတ်စွအဆုံး . . လမ်းဘေးအိပ်နေသော ခွေးပင် သူ့ကိုခင်၏။

“ အပူလေး . . . တစ်ချက် . . . နှစ်ချက်ထုတ်ပြီး တော်ပြီ လူလေး . . . အေး . . . အေး . . . ဟုတ်တယ် အဲဒီအကြော . . . ”

စစ်အေး . . . ပေါင်းတွင်းကြောကို ခြေနှင့်နင်း ငြိမ်သက်နေရ၏။ တော်တော်ကြာမှ ပေါင်ပေါ်ကဆင်းသည်

“ အား . . . အား ခြေထောက်တစ်ချောင်းထဲ မီးစနဲ့ထိုးလိုက်သလိုပဲ အပူထွက်သွားတာ . . . လူလေး အပူထုတ်ကောင်း . . . ဟဲ့ ”

အမေကြီး . . . ထိုင်နေရာက ခြေရင်းအိမ်ကို လှမ်း သည်။

“ ပိန်မရေ . . . လူလေးကို မုန့်ဖက်ထုပ် နှစ်ထုပ် လိုက်ပါဟေ့ . . . ငါ ပိုက်ဆံပေးမယ် ”

အဲသည်တုန်းက . . . ငှက်ပျောသီးမုန့်ဖက်ထုပ်တစ်ထုပ် လျှင် ဆယ်ပြားသာပေးရသည်။ စစ်အေး . . . အမေကြီး နှုတ်ဆက်သည်။ အရီးပိန်မထံမှ ငှက်ပျောသီးမုန့်ဖက်ထုပ်ယူ





သူ့စံမြန်းရာသို့ ပြန်လာခဲ့၏။

စစ်အေး . . . တင်းကုပ်ထဲတွင် မုန့်စားလိုက် စာရေး လိုက် . . . လုပ်နေသည်။

“ အေ . . . ”

စစ်အေး ခင်မှုန်ရေးပြသည့်များအတိုင်း တသွေမတိမ်း လိုက်ရေးသည်။ မြန်မာ၊အင်္ဂလိပ်၊တရုတ်၊ကိုရီးယား မည်သည့် စာဖြစ်စေ စနစ်တကျ ရေးနည်းမှန်ဖို့ လိုသည်။ တရုတ်စာ ကောင်းဆိုးသေး . . .အဝင်၊အထွက်၊ အသတ်၊အဆွဲ၊အဝိုက် ရေးသားပုံကိုလိုက်၍ အဓိပ္ပါယ်ကွဲလွဲမှု ရှိ၏။

ခင်မှုန် . . . မြို့ကျောင်းမှာ ငါးတန်းစတက်သည်နှင့် အင်္ဂလိပ်စာသင်ရသည်။

“ စပဲ(လ်) . . . အဂိန်း . . . ”

ကျောင်းသားတွေ . . . သံပြိုင်ဆိုကြသည်။ သူတို့ ချောင်းချင်း မျက်နှာတွေမှာ တံတွေးစက်တွေ စင်ကုန်၏။

“ အေ . . . ဘီစီဒီ . . . အီး . . . အက်ဖ်တ် ”

ဆရာမ . . . စားပွဲကို ကြိမ်နှင့်ရိုက်တော့မှ ရပ်သွား သည်။

“ ဖျန်း . . . ဖျန်း . . . ဖျန်း ”

“ဆရာမပြောတာကို သေသေချာချာနားထောင်ကြ”

“ အေ ဆိုတဲ့ စာလုံးကို အေလို့ ပီပီသသမဆိုရဘူး ဆရာမဆိုပြတာကို သေချာကြည့် . . . အယ် . . . အယ်



www.burmeseclassic.com

www.burmeseclassic.com



အယ် . . . ဘွတ်(ခ်) . . . ”

“ သူ့ကို အာမထိ လျှာမထိ ဆိုရတယ် . . . ကဲ. . လိုက်ဆိုကြစမ်း . . . အယ် . . . ”

ကျောင်းသားများ သံပြိုင်ညီညာ ရွတ်ဆိုကြ၏။

“ အယ် . . . ” “ အယ် ” “ အယ် ”

ဆရာမ . . . ဆက်သင်သည်။

“ စောစောက အက်(ဖ်)ဆိုတဲ့စာလုံးကို ဆိုတဲ့အခါမှာ မင်းတို့အပေါ်သွားနဲ့ အောက်နှုတ်ခမ်းကို မသိမသာထိပြီး လျှာနဲ့ ထိန်းဆိုရတယ်။ သွား၊ နှုတ်ခမ်း၊ လျှာ သုံးခုညီမှ အက်(ဖ်) အသံထွက်မှန်တယ်။ မင်းတို့အားလုံး ဆိုကြည့်ကြစမ်း . . . ”

“ သွား . . . နှုတ်ခမ်း . . . လျှာ . . . ”

“ သွား . . . နှုတ်ခမ်း . . . လျှာ . . . ”

ဆရာမ မပြုံးဘဲ . . . ဝါးလုံးကွဲရယ်ချလိုက်တော့၏။

“ ဟား . . . ဟား . . . ဟား . . . ဟား . . . ငါ့ တပည့်တွေတော်တယ်ဟေ့ . . . ဟား . . . ဟား . . . ”

“ အဲဒါက မင်းတို့ကို ဆိုနည်းသိဖို့ပြောပြတာ . . . ဆိုရမှာက . . . အက်(ဖ်) . . . ဆရာမပါးစပ်ကို သေချာကြည့်ပြီး လိုက်ဆို . . .

“ အက် . . . (ဖ်) ” “ အက်(ဖ်) ”

ဆရာမသင်ကြားသည်ကို အားလုံးက စိတ်ဝင်တစား လိုက်ဆိုကြသည်။ နောက်ဆုံးတန်းမှ ပေတူးနှင့်စိုးကြီးတို့ စာမဆို





နိုင်ဖြစ်နေကြသည်။ ဆရာမ ကြိမ်လုံးနှင့်စားပွဲကိုခပ်ပြင်းပြင်း ချလိုက်သည်။

“ ဖျန်း . . . ဖျန်း . . . ဖျန်း . . . ”

အားလုံးငြိမ်ကျသွားသည်။ သူတို့နှစ်ယောက် ကိုယ်ရှိန် သတ်။

“ ဟိုနောက်က နွား . . . နွားထီးနှစ်ကောင် ရှေ့ထွက် ခဲ့ . . . ”

သူတို့နှစ်ယောက် လက်ပိုက်ပြီး ဆရာမရှေ့မှာလာရပ်သည်။

“ ကဲ . . . ပြောစမ်း ဘာဖြစ်ကြတာလဲ . . . ဆရာမ တော့ သင်လိုက်ရတာ . . . လည်ချောင်းကို အက်လို့ ”

စိုးကြီးက ပေတူးကို လက်ညှိုးထိုးပြီး . . .

“ ကျော် ရှာဆိုနေတာကို သူလာတာ ဆာမ . . .”

“ ဟုတ်လား . . . ပေတူး . . . ”

ပေတူးကငြင်းသည်။

“ မဟုတ်ဘူး . . . ဆရာမ . . . သူ ကျွန်တော့်မျက်နှာ တဲတွေးနဲ့ အရင်လာထွေးတာ . . . ”

ဆရာမက . . . စိုးကြီးကို သေချာအော်မေးသည်။

“ ဟုတ်လား . . . စိုးကြီး . . . ”

“ မထွေးဘူး ဆာမ . . . ကျော့်ဟာကျော် ရှာဆိုတာ”

“ ကဲ . . . ဆိုစမ်းပါဦး မောင်စိုးကြီး . . . ”

စိုးကြီးက ဆရာမသင်သလို ဒွာန်ကရိုဏ်းကျကျ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်သည်။

" အက် . . . ဖွတ် . . . ရွှတ် "

စိုးကြီး . . . သွားကျိုး အပေါက်မှ လေနှင့်အတူ တံတွေးစက်တွေ ဆရာမမျက်နှာကို စင်ကုန်၏။ဆရာမ ငိုရမလို ရယ်ရမလိုဖြစ်ကာ လက်ကိုင်ပုဝါနှင့် မျက်နှာကိုသုတ်၏။

" သူက မင်းကို တမင်တကာ လုပ်တာမဟုတ်ဘူး။ မကျေနပ်ရင် ဆရာမကိုလာတိုင်ရမယ် . . . ရန်ဖြစ်တဲ့အတွက် ဒဏ်ပေးရမယ် "

ဆရာမ . . . သူတို့ကို နားရွက်ဆွဲပြီး ထိုင်ထလုပ်ခိုင်းသည်။ နောင်တွင် . . . ဆရာမက . . . စိုးကြီးကို ဘယ်သော အခါမှ စာဆိုခိုင်းမည် မဟုတ်တော့ပါ။

ဆရာ ဆရာမများက တပည့်တွေအပေါ် စေတနာ အပြည့်အဝနှင့် ရင်နှစ်ခြမ်းဖျန်းဖျန်းကွဲအောင် သင်သည်။ ဒါနှင့် အားမရသေးလျှင် တပည့်တွေကို တောင်းတောင်းပန်ပန်နှင့် အိမ်မှာ အချိန်ပိုသင်ပေးသေးသည်။

သည့်ခေတ်လို(WINSDOM LAND)တွေ ပညာရေး ဝန်ဆောင်မှုတွေမရှိ။ ကိုယ့်အားကိုယ်ကိုး၍ သင်ယူကြရ၏။

ခင်မှုန်သည် ဆရာကောင်းတွေနှင့် သင်ခဲ့ရသော နေရှင်နယ်ကျောင်းသူမို့။ သူ၏လက်ရင်းတပည့်ဖြစ်သော စစ်အေးလည်း။ ဆရာကောင်းတပည့် ပန်းကောင်းပန်ခဲ့လေ၏။

♛ ♛ ♛





## ဆရာထက် တပည့် . . . လက်စောင်းထက်

" တင်းတောင် . . . တင်းတောင် . . . တင်းတောင်"

အိမ်ရှေ့ဆင်ဝင်အောက်မှ စက်ဘီးဘဲ(လ်)သံကြားရသည်။ စစ်အေး . . . စာရေးရင်း . . . စာရွက်ကိုကိုင်၍ အားရဝမ်းသာပြေးထွက်လာသည်။ ခင်မှုန် . . . စက်ဘီးထောက် ထောက်လိုက်ပြီး။ စစ်အေးလက်ထဲက စာရွက်ကိုလှမ်းယူသည်။ ခင်မှုန် . . . စိုအိနက်မှောင်နေသော မျက်နက်အစုံကို ထောင့်ကပ်ပြီး . . .

" ဒါ . . . နင်ရေးတာလား . . . "

" ငါမရေးလို့ ဘယ်သူရေးမှာလဲ . . . "

ပီတိမျက်ဝန်း ရွှန်းစိုစွာဖြင့် . . .

" ငါ . . . ငါးတန်းစတက်တဲ့နှစ်ကတောင် . . . ဒီလောက်လှအောင် မရေးနိုင်ဘူး . . . ဟဲ့ . . . ဒီမျှားတွေ လျှောက်မထည့်နဲ့လေ။ နင့်ကို ရေးနည်းသိအောင် ရေးပြတာ"

" အဟီး . . . ငါလည်းမေ့ပြီးရေးမိတာ . . . "

ခင်မှုန် လွယ်အိတ်ထဲက "ရှင်ရှင်" ဖိးပြားထုပ်ကို ထုတ်ယူပြီး . . . စာရွက်နှင့်အတူ . . . ပြန်ပေးသည်။ စစ်အေး ဖိးပြားကို ဆတ်ခနဲ ထက်ပိုင်းချိုးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . နင် တစ်ပိုင်းစား . . . "

"ငါ့မှာ တစ်ခုရှိတယ် . . . အဲဒါ . . . နင့်ကို . . . ဆုချတာ . . . နင်စားလိုက် "

တစ်နေ့လျှင် . . . အင်္ဂလိပ်စာ ငါးလုံးကို . . . စစ်အေး ညက်ညက်ကြေအောင် ဝါးနိုင်ခဲ့သည်။

စစ်အေးမှာ . . . မည်သူမှ မသိသည့် စာကြည့်တိုက် တစ်ခုရှိသည်။ တာအရှေ့ခြမ်းက ဘကြီးကျောင်ကွန်း ကုန်စုံဆိုင် ခြံထဲက လဲကျနေသည့်ငှက်ပျောရွက်တွေကို စစ်အေး . . . သပ်ချနေသည်။ အရီးပိန့်မ သွားရောင်းမလို့လား မသိ . . .

ငှက်ပျောဖက် အလိပ်လေးကိုကိုင်ပြီး ဘကြီးကျောင်ကွန်း ဆိုင်ကိုသွားသည်။ ငှက်ပျောဖက်တွေချပြီး ကုန်ထုတ်ဖို့ထားသည့် စာအုပ်ပုံနားအသာကပ်ထိုင်သည်။ ဈေးဝယ်သူကျနေချိန် လက်မလည်။ စစ်အေး . . . စာအုပ်ပုံကိုမွှေသည်။ သတင်းစာ ရွှေသွေး၊ မေဒင်နှင့်မဂ္ဂဇင်းအဟောင်းများ၊ စစ်အေးလက်ညှောင်းကာ စိတ်ပျက်လာသည်။ အောက်ဆုံးမှာပြားနေသည့် စာအုပ် ပါးပါးလေးတစ်အုပ်ကို ဆွဲအထုတ် . . . ။

"ကောင်လေး . . . မင်းဘာယူမှာလဲ . . . "

ဘကြီးကျောင်ကွန်း မျက်မှောင်ကုတ်ပြီး လှမ်းမေးသည်။ စစ်အေး ဘာပြန်ပြောရမှန်းမသိ။ စာအုပ်ကိုငုံ့ကြည့်သည်။ စစ်အေးရွှေကောက်ရသလို အတိုင်းမသိ ဝမ်းသာသွားသည်။ "အရပ်သုံး အင်္ဂလိပ်ဝေါဟာရများတဲ့" ကံထူးလေစွ၊ ကံကော





လေစွ . . . ။

"လက်ဖက်ခြောက်လား . . . ထန်းလျက်လား မေးနေတာ"

စစ်အေး ဝတ္ထုစာအုပ်အရွယ်လောက်ရှိသည့် စာအုပ်ပါး လေးကို မြှောက်ပြသည်။

"ဒီစာအုပ်ယူမှာ "

ဘကြီးကျောင်ကွန်းမျက်နှာပေါ်တွင် ကွန်တိုမျဉ်းတွေ ပ်ထွေးသွားပြန်သည်။

"ဟာ . . . ကုန်ထုတ်ဖို့ဝယ်ထားတဲ့ စာအုပ်တွေ ဘယ်ပေးလို့ရမလဲ "

စစ်အေး သူ့ပေါင်ကြားထဲက ငှက်ပျောဖက်လိပ်ကို မြှောက်ပြသည်။

"ဒါနဲ့ . . . လဲမယ်လေ . . . "

သည်တစ်ခါ ဝင်းလက်သွားသည့် မျက်နှာပိုင်ရှင်က ဘကြီးကွန်း။ စာအုပ်သေးသေးပါးပါးလေးနှင့် ငှက်ပျောဖက်လိပ် ပြီး ဘယ်ဟာရွေးမည်နည်း။

ငှက်ပျောဖက်သည် ကုန်စုံဆိုင်အတွက် တန်ဖိုးရှိသလို အုပ်သေးသေးလေးက စစ်အေးအတွက် အဖိုးမဖြတ်နိုင်။ ွဲကြေးမပါဘဲ နှစ်ဦးသဘောတူ ကုန်ဖလှယ်ကြသည်။ စစ်အေး ို ပဲလှော်တစ်ဆုပ်ပါ အဆစ်ပေးလိုက်သေးသည်။

"စစ်အေး . . . နောက်လည်း . . . လာရွေးချည်



www.burmeseclassic.com

မင်းကြိုက်တာတွေ့ရင် ယူပေါ့ကွာ . . . ”

ဘကြီးတော့ . . . ကောင်းမှန်းသိသွားပြီ။ စစ်အေး မြေမထိခြေလှမ်းများဖြင့် ပျိုးခင်းဖက် ထွက်လာသည်။

ပျိုးလေးတွေ အပင်မပေါက်ခင် ချိုး . . . စာနှင့် ခိုရန်က တစ်မျှောင့်။ သူတို့ကို စောင့်မောင်းနေရသည်။ စစ်အေး ပျိုးခင်း ထောင့်က သရက်ငုတ်ပေါ်မှာ နေရာယူသည်။

ပဲလှော်ဝါးလိုက်။ အင်္ဂလိပ်စာ ကျက်လိုက် . . . စာမောင်းလိုက်နှင့် စစ်အေးမှာ အားလပ်ချိန်မရှိ။ သူ့ကိုယ်သူ ကျေနပ်နေသည်။ ပို၍ကျေနပ်စရာကောင်းသည်မှာ သူ့စာအုပ်ထဲတွင် အင်္ဂလိပ်စာလုံးပေါင်းအပြင် မြန်မာလို အသံထွက်ပါ ရေးထားသည်။

စာအုပ်မာတိကာကို လှန်သည်။

ပညာရေးဆိုင်ရာ ဝေါဟာရများ၊ စက်မှုဆိုင်ရာ ဝေါဟာရများ။ လူ့အသုံးအဆောင်ဝေါဟာရများ။ ဝေါဟာရတွေ အစုံအလင်ပါသည်။

စစ်အေး . . . အင်္ဂလိပ်စာတတ်မြောက်ဖို့ အားအားရှိတိုင်း . . . လျှာသွေး လက်သွေး လုပ်နေရသည်။

♛ ♛ ♛





ပျိုးကျပြီးသည်နှင့် စစ်အေးတို့လယ်သမားတွေ . . . အကယ်အနားမရတော့။ စပါးစိုက်မည့် လယ်ကွက်များစွာကို ပေါက်တူးတစ်လက်နှင့် နဘန်ခုတ်နေရသည်။ ကန်သင်းဘေးတွင် ပေါက်နေသော မြက်ပင်တွေကို ပေါက်တူးနှင့် ခုတ်ချခြင်းဖြစ်သည်။

ကန်သင်းနဘန်ခုတ်တာကိုကြည့်ပြီး လူရှည်လူသွေးကို အကဲခတ်၍ရသည်။ စိတ်ရှည်ခြင်း၊ တိကျခြင်း၊ သေသပ်ခြင်းများကို ပေါက်လိုက်သည့် ကန်သင်းဘောင်ကိုကြည့်ရုံဖြင့် သူ့စိတ် ကို ဖတ်၍ရသည်။ စစ်အေး ကန်သင်းပေါက်လျှင် လားလို ဖောက်ချပြီးပေါက်သည်။ ကန်သင်းထိပ်မှ အဆုံးထိ ပ်ကြည့်လျှင် ညီညာဖြောင့်ဖြူးနေသည်။ လေးထောင့်ညီ လားတစ်ခု မြေပြင်ပေါ်ချထားသလို . . . ။

ဟိုဖက်လယ်က ဆစ်တိုပေါက်သည့်ကန်သင်းက မ်ဒန်ဆန်ဆန် . . . ကန်သင်းတစ်ချောင်းလုံး လှိုင်းတွန့်များစွာနှင့်။ ကန်သင်းမျက်နှာပြင်တွေက တည့်သည့်နေရာတည့် ကောင်းသည့်နေရာစောင်း . . . ။

ကန်သင်းပေါက်ရင်း ကန်သင်းဘောင်ပေါ်မှာ စစ်အေး င့်ဆစ်တို . . . ခဏနားနေကြသည်။ စစ်အေးခေတ္တနားချိန်တွင် ပြီးသားအင်္ဂလိပ်စာတွေ ပြန်ဆို ပြန်နွှေးသည်။

“အေ . . ဘီ . . စီ . . ဒီ . . အီး . . အက်(ဖ်) . . ဂျီ”

www.burmeseclassic.com



ဆစ်တိုကလည်း သူပေါက်ပြီးခဲ့သောကန်သင်းကို ကြည့်ပြီး သဘောကျနေသည်။

" နဘန်ခုတ်တယ်ဆိုတာ . . . မြက်ခုတ်တာပဲ. . . မြက်စင်သွားဖို့သာ အရေးကြီးတယ် . . . ဟုတ်တယ်မလားကွ စစ်အေး . . . "

"အိဝ်(ချ်). . .အိုင်. . .ဂျေ. . .ခေ. . .အယ်(လ်). . . အယ်(မ်). . .အယ်(န်) . . . "

ဆစ်တိုက မသိသားဆိုးရွားစွာ ဖွတ်မေးသည်။

" စစ်အေး . . . ငါပြောတာကြားလား . . . "

" မင်းကြီးတော်ကြီး . . . ရက်(စ်) . . . ရက်(စ်)ကွာ"

စစ်အေး . . . စိတ်တိုတိုဖြင့် အင်္ဂလိပ်လိုပြောလိုက် သည်။ ဆစ်တိုက အကောက်လွဲပြီး . . .

" ဟေ့ကောင် . . . ငါ့ကြီးတော် . . . ဘာကိစ္စလျက်နေ မှာလဲ . . . စကားကို ကောင်းကောင်းပြော "

" မင်းတော်တော် သောက်လိုက်ကန်းဆိုး မသိတဲ့ ကောင် . . . ငါ အင်္ဂလိပ်စာဆိုနေတုန်း မင်းက ဖွတ်မေးနေတော့ စိတ်တိုပြီး ဟုတ်တယ်လို့ အင်္ဂလိပ်လိုဖြေလိုက်တာ "

ဆစ်တို ဘာမှမပြောနိုင်ဘဲလယ်ထဲဆင်းသွားတော့သည်။

စစ်အေးတို့ငယ်ငယ် ရွာကလူကြီးတွေ လက်ဆွဲအိတ် ကြီးနှင့် မြို့ပေါ်နေ့တိုင်းတက်သည်။ ဘာတွေလုပ်ကြမှန်းသူမသိ။

သူသိတာကတော့ လက်ဆွဲအိတ်ကိုင်လူကြီးတွေ





ပြန်လာလျှင် ထွေလာကြသည်။ သို့သော် . . . သူတို့ပါးစပ်မှ အရက်နံ့လည်းမရ။ စစ်အေးမနေနိုင် မထိုင်နိုင်ဖြင့်. . .

" ဦးလေး . . . ဘာမှမသောက်ဘဲ မူးနေတာလား"

" ရှူး . . . တိုးတိုး မင်းအရီးမသိစေနဲ့။ ဘီယာသောက် လာတာ မန္တလေးဘီယာ . . . "

ထိုစဉ်က . . . စည်ဘီယာမရှိ။ မန္တလေးဘီယာသာရှိ၏။

ထိုလူကြီးတွေ ဘီယာကြိုက်သလို စပါးဆိုသည့်သီးနှံက မိုးရေအလွန်ကြိုက်သည်။ စိုက်ပျိုးပြီးသည်နှင့် လယ်ကွက်ထဲတွင် ရေနေအောင် ကန်သင်းတွေကို ပြုပြင်ရသည်။ နွေပိုင်းက အသုံးပြုထားသော လှည်းလမ်းကန်သင်းကျိုးတွေကို ပေါက်တူး တစ်လက်ဖြင့် စစ်အေး . . . ပြင်ဆင်ခြင်း . . . ဖိတ်ဆို့ခြင်းတွေ လုပ်ပြီး . . . ထမင်းစားဖို့ . . . အိမ်ပြန်လာခဲ့သည်။

လယ်ထဲကအပြန် စစ်အေး ဆောင်ပုဒ်တစ်ခုရလာ၏။

စပါးမိုးရေကြိုက်

လူကြီးဘီယာကြိုက်တဲ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



## ညီညွတ်ခြင်းနှင့်ကျေးလက်စေလေ့

ခင်မွန် စားပွဲပေါ်ကစာအုပ်ကို ယူကြည့်သည်။

" အရုပ်သုံး အင်္ဂလိပ်ဝေါဟာရများ" တဲ့ . . . အောင်မယ် . . . ဒီကောင်က . . . ဆရာထက် လက်စောင်းထက်နေပါလား . . . "

ခင်မွန် စာအုပ်ကိုလှန်ကြည့်သည်။ တရှဲရှဲမြည်သံနှင့် ကောက်ရိုးထုံးကြီးပွေ့လျက် စစ်အေး ဝင်လာသည်။ ကောက်ရိုးထုံးကို မြက်စင်ထဲ ထည့်လိုက်ပြီး . . .

" ဆရာမရောက်နေတာကိုး . . . "

ခင်မွန်က စာအုပ်ကိုပိတ်ကာ . . .

"နင်တော်တော်လက်စောင်းထက်နေပါလား စစ်အေး"

" ထက်အောင်လို့ နေ့တိုင်းသွေးနေတာလေ . . . "

ခင်မွန် စာအုပ်ကို စားပွဲပေါ်ပစ်တင်လိုက်ပြီး . . .

" နက်ဖန် အိမ်မိုးမလို့တဲ့ အဲဒါနင့်ကို အဖေ . . . ခေါ် . . . "

" ဘုတ် . . . "

" အမလေး . . . မြွေကြီး လုပ်ပါဦး စစ်အေးရဲ့ "

ကြောက်အားလန့်အားဖြင့် ခင်မွန် စစ်အေးကိုကျစ်ကျစ်





အောင် ဖက်ထားသည်။ အိစက်နူးညံ့သော အထိအတွေ့ ကြောင့် စစ်အေး ထူပူဖိန်းရှိန်းသွားပြီး ဘာလုပ်လို့ဘာကိုင်ရမှန်း သိ။ ညောင်ငုကျောင်းက စည်းရိုက်သံတွေ . . . သူ့ရင်ထဲ ရောက်လာပြီး . . . တဒိန်းဒိန်းမြည်ဟီးနေ၏။

တဒင်္ဂအချိန်လေးအတွင်းမှာ တစ်ကိုယ်လုံးတောင့်တင်း ကျက် စစ်အေး ရှန်းထွက်ရခက်နေပြီ . . . ။

" မြွေကြီး . . . မြန်မြန် . . . မောင်းထုတ်ပါဟဲ့ "

ခင်မွန် မျက်လုံးစုံမှိတ်ပြီး သူ့လက်ကမလွှတ် . . .

" နင် ငါ့ကိုချုပ်ထားတာ လွှတ်ဦး . . . တော်ကြာ မြွေပျောက်သွားလိမ့်မယ် . . . "

သည်တော့မှ ခင်မွန်သတိဝင်လာပြီး တင်းကုပ်ထဲက ပြေးထွက်သွား၏။ စစ်အေး ပျိုးထမ်း,ထမ်းပိုးချွန်ဖြင့် မြွေကို ခြောက်လှန့်မောင်းထုတ်သည်။

" ရှူး . . . ရှူး . . . ဟဲ့ကောင်သွားစမ်း . . . ငါ့ကို ကူပေးတဲ့ကောင် . . . ရှူးရှူး . . . "

မောင်မင်းကြီးသား . . . ကွပ်ပျစ်ပေါ်မှလျှောဆင်းပြီး တင်းကုပ်အပြင်သို့ တစ်ချိုးတည်း လစ်တော့သည်။ စစ်အေး ရေတစ်ခွက်ခပ်ပြီး သောက်သည်။ ရင်ခုန်က မပြယ်ချင်သေး။

မောင်မင်းကြီးသားမြွေ ကြွက်လိုက်ရင်း တင်းကုပ် ခေါင်တန်းပေါ်က ပြုတ်ကျလာခြင်းဖြစ်၏။ စစ်အေးစိတ်ထဲ မြွေလေးတစ်ကောင်လောက် မွေးထားရင်ကောင်းမလား . . .



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကာ ခင်မှုန်တို့အိမ်ပေါ်တက်ခဲ့သည်။ ဘကြီးပွား အကြမ်း
အိုးနှင့် ခေါင်းရင်းစားပွဲဝိုင်းမှ လှမ်းခေါ်သည်။

" လာ . . . စစ်အေး . . . ထိုင်ကွာ . . . "

" ဘကြီးပွား . . . ခေါ်တယ်ဆို . . . "

ဦးပွားတင်က . . . လက်ကာပြကာ . . . အကြမ်းအိုးကို
မေးထိုးပြသည်။

"အေး . . လက်ဘက်ရည်သောက် . . အမြည်းစား"

ကြွေပန်းကန်ထဲတွင် နီနီရဲရဲအမဲခြောက် အမြှောင်းလေး
တွေကို မြေပဲဆီလိမ်းကျံထားသည်။ မီးဖုတ်ထားသည့် အနံ့
မွှေးမွှေးလေး။ စစ်အေးအိန္ဒြေဆည်ကာ ရေနွေးကြမ်း တစ်ခွက်
နှစ်ခွက်ငှဲ့သောက်သည်။ ပြီးမှ အမဲခြောက်ဖုတ်နည်းနည်းယူ
မြည်းသည်။ သူ့စိတ်ထဲ အိမ်ပေါ်ကအဆင်း ပန်းကန်ပါ မ,သွား
ချင်စိတ်ပေါက်လာ၏။

ဘကြီးပွား . . . ခဲတံကို တံတွေးဆွတ်လိုက် စာရေး
လိုက်နှင့် အကြွေးစာရင်းတွေ မှတ်နေသလားမသိ။ သူ့ကို
ခေါ်သည့် အကြောင်းရင်းလည်း မပြော . . .

ရသည့်အချိန်လေးကို စစ်အေးအကျိုးရှိစွာ အသုံးချ
သည်။ မျက်စေ့အစုံကို ရေဒါခွက်လိုဖြည်းဖြည်းချင်း ဝေ့ကာ
ဝိုက်ကာဖြင့် ခင်မှုန်ကိုရှာသည်။

ဟော . . . တွေ့ပါပြီ . . . အိပ်ခန်းအဝင်ခန်းဆီး
အောက်ခြေမှာ ခြေဖမိုးဖြူဖြူ . . . ခန်းဆီးက လှုပ်လှုပ်ခတ်ခတ်။





ခန်းဆီးဟဟကြားမှ ခင်မှုန်မျက်ဝန်းအစုံကို သူတွေ့သည်။
စစ်အေး သူမြင်ကြောင်းသိသာရန် ခင်မှုန်ကိုလျှာထုတ်ပြသည်။

ဘကြီးပွား . . . စာရေးပြီး . . . ခေါင်းအမော့ . . .
စစ်အေး . . . လျှာတန်းလန်းကြီးနှင့် . . .

" စစ်အေး . . . မင်းလျှာ ဘာဖြစ်လို့လဲ "

" ဟို . . . ဟိုလေ . . . အမဲခြောက်ဖုတ်က
ဆီတွေများတော့ . . . လျှာထဲမှာ တစ်မျိုးကြီးဖြစ်နေလို့ "

" မင်းအရီးလေ . . . ဆီလျှော့သုံးဖို့ပြောတာ
ဘယ်တော့မှမရဘူး . . . "

ခန်းဆီးနောက်မှ ခင်မှုန့်ခြေအစုံလှစ်ခနဲ ပျောက်သွား
သည်။ ခန်းဆီးက လှုပ်ရမ်းနေဆဲ။ အရီးဘုတို ရေနွေးအိုးကြီး
ကိုင်ပြီး အပြင်ထွက်လာသည်။

" ဘာ အတင်းပြောနေတာလဲ ကြားတယ်နော် "

" မင်းကို ဆီလျှော့သုံးဖို့ပြောတာ . . . ဘာလို့
မလျှော့လဲ "

ဒေါ်ဘုတို ခုမှသဘောပေါက်သွားသည်။

" ဆီက . . . ပါလေဟန်လောက် ထည့်ထားတာ
တော့ ပန်းကန်လည်း ယူကြည့်ဦး . . . "

ဟုတ်သည်။ ဆီလေးပါသည်ဆိုရုံမျှသာ . . . ပန်းကန်
ထဲက အမြည်း တစ်ဝက်ကျိုးလုလု . . . ။

ဘကြီးပွားက စာရွက်ကို စစ်အေးထံလှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" စာရွက်ထဲမှာ နာမည်ရေးထားတဲ့ လူတွေကို မင်း လိုက်ခေါ်ချည်။ နက်ဖန်မနက်စောစော အိမ်ရှေ့ တင်းကုပ်ပါ ဓနိမိုးမယ်လို့ ကြားလား "

" ဟုတ် . . . ဟုတ်ကဲ့ ဘကြီး . . . "

လူဘယ်လောက်များလို့ပါလိမ့် . . . ။

၁။ ကုလားလေး

၂။ ငစိုး

၃။ လှမောင်

၄။ ထီအောင်

၅။ ဆန်းညွန့်

၆။ ကြည်သန်း

၇။ ကြွက်နီ

၈။ တင်လှ

ဖတ်ကြည့်ရင်း စစ်အေး မောလာသည်။

ရွာမြောက်ဖျားကနေ တောင်ဖျားအထိ ရှိသမျှဝေနေယျ အကုန်လို့ပြောလျှင်ရသည့်ဟာကို . . .

တစ်ရွာလုံး . . . စာရင်းပြုစုနေသေးသည်။

စစ်အေး . . . စာရွက်လေးကိုင်ပြီး ဆင်းသွားသည်။

ဒေါ်ဘုတို ခတ်ဘူးထဲ ရေနွေးထည့်ပြီး အိမ်နောက်ဖေး ဝင်သွားသည်။

ဦးပွားတင် . . . ရေနွေးသောက်ရင်း စဉ်းစားနေသည်။





" စစ်အေး . . . ငါစာရေးနေတုန်း ဆီတွေမော့သောက် လိုက်တာလားမသိဘူး။ အမဲခြောက်ကလည်း ပန်းကန်တစ်ဝက် ကျိုးလို့ . . . "

ဒေါ်ဘုတို မီးဖိုထဲရေနွေးအိုးပြန်ထားသည်။ စားပွဲမှာ စာကြည့်နေသည့် ခင်မွှန့်ခါးကို ဆွဲလိမ်သည်။

" အမေ့ . . . ဘာလဲ . . . "

" ညည်း . . . ခုနက ဘာထွက်ချောင်းတာလဲ "

ခင်မွှန် . . . ခေါင်းပုသွားသည်။

" ဟာ . . . အမေကလည်း သမီး . . . စာကြည့်မလို့ ခရီထွက်ကြည့်တာ . . . "

" ကြပ်ကြပ်သတိထားနော် နင့်အဖေသိလို့ကတော့ အိုးစားကွဲမယ်မှတ် . . . "

" အမေကလည်း . . . ဒီမှာ စာကြည့်နေတဲ့ဟာကို"

ဒေါ်ဘုတို . . . လူကသာ နားပင်းကိုးကား . . . ။ ပါးတာမှ လှပ်လှပ်လေး . . . ။

ထိုညက . . . စစ်အေးရော ခင်မွှန်ပါ ရင်တုန်လှုပ်ရှား ခဲ့ရသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းပေါင်းကို ပြည်ဝင် မြေပေါင်းအိုးဖြင့် အရှုဏ်တက်ကတည်းက ပေါင်းထားသည်။ လေယာဉ်ပျံပဲ (ဝါ) ဘိုကိတ်ပဲပြုတ်နှင့်ရောပေါင်း၏။ တွဲဖက်အဖြစ် မိုးဦးကျ . . . ငါးသံချိတ်ပေါက်တွေကိုကြော်သည်။ နေလုံးကြီးက အိပ်ယာထ နောက်ကျလေဟန်ဖြင့် မိုးသားတွေကြားမှ အိပ်မှုံစုံမွှား တိုးထွက်လာသည်။

ဖိတ်ကြားထားသည့် ဝေနေယျများလည်း စုံလင်ပြီ။ စစ်အေး . . . ဘယ်အချိန်က လူပ်ရှားနေသည်မသိ။ လူစုံချိန်တွင် အိမ်ရှေ့တစ်ခြမ်းလုံး ဖျက်ပြီးအသင့်။

" စစ်အေး . . . ရင်စာစားဖို့ ဆင်းခဲ့ဟေ့ "

ဘကြီးပွားလှမ်းခေါ်ချိန်တွင် စစ်အေးအိမ်အောက် ရောက်လာသည်။

ကောက်ညှင်းပေါင်းကို ကြွေရည်သုတ်ဇလုံကြီးထဲထည့် ပြီး . . . ငါးကြော်ကို . . . တစ်ယောက်စီ လိုက်ဝေပေးသည်။ ကောက်ညှင်းလိုသလောက်ရမည်။ ငါးကြော်ကစကေးနှင့် . . .

မြန်မာ့ကျေးလက်ဓလေ့က ညီညွတ်မှုကို အခြေခံသည်။ ဝိုင်းလုပ်ဝိုင်းစားမို့ အလွန်ပျော်စရာကောင်း၏။ စလင်းကုန်းဖက် ဆီမှ လော်သီချင်းသံ လေဟုန်စီး၍ လွင့်ပါလာသည်။

"မြပုခက်တွင် အိပ်စက်ရင်းမှ ကြီးပြင်းတော့ကွယ် မြပုဝါ နှစ်သက်သလားကွယ် × × × လရောင်အောက်ဆီက





ချစ်စွာသော မောင့်သက်ထားနှင့် × × × နေပူထဲက မောင့်ဘဝ ကွာခြားတယ် × × × "

ထီအောင် မျက်နှာပိုးမသေ . . . ကောက်ညှင်းထုပ်ကို ကိုင်ပြီး စစ်အေး အနားလာထိုင်သည်။

" စစ်အေး တွေ့လား . . . မင်းကို စောင်းဆိုနေတာ"

ခေါ်ဘုတို အနားမှာရှိနေတာ ဒီကောင်မသိ။ စစ်အေး အသာလက်ကုတ်ပြီး တိုးတိုးကပ်ပြောသည်။

" ဟေ့ကောင် ကောက်ညှင်းပေါင်းစားမှာ အေးဆေး စား . . . ဒီအချိန်မှာ ကိန္နရာလည်းပျံလို့မရတော့ဘူး "

" အဟီဟိ . . . ဟွတ် . . . အဟွတ် . . . အဟွတ်"

ထီအောင်ရယ်ရင်း ကောက်ညှင်းတွေသီးကုန်၏။

နီးထိုးသူ့ထို၊ အိမ်မိုးသူ့မိုး၊ ခနီးသယ်သူ့သယ်နှင့် ယနေ့ ခေတ်စကားနှင့်ပြောရလျှင် အိမ်မိုးပွဲတော်ကြီးကို ပျော်ရွှင်စွာ ကျင်းပနေကြသည်။

ခနီးတံအရှည်က လူကြီးတစ်လံခန့်ရှိသည်။ ခနီးရွက်တွေ က တစ်တောင်လောက်ရှည်သည်။ ခနီးသားကလည်းရင့်ပြီး ညိုပြိန်းနေ၏။ နံနက်ထမင်းစားချိန်လောက်တွင် တစ်အိမ်လုံး မိုးပြီးသွားသည်။

" အရီးဘု . . . မိုက်ဆာပြီဗျို့ "

ခေါ်ဘုတို ထမင်းပွဲပြင်နေရာမှ လှမ်းကြည့်သည်။

" ထီအောင်လားဟေ့ ထမင်းက နှင့်အတွက်မပါဘူး



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတွက် ကောက်ညှင်းပေါင်းနဲ့ အပြီးပဲ . . . ”

“ မရက်စက်ပါနဲ့အရီးရယ် . . . ထီအောင်သေပါ့မယ်

ခနိမိုးသားတွေကို ကျွေးသည့်ထမင်းဝိုင်းမှာ အလှူကြ

တစ်ခုနှယ် . . . ။ ဝက်သားနီချက်၊ မကျည်းရွက်၊ ဟင်း

သခွတ်ဖတ်တို့စရာနှင့် စားမြိန်ဖွယ်ရာ ဇလုံဖြူကြီးထဲက ထမ

တွေ ပြိုက်ခနဲ . . . ။

ထီအောင် . . . ထမင်းဘယ်လောက်စားသလဲ မမေ

အလာတုန်းက . . . သူ့ဗွစ်ကျယ်ဗိုက်ပေါက်သေးသေးလေး

အကျယ်ကြီး . . . ဖြစ်နေ၏။

ထမင်းစားပြီး တစ်အောင့်တစ်နားရေနွေးကြမ်းသော

ပြီး တင်းကုပ်ကို ဆက်မိုးကြသည်။ စစ်အေးနှင့်သူ့မိတ်ဆွေ

နှစ်ကောင်တို့ ကွန်းခိုရာ သိုက်မြုံလေး။ ဤနေရာမှ ဘဝ

သော လယ်သူရင်းငှားလေး စစ်အေးသည် တစ်ချိန်ချိန်တွင်

လယ်ဧက များစွာပိုင်သော လယ်ပိုင်ရှင်ကြီး ဦးစစ်အေးမဖြ

နိုင်ဟုမည်သူအတတ်ပြောနိုင်သနည်း။ အဖြေက ရှင်းရှင်းလေ

ဖြစ်ချင်လည်းဖြစ်နိုင်သည်။ မဖြစ်ချင်လျှင် မဖြစ်ဖို့ကတော

သေချာသည်။

♛ ♛ ♛





## မေတ္တာပျိုးတို့နှုတ်ပျိုးမိသူ

ကောက်လျှင် ကောက်စောစပါးက ပျိုးသက်တစ်လ

ကျော်လျှင် စိုက်လို့ရပြီ။ ပျိုးနှုတ်ပေးယူထားသူတွေ ပျိုးခင်းထဲ

င်းလာကြသည်။ ဟန်ဆောင်ပန်ဆောင် . . . နှုတ်ပြီးလျှင်

က်ငင်းရသည့် ပျိုးခင်းတွေဆီ ပြေးကြ၏။ စိုက်ဖို့လုံလောက်

အောင် စစ်အေးပျိုးခင်းထဲဆင်းရပြန်သည်။ မြို့ပေါ်က စစ်အေး

ငယ်ချင်း ရွာကိုအလည်လာရင်း စစ်အေးရှိရာ ပျိုးခင်းထဲ

ရောက်လာသည်။ သူက ကန်သင်းပေါ်ငုတ်တုတ်ထိုင်ပြီး

စ်အေး ပျိုးနှုတ်တာကြည့်ရင်း စကားပြောနေသည်။

ကြည့်ရင်း . . . ကြည့်ရင်း ဘာစိတ်ကူးပေါက်လာသည်

သိ။ ခါးတောင်းမြှောက်အောင်ကျိုက်ပြီး လယ်ထဲဆင်းလာ၏။

“ မင်းနှုတ်နေတာကြည့်ရင်း သဘောကျလို့ ငါလည်း

နှုတ်လိုက်ဦးမယ်ကွာ . . . ”

စစ်အေးသဘောကျသွားသည်။ ပျိုးနှုတ်ဖော်ရပြီပေါ့။

သူနှုတ်တာကို စစ်အေးရပ်ကြည့်သည်။ ပုံစံကတော့ ဟန်ကျ

န်ကျ။ ဒါပေမယ့် ပျိုးပင်တွေ အဖျားပြတ်ကုန်သည်။ နှုတ်ပြီး

သားပျိုးကို ပျိုးချေးခါတော့ ခြေဖဝါးနှင့် ရိုက်ရမည့်အစား

ခြေမျက်စေ့ကို ချော်ရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးတစ်လက်ပင် မပြည့်သေး . . . သူ့လက်ဝါးတွေ
ဖြန့်ကြည့်သည်။ လက်ဖဝါးတွေက ဝါကျင်ကျင် . . .

သူ့မျက်နှာကြီး ရှုံ့မဲ့သွားပြီး . . .

" စစ်အေး . . . ဒါ . . . ဘာတွေလဲကွ . . .
ဘာဖြစ်တာလဲ "

" အဲဒါ . . . ဖျက်လို့ရသေးလား . . . "

စစ်အေး သူ့ကို ချဉ်ချဉ်ရှိသည်နှင့် . . .

" မရတော့ဘူးကွ . . . "

မြို့ကျောင်းသား သူ့လက်နှစ်ဖက်ကိုဖြန့်ကြည့်ပြီး . . .

" အဟီး . . . ဟီး . . . ဒုက္ခပါပဲ . . . မင်းတို့လယ်
တွေက ရွှေသီးမယ်ဆိုရင်တောင် . . . တစ်သက်လုံး မလု
ဘူးကွ . . . "

စစ်အေး သူငယ်ချင်း ငိုယိုပြီး တာပေါ်ပြန်တက်သွား
စစ်အေး သက်ပြင်းတစ်ချက်ချသည်။ လူသားတွေ အသက်ရှ
သန်ရေးအတွက် စပါးဖြစ်ဖို့ ဆန်ဖြစ်ဖို့ လွယ်လွယ်ကူကူန
ဖြစ်လာသည်တော့မဟုတ်။

တစ်ခါတစ်လေ မြို့သားတွေအလုပ်နှင့် သူ့အလုပ်
ဖလှယ်ပြီး လုပ်ကြည့်ဖို့ စိတ်ကူးယဉ်ကြည့်သည်။

ကားမောင်း၊ ကားစပယ်ယာလိုက်၊ ကားပြင်ဝပ်ရှော့
အပ်ချုပ်၊ ဈေးရောင်း၊ လက်ဘက်ရည်ဆိုင်၊ စားသောက်ဆိုင်
သည်အလုပ်တွေလောက်ကို စစ်အေးက အပျော့ . . . ။





အဲ့ . . . မြို့ပေါ်က လူတွေကို လယ်ထဲပို့လိုက်လျှင်
သူတို့လည်းထွက်ပြေး။ လယ်တွေလည်းဟောင်းလောင်းနှင့်
နှစ်သာသြောင်းသွားမည်။ လူတွေ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်မှာ
အသေအချာ . . . ။

လက်ကို တမန်းဆီတက်ရုံနှင့် ငိုပွဲဆင်သည့် မောင်
ကျောင်းသားကိုသာ ကြည့်ကြပါကုန်။

စစ်အေး . . . ထယ်ခွဲပြီးသား လယ်ကွက်တွေကို
သမန်းရအောင် ထွန်ရမည်။ သူ ရှေ့ကကြိုပြေးနိုင်မှ . . .
နောက်က ကောက်စိုက်မတွေ စိုက်လို့ရမည်။

စစ်အေး လက်စားလိုက်အကူထွန်နှစ်ရှဉ်း ခေါ်ရသည်။
သန်းစိုးတစ်ရှဉ်း၊ ဆစ်တိုတစ်ရှဉ်း သူနှင့်ဆိုလျှင် သုံးရှဉ်းမောင်း။
သည်ကောက်စိုက်မအုပ်စုအတွက် အလျှင်မီလောက်သည်။

ရွာက ကောက်စိုက်သမတွေကို ဒီလုံးချိုင်မှ အရီးချစ်ဥ
က ဦးဆောင်သည်။ သူ့ကောက်စိုက်သက်က မနည်းတော့။
သည်ကွင်း၊ သည်ကျင်းမှာ အကျော်ဒေးယျ။ သူ့နာမည် မသိ
မရှိ။ နောက်ပေါက်ကောက်စိုက်သမလေးတွေရဲ့ . . . မာမီကြီး
ဆိုလျှင် မမှား . . .

သည်ကနေ့တော့ စစ်အေးတို့ ထွန်ရှဉ်းတွေနှင့် အရီး
ချစ်ဥခေါင်းဆောင်သည်။ ကောက်စိုက်မအဖွဲ့ အပြိုင်အဆိုင်
အကြိတ်အနယ်နွှဲကြမည့်ပွဲ ကောက်စိုက်ပွဲ . . . ။

စစ်အေးတစ်ယောက် ခါတိုင်းနှင့်မတူ . . . မျိုးထူး

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်နေသည်။ အကြောင်းကားသည်နေ့ကျောင်းပိတ်ရက်မို့ ကောက်စိုက်မအုပ်စုထဲတွင် ခင်မှုန်လည်းပါသည်ကိုး . .

သူ့မျက်နှာအဝိုင်းလေးပေါ်တွင် သနပ်ခါးဘဲကြားကို ထူထူပြိန်းပြိန်း တင်ထားသည်ပင် တစ်မျိုးလှသတဲ့ . . . ။ စစ်အေးက ကြံဖန့်မှန်းသည်။ ရှပ်အင်္ကျီလက်ရှည်ကို လက်ခုံပေါ် ရောက်အောင် လက်အဖတ်ဆက်ထားသည့် ကောက်စိုက်မအင်္ကျီကို ဝတ်သည်။ သည်ဘက်ခေတ် ဖက်ရှင်မယ်များ စကတ်အတို ဝတ်တာလောက်တော့ တို့ကောက်စိုက်သမတွေက စာမဖွဲ့။ လုံချည်ကို တင်ပါးလုံရုံ အတိုဆုံးဝတ်ဆင်သည်။ လုံချည်ကို မြဲမြဲစေရန် ခါးတွင် ပိတ်စကြိုးပါစည်းနှောင်ထားသည်။

သူတို့ဆောင်းသည့် ပလီမ . . . ခမောက်ကြီးတွေက မိုးရွာလျှင် တင်ပါးအောက်ထိ လုံခြုံအောင် အကာအကွယ်ပေးထား၏။ ပလီမအားကိုးနှင့် တိုရုံမက ပြောင်လိုကပြောင်နိုင်၏။ ကောက်စိုက်မတွေ ကောက်စိုက်ပြီဆိုလျှင် ဘယ်လက်တွင် ပျိုးဆုပ်ကိုင်ပြီး ညာလက်က ပျိုးပင်ကိုယူပြီး ဖယ်ခတ်သလို တရစပ်စိုက်ရသည်။

တစ်ခါသားက စစ်အေးတို့ ထွန်ရှည်းတွေ တစ်ဖက်လယ်တွင် တမန်းထွန်နေခိုက် ကောက်စိုက်မတွေ သီချင်းတအေးအေးဖြင့် ဟန်ကျပန်ကျ စည်းချက်ညီစွာ ကောက်စိုက်နေကြ၏။





မိုးစက်မိုးပေါက်တွေ တဖွားဖွားနှင့် ပြေးလွှားလာကြသည်။ ပြေးတမ်းလိုက်တမ်း ကစားသည့်နှယ် . . . မိုးစက်မိုးပေါက်တွေနောက်သို့ လေရူးတစ်သိုက် ခပ်ကြမ်းကြမ်းလေး ပြေးလိုက်လာ၏။

ကောက်စိုက်မတစ်သိုက် ပြင်ဆင်ချိန်ပင်မရလိုက်။ လေရူးတသိုက်နှင့်အတူ သူတို့ပလီမတွေ လေထဲလွင့်ပျံကုန်၏။

သူတို့က ခါးကုန်းအစိုက် လေရူးကအပင့်နှင့် အရှိကို အရှိအတိုင်း မှတော်ရာတွေ ပေါ်လာကြကုန်၏။

တစ်ဖက် လယ်ကွက်ထဲက ထွန်သားတွေ ဟာခနဲ ဟင်ခနဲ ရေရွတ်ကာ ထွန်တုံးချော်နင်းသူနင်း ကြိမ်လုံးလွတ်ကျသူကျနှင့်။ တရုတ်ကြီး ပဲပြုတ်ဝယ်သည့်အဖြစ်မျိုး ဆိုက်ကုန်၏။

လေပုတော်ရုံမှ ပဲပြုတ်သည် မဘိုသီ . . . သူ့ဈေးကွက်က ရေကြည်ဈေးနှင့် အောင်ဆန်းရပ်ကွက် ဈေးပိုင်းခေါ်ခေါ် ဘူတာပိုင်းခေါ်ခေါ် . . . အောင်ဆန်းရပ်ကွက်သည် ရေကြည်၏ တရုတ်တန်း . . . ။

မဘိုသီက နိစ္စဓူဝ လုပ်ရိုးလုပ်စဉ်အတိုင်း ရေကြည်တရုတ်တန်းထဲ ပဲပြုတ်လှည့်ရောင်းသည်။

“ ဗပြုတ် . . . ပယ်ပြုတ် . . . ”

သူ့ကိုအားပေးနေကျ ဖောက်သည်တွေရှိသည်။သူ့အသံကြားသည်နှင့် ပန်းကန်ကိုင်ပြီး အသင့်စောင့်နေပြီ . . .

“ ပဲပြုတ် . . . ဆီကို လာအုံးဟေ့ ”



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီတိုပွပွနှင့် တရုတ်ကြီးအိစ်ကွမ်းက မဘိုသီကို လှမ်းခေါ်သည်။ ဘိုသီမတို့ဈေးကွက်က ဝယ်လိုအားကောင်းသည်။ လှေတော်ရုံ ပဲပြုတ်ဂရု(ပ်)မှာ သူက အမြဲအစောဆုံးကုန်သူ . . . ခုလည်းသူ့အတွေးနှင့်သူ။

" အင်း ဒီအိမ်ဆိုရင်တော့ အနည်းလေးအစိတ်သားပဲ"

အိမ်ခေါင်မိုး အနိမ့်မို့ ပဲပြုတ်တောင်းလွတ်အောင် ခါးအကုန်း . . . အထက်ဆင်မပါသည့် ထက်တရှုန်လုံချည်ကလျှောခနဲ ကွင်းလုံးပုံကျသွားလေသည်။

ရုတ်တရက်မို့ တရုတ်ကြီးဘာလုပ်ရမှန်းမသိ။ မျက်နှာကိုပန်းကန်ပြားနှင့်ကွယ်ရင်း . . .

" အား . . . ကြည့်လို့မကောင်းဘူး အီမြန် ထိုင်လိုက်ထိုင်လိုက် "

တရုတ်ကြီး ပန်းကန်ပြားဖယ်ပြီး ပြန်ကြည့်သည်။

" အ . . . အား . . . အဲလာက ပိုဆိုးလယ်။ အီမြန်ထ . . . ထ "

တရုတ်ကြီး ပန်းကန်ပြားကိုင်ပြီး အိမ်ထဲဝင်ပြေးတော့၏။ အခုလည်း ကြည့်မကောင်း။ ထိုင်နိုင်းရခက် . . . ထခိုင်းရခက် အခက်တကာ့ အခက် . . . ။

ထိုနေ့မှစ၍ ကောက်စိုက်မအားလုံး လုံချည်ကိုပေါင်လယ်အထက်ကျော်၍ မဝတ်ရ။ အရှီးချစ်ဥ စည်းကမ်းချက်ထုတ်ရ၏။





တဖြည်းဖြည်း ပျိုးပင်ဘဝမှ စပါးစိုက်ခင်း ဖြစ်လာပြီ။ အားရင်က မေတ္တာပျိုးတွေ နုနယ်ဆဲ။ ဒီပျိုးတွေ ခင်မှုန်နဲ့ ပြောင်းရွှေ့စိုက်ဖို့ ထီအောင်နှင့်ဆစ်တိုက ပိုင်း၍လော့ကြကြ . . . ။

" စစ်အေး . . . မင်း ခင်မှုန့်ကို ဒီအတိုင်းကြည့်နေမှာလား "

ဆစ်တိုအမေးကို စစ်အေးကန့်လန့်တိုက်သည်။

" ကြည့်မနေလို့ . . . ဝါးအုပ်ဆောင်းနဲ့အုပ်ထားရမှာ . . . "

ထီအောင်က ခေါင်းကိုခါရမ်းပြီး . . . သူ့ကို သနားသည့် အကြည့်ဖြင့် ကြည့်ကာ . . .

" မင်း . . . ခင်မှုန့်အကြောင်းမသိသေးဘူးထင်တယ်"

စစ်အေး လှုပ်လှုပ်ရှရှ ဖြစ်လာသည်။

" ခင်မှုန် ဘာဖြစ်နေလို့လဲ . . . "

ထီအောင်မျက်နှာ မဲ့ရွဲ့ပြီး . . .

" မင်းကသာ့ မသိတာ . . . ခင်မှုန်ကဖြင့် ညောင်ငူကသားလိုလို . . . ဘာလိုလို ပေါ်ကြော့အကောင်နဲ့ ကြိုက်တာ "

စစ်အေးနားထဲ မိုးကြိုးပစ်ခွင်းသည်သို့ ကျယ်လောင်စွာ ည်ဟီးပေါက်ကွဲပြီး တစ်ကိုယ်လုံး ကျင်တက်သွားသည်။

ထီအောင်က ရေကြည်ပိတောက်ချောင် ရွှေကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကုန်းလမ်းကြောတစ်လျှောက်က သတင်းမှန်သမျှ သူ အက
သည်။ တောင်ဖက်ဆိုလျှင် ချင်းကုန်းအထိ . . . သူ့သ
ကွန်ယက် ဖြန့်ကျက်ထား၏။ သူက ဆိုက်ကားလစ်(စ်)ဆို
သတင်းမျိုးစုံ အကုန်ရသည်။

" ကြည့်လို့မိကောင်းဘူး အိမ်မြန် ထိုင်လိုက် " သ
ကိုလည်း သူပဲသယ်ဆောင်လာခြင်းဖြစ်သည်။ ဟုတ်မဟ
တော့မသိ။ အခုလည်း . . . ကျောင်းဆင်းချိန်မှ ကောင်လေး
နှင့်အတူပြန်သော ခင်မှုန့်ကို ဒီကောင်တွေ့ခဲ့တာ ဖြစ်မည်

မေတ္တာပျိုးလေး နုနယ်သေးလို့ နေ့ကောင်းရက်သ
စောင့်နေခါရှိသေး . . . ။ ရင်မလောင်ဆူမည့်သတင်းဆိုး
အတင်းတိုးဝင်လာသည်။

စစ်အေး နေ့ကောင်းရက်သာမရွေးနိုင်တော့။ စပါး
များပင်လျှင် တမန်းမြေသားကောင်းမှ ရာသီဥတု၊ မိုးလေ
မှန်မှ စပါးကောင်းရသည်။ သို့မဟုတ်လျှင် အမော်အဖျင်းသ
ကြဲဖို့ပြင်။

စစ်အေးတို့လို လူသားများတွင်မူ မေတ္တာအရင်း
မေတ္တာပျိုး ရင်မှာရှင်သန်၏။ ကရုဏာမိုးမှန်မှ မေတ္တာသီးပွင့်
ဝေဝေဆာဆာ သိမ်းပိုက်ရယူနိုင်မည်သာ။ မဟုတ်လျှင် အမု
တွေ ပွေ့ပိုက်ပြီး တစ်ဘဝလုံး အရှုံးနှင့် ရင်ဆိုင်ဖို့သာပြင်။

မိုးက ရွာရလွန်း၍ ပင်ပန်းသွားသယောင် . . . ။ညှ
ငြိမ်သက်၏။ ကောင်းကင်ထက်မှာ ခပ်ကွေးကွေးလက လ





က်လက်လန်ပြီး . . . လူပျင်းတစ်ယောက်လို မိုးသား မိုးငွေ့
တွေက ကောင်းကင်တစ်ပြင်လုံး စိန်ပြေးတမ်းကစားနေကြ၏။

ခြံစောင်း အိုင်ဖက်ဆီမှ အလွမ်းဖား အဆွေးဖား ခေါ်ရ
လား။ ဖားကြီးတွေ ငြီးငွေ့ဖွယ်ရာတေးချင်း တစ်ပုဒ်ကို အထပ်
ထပ်သီကျူးနေကြ၏။

"အုံ့ . . အွမ် . . . အုံ့ . . . အွမ် . . . အုံ့ . . . အွမ်"

စစ်အေးတင်းကုပ်ရှေ့က ဝါးကွပ်ပျစ်မှာ ထိုင်ရင်း
လရောင်မှိန်ဖျော့ဖျော့ကိုကြည့်ကာ ရင်ထဲလွမ်းသလိုလို ဆွေးသ
လိုလို သူ့စိတ်က ကောင်းကင်ထက်ဆီမှ မိုးတိမ်မျှင်တွေလို
ကာမငြိမ် ဟိုပြေးသည်လွှားနေသည်။ ခုနေများ မယ်ဒလင်
လေးတစ်လက်နဲ့ ရင်ဖွင့်လိုက်ရင် ဘယ်လောက်များ ကောင်း
မိမ့်မလဲ။ အခုတော့ အတီးမပါ အဆိုသက်သက်။

" တစ်ဖက်သတ် အချစ်မျိုးဟူသည် × × × ရင်မှာ
ထိတ်တခိုးနဲ့ မျှော်ကိုးရတာကြာတောင့်ကြာရှည် × × ×
တွေ့ပါမြင်ပါများတော့ သမုဒယပိုးကြီးလေးတွေ × × ×
သူ့အပေါ်မှာ × × × ရစ်ချည် "

အသံသဲ့သဲ့ကြား၍ခင်မှုန် စာကြည့်နေရာက ထသည်။
ပြတင်းပေါက်မှ တင်းကုပ်ဆီမျှော်ကြည့်သည်။ တင်းကုပ်ရှေ့
ကွပ်ပျစ်ပေါ်မှာ လရောင်ရေးရေးနှင့် လူရိပ်ကို မသဲမကွဲမြင်ရ
သည်။

" မသိသယောင်ဆောင်သူကိုမှ × × × ချစ်မိပေသော


www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖြစ်များသည် × × × ”

ဟုတ်ပါပြီ။ စစ်အေးမှ . . . စစ်အေး။ ဒီကောင်ခုချိန်
မအိပ်နိုင်သေး။ အဆွေးသီချင်းတစ်ပုဒ်ကို ဆိုညည်းနေ၏။

ခင်မှူး အဖေနှင့်အမေ အိပ်ခန်းကို နားစွင့်သည်။

သည်အချိန်ဆို သူတို့အိပ်ကြတာ . . . သိုးလို . .
ဦးပွားတင်နှင့်ဒေါ်ဘုတို သူတို့လင်မယား ရှေ့သွားနောက်လိုက်
ညီသည်။

ဦးပွားတင်က ပိုဝ၍လား မသိ။ သူ့ဟောက်သံက ပို
ကီး (KEY) မြင့်သည်။ သံစဉ်နိမ့်မြင့်တက်ကျ . . . ။

“ ဂွီ . . .ဂေါ် ”

“ ဂွီ . . .ဂေါ် ”

“ ဂွီဂေါ် . . .ဂွီဂေါ် ”

ဒေါ်ဘုတိုက အားကျမခံ . . . ။

“ခူး . . .ခွတ် . . .ခွတ် . . .ခေါ . . .ခ လောလော . . .

ခင်မှူး့ခြေလှမ်းတွေ လှေကားအဆင်းပေါ်ရောက်နေ
အရေးထဲ အဖေက ချောင်းဟန့်နေသည်။

“ အဟွန်း . . . အဟွန်း . . . ”

ခင်မှူးအိမ်ပေါ်ပြန်တက်ရကောင်းမလား စဉ်းစားနေ
ခြေအစုံက မြေပြင်ပေါ်ရောက်နှင့်နေ၏။ လကွေးကွေး
တဖြည်းဖြည်း တောအုပ်ဖက်ဆီ နိမ့်ဆင်းလာ၏။ အလင်းရော
ပြယ်လုလု အမှောင်ထုက လွှမ်းခြုံစပြုလာ၏။





“ လမင်းကြီးရယ် ခင်မှူးကိုချစ်တဲ့အကြောင်း ပြောပေး
နိုင်ရင် ကောင်းမှာပဲနော် . . . ”

လှမ်းလက်စခြေလှမ်းတွေ တုန့်ခနဲရပ်၏။ ရင်ထဲ ဒိန်းခနဲ
မြည်သံနှင့်အတူ ရင်တွေတလှပ်လှပ် . . . ခုမှ နောက်ကြောင်း
ပြန်လှည့်လျှင် စစ်အေးသိတော့မည်။ ခင်မှူး တွေတွေကြီး
ရပ်လျက် . . . ။

စစ်အေး . . . ထိုင်ရာမှထပြီး တင်းကုပ်ဘက် ခြေ
အလှမ်း လူရိပ်တစ်ခုကို ဝိုးတဝါးမြင်နေရသည်။

စစ်အေး လျင်မြန်သောအဟုန်ဖြင့် လူရိပ်ကိုအမိအရ
ဖမ်းချုပ်သည်။

“ ဟိတ် . . . ဘယ်သူလဲ . . . ဘာလုပ်တာလဲ ”

“ ရှူး . . . ရှူး . . . တိုးတိုး . . . ”

တဖြည်းဖြည်းသွေးအေးသွားမှ နူးညံ့အိစက်သော
အထိအတွေ့ကို စစ်အေးခံစားရသည်။ မွှေးတွေ့သည့်ညက
အထိအတွေ့ . . . ။

“ ဟင် . . . ခင် . . . ခင်မှူးရယ် နင် မှောင်ကြီးထဲမှာ
ဘာလုပ်နေတာလဲ . . . မြွေမကြောက် . . . ကင်းမကြောက်”

“ အင်း . . . ဟင်း . . . ကြောက်တယ် . . . ”

မြွေသံကြားသည်နှင့် ခင်မှူး ကြောက်အားလန့်အားဖြင့်
စစ်အေးကိုဖက်ထားမိသည်။

စစ်အေး ခင်မှူး့လက်ကို ဆုပ်ကိုင်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



" ခင်မှုန် . . . စောစောက ငါပြောနေတာ နင်ကြား လား . . . ဟင် . . . "

ခင်မှုန် ခပ်ဆိတ်ဆိတ်နေသည်။

" မကြားရင်လည်း နင်သိအောင်ထပ်ပြောချင်တယ် နင့်ကို ငါချစ်နေပြီ . . . ခင်မှုန် "

စစ်အေးကိုယ်က ခင်မှုန်ရှုန်းထွက်ကာ . . .

" မစောလွန်းဘူးလား . . . စစ်အေးရယ် "

" အချစ်မှာ စောတယ်ဆိုတာ မရှိဘူး . . . နောက်ကျ သွားရင်သာ ငါရင်ကျိုးရမှာ "

ခင်မှုန်က စစ်အေးလက်ချောင်းတွေကို နှစ်သိမ့်သလို ဆုပ်ကိုင်ရင်း . . .

" နင့်အတွက် ဘယ်တော့မှ နောက်မကျစေရပါဘူး စစ်အေးရယ် . . . လောလောဆယ်တော့ ငါ ပညာရေး ဆုံးခန်းတိုင်အောင် . . . သင်ရဦးမယ် . . . "

စစ်အေးရင်မှာ ကျေနပ်ကြည်နူးနေသည်။ သူ့ချစ်ခြင်း မေတ္တာကို ခင်မှုန် . . . သိသွားပြီလေ . . . ။

" ဘယ်လိုဖြစ်ဖြစ် နင့်သဘောကျအတိုင်းပါ ခင်မှုန် ငါ့အချစ်ကို နင်သိရင် ကျေနပ်ပါပြီ "

ထိုညက . . . ခင်မှုန်နှင့်စစ်အေးတို့ မေတ္တာပျိုးပင်တွေ စိုက်ပျိုးခဲ့ကြလေသည်။

♛ ♛ ♛





## ကိုစိန်လှစက်ဘီး၏ . . . စစ်မြင်

စစ်အေးသည် လယ်သမား . . . လယ်ယာလုပ်ငန်းကို ကျွမ်းကျင်နှံ့စပ်၏။ လယ်သမားဆိုတာ ရွှံ့ထဲကလူ။ ရွှံ့ထဲကလူ သည် နွားနှင့်ယှဉ်၍ရုန်းကန်ရသည်။ လူသားတွေ အသက်ရှင် ရပ်တည်ရေးအတွက် ပင်ပန်းဆင်းရဲစွာ ပေးဆပ်နေရသည်။

လယ်သမားဆိုတိုင်း ပညာမဲ့လူတွေ မဖြစ်သင့်။ ပညာ တတ်လယ်သမားဆိုရင် ပိုပြီး မကောင်းပေဘူးလား . . . ။

စစ်အေး ဘဝပေးအခြေအနေအရ ပညာရေးကျိုးပျက်ခဲ့ ရသော်လည်း ပညာမဲ့တော့ မဖြစ်ချင်။ လူတိုင်း သင်ယူလို့ရနိုင် သော ပညာရပ်တွေကို စစ်အေးလည်း သင်ယူတတ်မြောက် နိုင်သည်။

အတန်းပညာ လေးတန်းသာရှိသော စစ်အေးက ပြင်သစ်၊ ကိုရီးယား၊ ဂျပန်ဘာသာစကားတွေ တတ်ချင်သည်။

မြန်မာစကားပုံရှိသည်။ လူနေမြို့ကြီး စိတ်နေဘုံဖျားတဲ့။
ပြက်ရယ်ပြုလိုကပြုနိုင်၏။ သို့သော် . . . ကိုယ်တိုင်က

သူ့လို တတ်ချင်သည့် စိတ်မွေးဖူးပါသလား။ တတ်ချင်သည့်စိတ် က အဓိက . . . တတ်ဖို့အခွင့်အလမ်းနှင့် မဖြစ်မနေကြိုးစားမှု သည့်စိတ်က ဒုတိယ . . . ။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုဘာသာရပ်တွေ တတ်မြောက်ဖို့ အင်္ဂလိပ်စာကို ထုံးလိုချေ . . . ကွမ်းယာလိုဝါး အဲ . . . ရေလိုနှောက်မှ။ ယခင်က သာမန်စစ်အေးသည်ပင် ယခု အင်္ဂလိပ်ဗျည်း နှစ်ဆယ့်ခြောက်လုံးနှင့် သရငါးလုံးကို ဦးနှောက်ထဲမှာ သံမှိုစွဲ၍ အလယ်တန်းအဆင့်လောက် လက်ရေးကို ကျွမ်းကျင်စွာရေး တတ်နေပြီ . . .

" အရပ်သုံး အင်္ဂလိပ်ဝေါဟာရများ " စာအုပ်ကို နေ့စဉ်ကျက်၍ နေ့စဉ်ရေးသည်။ လူသုံးကုန်ပစ္စည်းတွေပေါ်က မြင်မြင်သမျှ အင်္ဂလိပ်စာကို ကျက်သည်။ မှတ်သည်။ အားလပ် ရက်များတွင် ထီအောင့်ကို ဆရာတင်ရသည်။ ဒီကောင်က ဆိုက်ကားလစ်(စ်)အပြင် ဖစ်ရှားမင်းလည်းဖြစ်သည်။ ငါးရှာ ဖားရှာသည့်နေရာတွင် သူ့ကို ဘယ်သူမှမယှဉ်နိုင်။

ဒီလုံးချိုင်က ပုံးထောင် မြှုးထောင်နေသူများပင် သူ့ကို ဆလန်သရ၏။ စစ်အေးနှင့်ထီအောင် ရင်တွန်း တစ်ယောက် တစ်လက်ဖြင့် တံတားချိုင် . . . ရိုးထဲဆင်းသွားသည်။

" စစ်အေး . . . ရိုးစောင်းကကပ်တွန်း . . . အလယ်ကို မဆင်းနဲ့ . . . "

သူပြောသည့်အတိုင်းပင် ရိုးစောင်းက ကပ်တွန်းသည်။ ရင်တွန်းမှာ ငါးရှူ . . . ငါးကျည်း . . . ငါးပြေမ . . .ငါးသံချိတ် တွေ အထွေးလိုက် . . . စစ်အေး ဘေးမှာလွယ်ထားသည့် ပလိုင်းထဲသို့ ငါးတွေ ကောက်ထည့်သည်။





ငါးတွေ ပလိုင်းတစ်လုံးနီးပါးရသည်နှင့် ရွာထဲသို့ သူတို့ ပြန်လာကြသည်။ စစ်အေး သူရသည့် ငါးပလိုင်းကို အမေ့ လက်သို့အပ်သည်။ အမေလည်း ဟင်းစားကြွေးစားရ . . . ငွေစကလေးလည်း ရှင်သည်။

ငါးရောင်းရသည့် ပိုက်ဆံအချို့ . . . အမေ့ကိုပေးပြီး ကျန်သည့်ငွေကို သူယူ၏။ စစ်အေးမှာ ရည်ရွယ်ချက်ရှိသည်။ ဘယ်သူ့ရင်းငှားဘဝက လွတ်မြောက်ဖို့ လယ်ပိုင်ဖြစ်ဖို့ . . . ။

လယ်ပိုင်ဖြစ်ဖို့ ငွေကြေးမြောက်များစွာလိုသည်။ ငွေကြေးရဖို့အတွက် သူ့လုပ်အား၌ စပါးကို ရောင်းချရုံနှင့် မဖြစ်နိုင်။ အမေ့အတွက် ဝမ်းစာတောင်အနိုင်နိုင်။ သည်တော့ ဘာလုပ်ရမလဲ။

ထီအောင့်တပည့်ခံပြီး ငါးဖားရောင်းရသည်။ ငွေစ ကြေးစလေးတွေ စုဆောင်းသည်။ အောင်ဘာလေ ထီထိုးရမည်။ အင်္ဂလိပ်မီးနင်းစာအုပ်တွေ ဝယ်ရမည်။ စစ်အေးက လှချင်စိတ် မရှိ။ အဝတ်အစားဝယ်ဖို့ စိတ်မကူး။ ရွယ်တူလူငယ်တွေနှင့် ခြားနားနေ၏။

ထီအောင့်ဆိုက်ကားကြုံနှင့် ရေကြည်ဘူတာသို့ စစ်အေး လိုက်ပါခဲ့သည်။ ရေကြည်ဘူတာရုံဘေးတွင် . . . ဘန်တော်ကြီးထီဆိုင်နှင့် စာပေဆိုင်ကလေးရှိသည်။

စစ်အေး . . . ထီတစ်စောင်ထိုးပြီး အင်္ဂလိပ်မီးနင်း စာအုပ်တစ်အုပ်ဝယ်ပြီး ထီအောင့်ကိုစောင့်သည်။ ဘူတာရုံ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဘုတ်ကို ဖတ်ခွင့်ရသည်။ ဝိုင်းစက်နေသော စာလုံးကြီးဖြင့် ရေကြည်ဟု မြန်မာလိုရေးထားသည့် စာတန်းအောက်တွင် အင်္ဂလိပ်စာဖြင့်ရေးထားသည်။ (YEKYI) တဲ့ . . . ။

" ဝိုင်အီးခေဝိုင်အိုင် . . . ရေကြည် . . . "

လယ်သမားလေးစစ်အေး လယ်ကွင်းမှသည် ပြင်ပလောကဆီသို့ တောင်ပံဖြန့်ထွက်လာခြင်းဖြစ်သည်။ ပုသိမ်ဖက်မှလာသောရထားက ရေကြည်ဘူတာသို့ဝင်လာသည်။ စစ်အေး တအံ့တသြ ငေးမောနေမိသည်။ ဒီဇယ်စက်ခေါင်းကြီးက စစ်အေးအဖို့ အမြင်ဆန်းနေ၏။ စက်ခေါင်းရှိရာသို့ သူအပြေးအလွှားသွားကြည့်သည်။ ကက်ဦးထုပ်အဖြူဆောင်းပြီး ရုပ်လက်တို့ ဘောင်းဘီပြာနှင့် စက်ဗိုကိုကြည့်ပြီး သဘောကျသည်။

စက်ခေါင်းအောက် ဖရိန်တွင် စက်ခေါင်းလုပ်သည့် အင်္ဂလိပ်စာတန်းရှိသည်။

" MADE IN FRANCE "

စစ်အေး အသံထွက်၍ စာလုံးပေါင်းကြည့်သည်။ အမ်(မ်)အေဒီအီး . . . မိတ်(ဒ်)၊ အိုင်အယ်(န်) အင် . . . FRANCE စာလုံးပေါင်းကို သူမသိ . . . အသံမထွက်တတ်။

ရထားထိန်း အလံစိမ်းအပြကို စောင့်ကြည့်နေသော စက်ဗိုကြီးကို သူသိချင်တာလှမ်းမေးသည်။

" ဦးလေး . . . ဦးလေး . . . ဒီစက်ခေါင်းက ဘယ်မှာလုပ်တာလဲ "





စက်ဗိုက ရုတ်တရက်မို့ အံ့သြသွားသည်။ ထိုသူကလည်း ရွှတ်နောက်နောက် . . . ။

" ဟေ . . . ဘာဖြစ်လို့လဲ မင်းဝယ်ချင်လို့လား "

" မဟုတ်ပါဘူး ဦးလေးရဲ့ . . . သိချင်လို့ပါ "

သူမောင်းရသည့် လမ်းကြောင်းတစ်လျှောက် သည်လိုစပ်စုသည့်လူငယ်မျိုး တွေ့ဖူးမည်မထင်။

" မိ(ဒ်) အင်(န်) ဖရန့်(စ်)ဆိုတာ ပြင်သစ်မှာလုပ်တာပေါ့ကွ . . . ငါ့လူရ . . . "

နောက်ဆုံးရထားထိန်းတွဲမှ အလံစိမ်းပြနေစဉ် စက်ဗိုကြီး ရထားဟွန်းပေးနေပြီ . . . ။

" ဘော် . . . ဘူး . . . ဘော် . . . "

အင်ဂျင်သံဆူညံသွားပြီး စက်ခေါင်းအမိုးပေါ်မှ မီးခိုးလုံးတွေ မည်းတက်လာပြီး ရထားထွက်ခွာသည်။ MADE IN FRANCE ဆိုတာ ပြင်သစ်မှာလုပ်သည်တဲ့ . . . ။ စစ်အေး မှတ်မိအောင်ရွတ်ဆိုရင်း ဘူတာဂိတ်မှာ ထီအောင့်ကိုရှာသည်။

ထီအောင် . . . လူတစ်ယောက်တင်ပြီး ရှုတိုင်းယဉ်ဓါတ်ပုံတိုက်ရှေ့နားတွင် စောင့်နေသည်။

" မြန်မြန်လာကွ . . . မင်းကိုစောင့်နေတာ . . . "

စစ်အေး . . . ထီအောင့်ဆိုက်ကားကို အရှိန်ရအောင်တွန်းပြီး နောက်ကခုန်တက်သည်။

စစ်အေး ထီအောင့်ဆိုက်ကားနှင့် ရေကြည်မြို့ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ခြင်းကြောင့် သူ့မှာ အသိတရားတစ်ခု တိုးပွားခဲ့သည်
လယ်သမား လူငယ်လေးတစ်ယောက် ပုသိမ်–ကြံခင်းလမ်းပို
တွင် ပြေးဆွဲနေသော ဒီဇယ်စက်ခေါင်းသည် ပြင်သစ်နိုင်ငံလ
စက်ခေါင်းအဖြစ် သိခွင့်ရခဲ့သည်။

သာမန်အကြောင်းအရာမျှသာဖြစ်သော်လည်း အမြေ
ပညာလောက်သာတတ်မြောက်ခဲ့သော . . . စစ်အေးအ
အောင်မြင်မှုတစ်ခုဖြစ်၏။ စစ်အေးအတွက် လောကကြီးထဲမှ
သင်ယူစရာတွေ မကုန်ခမ်းနိုင်အောင်ရှိနေသည်။ သေလွ
သည်အထိ ကုန်ဆုံးနိုင်မည်မဟုတ်။

အဘယ့်ကြောင့်မူ ကမ္ဘာပေါ်တွင် အလုံးစုံတတ်ကျွမ်း
သောပညာရှင်မရှိခဲ့၍ဖြစ်သည်။ သို့သော် စစ်အေးသည် လူသာ
တွေ အသက်ရှင်ရပ်တည်ဖို့ အရေးပါသော သာမန်လူသာ
တစ်ယောက်ဖြစ်ခဲ့၏။

ပီတောက်ချောင်ခွတွင် ခရီးသည်ဆင်းသည်။ ဆိုက်ကာ
ပေါ်တွင် ထီအောင်ကအခန့်သား . . . စစ်အေးနင်းသည့်
စီး၍ လိုက်ပါလာ၏။

စစ်အေး အပျော်တွေအပြည့်နှင့် ဆိုက်ကားနင်းလာ
သည်။ သူ့ထံတွင် သင်အံ့ကျက်မှတ်စရာ အင်္ဂလိပ်စာအုပ်နှ
ကြိုက်သလို စိတ်ကူးယဉ်ပိုင်ခွင့်ရှိသော အောင်ဘာလေ
လက်မှတ်တစ်စောင်ကို ပိုင်ဆိုင်ထားပြီ။

ပီတောက်ချောင်မှာရုံလွန်ကတည်းက စိတ်ကူးယ





ည်။ လူက ဆိုက်ကားကိုနင်းနေသော်လည်း စိတ်အာရုံက
က်ကားမှာမရှိ။ ထီလက်မှတ်လေးတကိုင်ကိုင်နှင့် စစ်အေး
က်အနှန်းသီးရသလို . . . ဘယ်နေရာသိမ်းရမှန်းမသိ။
က်သွားမှအခက်။

စစ်အေးရှိရာသို့ အမေနှင့်ဦးသိန်းအောင်ကြီးရောက်လာ
ည်။ ကန်တော်ကြီးက ဦးသိန်းအောင်လိုက်လာတာဆိုတော့
ပေါက်နေပြီလား . . . ရင်ခုန်လာသည် . . . ။ သူဝယ်လာ
သည့် အင်္ဂလိပ်စာအုပ်ထဲမှ ထီလက်မှတ်ကိုယူပြီး ပြန်ထွက်လာ
ည်။ ဦးသိန်းအောင်က စက်ဘီးဒေါက်ထောက်ကာ . . .

“ စစ်အေးဆိုတာ ညီလေးလား . . . ”

“ ဟုတ် . . . ဟုတ်ကဲ့ . . . ”

“ သိန်းထီပေါက်လျှင် . . . လယ်ပိုင်ရှင်ဆိုတဲ့ အတိတ်နဲ့
လက်မှတ်က ဆယ်သိန်းဆုပေါက်တယ် . . . အဲဒါ
ပြောတာ . . . ”

စစ်အေးရင်ထဲမှာ ဒီဇယ်စက်ခေါင်းကြီးနှိုးလိုက်သလို
ုန်းဝုန်းနှင့် . . . တုန်ခါနေသည်။ သူတို့ပြောသံကြားနေရ
သော ခင်မွန် စစ်အေးရှိရာသို့ ဝမ်းသာအားရ ပြေးလာသည်။
အေး ခင်မွန့်ကို ညာလက်ဖြင့်သိုင်းဖက်သည်။ ဘယ်ဖက်မှာ
အမေ . . . ။ ဝမ်းသာလွန်းသဖြင့် သူတို့ကို ဖက်ထားသော
က်နှစ်ဖက်ကို ကောင်းကင်ပေါ်မြှောက်တင်လိုက်ပြီး အသံကုန်
ြီးအော်ပစ်လိုက်သည်။

www.burmeseclassic.com



" ဟေး . . . စစ်အေး လယ်ပိုင်ရှင်ဖြစ်ပြီကွ "

စစ်အေးလက်နှစ်ဖက်မြှောက်လိုက်သည်နှင့် အရှိန်ဖြင့် နင်းလာသောဆိုက်ကားက မြွေတစ်ကောင်လို ခါရမ်းတွန့်လိမ်၍ လမ်းအရှေ့ဘက်ချောက်ထဲသို့ ထိုးကျပြီး မှောက်သွားသည်။ စစ်အေးရော ထီအောင်ပါ ဆိုက်ကားအောက်တွင် ပိနေ၏။ ဆိုက်ကားဘီးတွေက မိုးပေါ်ထောင်လျက် လည်နေဆဲ. . .။

လမ်းဘေးက အမြင်မတော်သူတွေ ဝိုင်းကူမှ သူတို့ ဆိုက်ကားအောက်မှ ထွက်လာကြသည်။ ဆိုက်ကားကို ပြန်ထောင်သည်။ ကံကောင်းထောက်မ၍ အပျက်အစီးမရှိ။ ပျက်လျှင်လည်း စစ်အေးက စားစရာရှိပြီး လျော်စရာရှိမည့်ကောင်မဟုတ်။ သူတို့နှစ်ယောက် ဆိုက်ကားကို တာပေါ် တွန်းတင်ပြီး ထီအောင်က ပြန်နင်းသည်။ ဒီလုံးချိုင်တံတားကို ဖြတ်အနင်း ထီအောင်က မျက်လုံးမျက်ဆန်ပြူးလျက် . . .

" ဒီချောက်ထဲသာ ထိုးကျလို့ကတော့ မင်းလည်းလယ်ပိုင်ရှင်မဖြစ်။ ငါက မင်းနဲ့ရောပြီး အချောင် နတ်စိမ်းဖြစ်ကုန်မှာ"

" နိမိတ်မရှိ . . . နမာမရှိတွေ လျှောက်မပြောနဲ့။ ငါ လယ်ပိုင်ရှင်ဖြစ်ရင် . . . မင်းကို သူကောင်းပြုမှာပါကွ . . ."

" တော်ပါပြီ . . . မောင်စစ်အေးရာ . . . မင်းလုပ်လိုက်ရင်တော့ . . . မှတ်လောက်သားလောက်စရာချည်းပဲ"

ဆိုက်ကားပေါ်ကဆင်းပြီး စစ်အေး . . . အမေ့အိမ်ခြံဝင်သည်။ ထီလက်မှတ်ကို အမေ့အပ်ခဲ့ပြီး သူ့အောင်မြေသို့





[ပြ]န်လာခဲ့သည်။ သူ့ကိုမြင်သည်နှင့် ခင်မှုန် ခြံထဲဆင်းလာသည်။

" စစ်အေး . . . နင် ဆိုက်ကားမှောက်လို့ဆို . . . "

" ဟင် . . . "

လူကအိမ်မရောက်သေး။ သတင်းကကြိုရောက်နှင့်ပြီ။ [ရွာ]ကျူးလက်မီဒီယာက လျင်မြန်လှ၏။ စစ်အေးအံ့သြနေသည်။

" နင် ဘယ်လိုလုပ်သိနေတာလဲ ခင်မှုန် "

" စောစောက ခနီဆိုက်ကားကြီးနဲ့ ကိုကြွက်နီ လှမ်း[ပြော]အော်သွားတာ . . . "

ခင်မှုန်က စစ်အေးအကဲကိုကြည့်ပြီး . . .

" ဘယ်လိုဖြစ်တာလဲ . . . စစ်အေးရယ် . . . "

စစ်အေးက မျက်နှာပိုးမသေ ပြုံးဖြီးဖြီးလုပ်ကာ . . .

" အဟီး . . . ငါလယ်ပိုင်ရှင် ဖြစ်ခါနီးလို့ပေါ့ဟ "

ခင်မှုန် . . . စစ်အေးကိုယ်ပေါ်မှာ ဘာဒဏ်ရာမှမတွေ့။ [ဒါ]ဆို . . . ဒီကောင် အတွင်းကြေ့ကြေသွားတာလားမသိ။

" မစိုးရိမ်ပါနဲ့ ခင်မှုန်ရာ . . . ငါ ဘာမှမဖြစ်ပါဘူး။ [ငါ] ဒီနေ့ထီလက်မှတ်တစ်စောင် ဝယ်လာလို့။ လယ်ပိုင်ရှင်[ဖြ]စ်ခါနီးပြီလို့ ပြောတာ . . . "

ခင်မှုန်အပြုံးတစ်ပွင့်လက်၍ အိမ်ပေါ်ပြန်တက်သွားသည်။ မှောင်ရီပျိုးသည်နှင့် ပုစဉ်းရင်ကွဲတွေ မိုးတွင်း၏[ည]လေးဘက် နောက်ခံဖွင့်သည်။ ကျွန်ုပ်တို့ဇာတ်လိုက် စစ်အေး[သည်]ကွပ်ပျစ်ပေါ် စမ်းလျားမှောက်လျက် . . . မီးတိုင်တစ်လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်က ဝယ်ခဲ့သော အင်္ဂလိပ်စာအုပ်ကို ဟိုလှန် သည်လှန် လုပ်နေ၏။

စာအုပ်အလယ်လောက်တွင် . . . သူနှင့်ရင်းနှီးကျွမ်းဝင်သော စာတန်းတစ်ခုကိုတွေ့သည်။ ဒါ ဘယ်မှာတွေ့ဖူးပါလိမ့်။ စစ်အေး မေးစေ့ပွတ်လိုက် . . . ခေါင်းကုတ်လိုက် . . . မျက်စိစုံမှိတ်လိုက်နှင့် ခေါင်းတွေမူးထူလာသည်။ အတန်ကြာတော့ ခေါင်းထဲကမီးလုံးလေး ဖျတ်ခနဲ ပွင့်လာသည်။

" ဟား . . . ဟုတ်ပြီ . . . "

ကိုစိန်လှ . . . စက်ဘီးမှာပါသည့်စာတန်း . . . ။

သူ . . . အားရဝမ်းသာ စာလုံးပေါင်းသည်။ မြန်မာလို ရေးထားသည့် အသံထွက်ကိုဖတ်ပြီး အဓိပ္ပါယ်ကိုကြည့်သည်။

(HEAVY INDUSTRY)

" ဟဲဗီး . . . အင်ဒပ်စထရီ . . . အကြီးစားစက်မှုလုပ်ငန်းတဲ့ "

စစ်အေး သိလိုသည့် ပဟေဠိကို . . . ညဉ့်နက်သည် အထိ အဖြေရှာသည်။ စိတ်လျှော့ပြီး အိပ်မည်လုပ်ခါမှ အကြံရလာသည်။

" က.စ.လ ဆိုတာ မြန်မာစာအတိုကောက်ရေးတာဆိုတော့ . . . အင်း . . . အဲ . . . ဟုတ်ပြီ "

စစ်အေး ခဲတံတိုဖြင့် စာရွက်လွတ်ပေါ်မှာ အကြီးစားစက်မှုလုပ်ငန်းစာတန်းကို ချရေးသည်။





အကြီးစား စက်မှုလုပ်ငန်း . . .
✓ ✓ ✓

သူ့စိတ်ကူးဖြင့် က.စ.လ အက္ခရာပါသောစာလုံး အောက်တွင် ခဲတံဖြင့် အမှတ်အသားလုပ်သည်။ အထက်ပုံတွင် ပါသည့်အတိုင်းမြင်ရ၏။ အားလုံးက စစ်အေးကို ဆုံးဖြတ်ပေးကြ၏။ စစ်အေးကတော့ ကိုစိန်လှစက်ဘီးဟု သမုတ်ခဲ့သော အကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော မောင်ဗမာစက်ဘီး ဆိုတာ ခုမှသိရတော့သည်။

မသိသူက . . . မတတ်သူကို ဖြီး။ မတတ်သူက အင်ရာနာမည်ပေးနှင့် မတတ်ခြင်းနှင့်မသိခြင်းကို သူနားလည်လာသည်။

မောင်ဗမာ က.စ.လ . . . ဟဲဗီးအင်ဒတ်စထရီ စသည့်ကို နက်ဖြန်ကျရင် ထီအောင့်ကိုအားရပါးရပြောရမည်။ အသိညာဖြန့်ဝေရမည်။

ဒါပေမယ့် သူတို့ချစ်စနိုးပေးထားသည့် နာမည်ကိုတော့ မှုံသိမ်းမည်မဟုတ်။ သည်အတိုင်းဆက်ခေါ်ကြဖို့ ထီအောင်နှင့် ဆွေးနွေးရမည်။ ထိုညနိဂုံးချုပ်ကို မီးမှုတ်၍ ကျေနပ်စွာ အိပ်ပစ်လိုက်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ဆူနာမြူဆရာမလေး စင်မွန်၏
## အတွင်းလှူနာ . . . စစ်အေး

အင်္ဂလိပ်စာအခြေခံမှ (V,)၊ (V,)၊ (V,)၊ (V,)ထိတက်လာပြီး (SETENCE)ဝါကျဖွဲ့စည်းပုံအထိ စစ်အေး အင်္ဂလိပ်စာ (COURSE)တွေ တဖြည်းဖြည်း မြင့်လာသည်။ စပါးစိုက်ပြီးချိန် စစ်အေးအဖို့ အသက်ရှူချောင်သည်။ သို့သော် လုံးဝအားလပ်နေသည်တော့မဟုတ်။ မိုးတွင်းမို့ သူ့မိတ်ဆွေတစ်ရှဉ်း . . . လျှာရင်းမြက်စေဖို့ မြက်ရိတ်ထွက်ရသည်။

မြက်လည်းရှင်း ကန်သင်းလည်းပြောင် တစ်ချက်ရိတ်များစွာပြောင်သည့်နည်း။ ကန်သင်းဘောင်ပေါ်ပေါက်နေသည့် မြက်ချုံမြက်နုကလေးတွေကို လိုက်ရိတ်သည်။

ကန်သင်းပေါ်က ရှည်လျားနေသည့် ဆံပင်ဘုတ်သိုက်ကို သ,ပေးနေသော ဆံသသမားနှင့်တူနေသေးတော့။ ကန်သင်းပေါ် ရိတ်စရာကုန်တော့ တစ်နေရာပြောင်းသည်။

လယ်စောင်းရှိ စားကျက်ကုန်းပေါ်တွင် တုံးတင်ခွ မြက်တွေ ကပ္ပလီကြီးဆံပင်လို ထူထဲကျစ်ခဲစွာပေါက်နေသည် စစ်အေး အလွန်တရာ သဘောကျသွား၏။ အကြောင်းမူ သူ့ မိတ်ဆွေနှစ်ကောင်က တုံးတင်ခွမြက်ကို ကြိုက်သည်ကိုး။





သူ့မိတ်ဆွေများအတွက် သူများလက်ဦးမှုမရခင် းတင်ခွမြက်တွေကို စစ်အေး လောဘတကြီး ရိတ်သည်။ စ်နွေလုံး ကောက်ရိုးခြောက်ဝါးနေရသော သူတို့ . . . တွင်းကာလလေးတစ်လျှောက် စိမ်းစိမ်းစိုစို စားကြပါစေ သည့် စေတနာစိတ်ဖြင့် စစ်အေးရိတ်သည်။

မြက်ပင်တွေကို တံစဉ်ဦးဖြင့်ချိတ်ယူပြီး လက်ဖြင့် ပ်ကိုင်သည်။ တံစဉ်ကို ညာလက်ဖြင့်ဆွဲလိုက်သည်တွင် ဉ်က အလိုက်သင့်ပါမလာပဲ တစ်စုံတစ်ခုဖြင့် ချိတ်မိပြီး ထွက်လာသည်။

" ဟိုက် . . . သွားပြီ . . . "

တံစဉ်သွားအထစ်တွေက စစ်အေးလက်ညှိုးကို အဖြတ် သွားတွေ . . . ဝေါက်ခနဲ ပန်းထွက်လာသည်။ ဒဏ်ရာကအများ း အရိုးထိလုလု . . . ။ ဒါတောင် သူ သတိကောင်းလို့ ာတ်လျှင် လက်ညှိုးတိခနဲ ပြတ်သွားနိုင်သည်။

စစ်အေး ပေပြီး ဆက်ရိတ်သည် . . . မရ။ သွေးထွက် း၍ လက်ကနာလာသည်။ သည်အတိုင်းနေလို့မဖြစ်။ းကျက်ကုန်းစောင်းမှပေါက်နေသည့် ကုန်းဗေဒါရွက်တွေ ာ လက်ဖဝါးနှစ်ဖက်ဖြင့် ချေသည်။ ထွက်လာသည့် အရည် ဒဏ်ရာပေါ် ညှစ်ချသည်။

" အိုဗျ . . . မွေးသမိခင် စပ်လို့သေပါပြီ ရှီး ရှီး"

ချေပြီးသား ကုန်းဗေဒါရွက်ကို ဒဏ်ရာပေါ်အုံကာ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောရွက်ခြောက်နှင့် ပတ်သည်။ အပေါ်က ငှက်ပျောကြိုး ဖြင့်ချည်သည်။

စစ်အေး ရိတ်ပြီးသားမြက်တွေကို ဆိုင်းထမ်းထဲ စုထည့် သည်။ ဆိုင်ထမ်းနှစ်ထမ်းအပြည့်။ ထမ်းပိုးလျှိုပြီးထမ်းကာ တင်းကုပ်ရှိရာသို့ သုတ်ခြေတင်ပြန်ခဲ့သည်။

ခင်မှုန် ရေတုံကင်လှုပ်နေရာမှ မြက်ထမ်းကြီးဖြင့် သုတ်သီးသုတ်ပြာဝင်လာသော စစ်အေးကိုလှမ်းကြည့်သည်။

" ဘာဖြစ်လာတာလဲ မသိဘူး . . . "

ခင်မှုန်က တီးတိုးရေရွတ်ရင်း ရေဆက်နှိပ်သည် . . ။ ရေတွေက ပုံးအပြင်လျှံကျနေသည်။ သူ့စိတ်က စစ်အေးဆီမှာ။

စစ်အေးမျက်နှာက ရှုံ့မဲ့နေသည်။ မြက်ဆိုင်းကို ကိုင်ထားသောဘယ်ဖက်လက်မှာ ပတ်တီးနှင့်သွေးစက်တွေ ကျ နေသည်။ ခင်မှုန် ရေနှိပ်ရာမှ ရပ်ပြီး စစ်အေးရှိရာသို့ ပြေးလာ၏။

စစ်အေး မြက်တွေကို မြက်စင်ထဲ ထည့်သည်။ ခင်မှုန် စစ်အေးလက်ကို ဆွဲယူသည်။

" အ . . . ကျွတ် . . . ကျွတ် . . . ကျွတ် "

" စစ်အေး နင့်လက် တံစဉ်ထိတာလား . . . "

စစ်အေး စကားများများမပြောနိုင်။ မြက်ဆိုင်းထဲက မြက်တွေကုန်သည်နှင့် ဝါးကွပ်ပျစ်ပေါ် လှဲလိုက်သည်။ မျက်လုံး တွေက ပြာချင်သလိုလို . . . သွေးထွက်များ၍ဖြစ်သည်။

ခင်မှုန် . . . စစ်အေးလက်ကို ညင်သာစွာယူလိုက်ပြီး





ငှက်ပျောရွက်ခြောက်ပတ်တီးကို ဖြေသည်။ ဒဏ်ရာပေါ်အုံထား သည့် ကုန်းဗေဒါရွက်တွေ ဖယ်ကြည့်တော့ တံစဉ်ထိထားသည့် ဒဏ်ရာက အရိုးထိမတတ်။

" အို . . . ဘုရား . . . ဘုရား . . . "

ခင်မှုန် ဘုရားတ,ရင်း သူ့ရင်ဘက်ကို ဖိမိသည်။

" နည်းနည်းနော‌နောမှ . . . မဟုတ်တာ "

ခင်မှုန် အိမ်သို့ အမြန်ပြန်သည်။

အိမ်ဦးခန်းတွင် တရားစာဖတ်နေသော ဦးပွားတင်က အလောတကြီးဝင်လာသော ခင်မှုန့်ကို ကြည့်ရင်း . . .

" ခင်မှုန် . . . ဘာရှာနေတာလဲ . . . "

" စစ်အေးလက် တံစဉ်ထိသွားလို့ အဖေ . . . ဆေးတော်များတယ် . . . အဲဒါ အရက်ပျံထည့်ပေးမလို့ လိုက်ရှာနေတာ "

ဦးပွားတင် မျက်မှန်ကို မ,တင်လိုက်ပြီး ခင်မှုန့်ကို လှမ်း ကြည့်သည်။

" ဘုရားစင်နောက်က သောင်ပေါ်မှာစမ်းကြည့် "

ခင်မှုန် . . . ဘုရားကျောင်း ပုဏ္ဏကွယ်နောက်ကို မေးသည်။ ဘီ.ပီ.အိုင်ထုတ် အရက်ပျံပုလင်းကိုတွေ့သည်။ သူ့စာကြည့်စားပွဲ အံဆွဲထဲမှာ ဂွမ်းလိပ်ရှိသည်။ သည်ပစ္စည်း တွေ သူ ကျောင်းကြက်ခြေနီသင်တန်းတုန်းက ရခဲ့တာဖြစ်သည်။

ဘယ်ပစ္စည်းမဆို . . . အရေးကြုံလျှင် သူ့ရှာနှင့်သူ



www.burmeseclassic.com

www.burmeseclassic.com



အသုံးဝင်စမြဲ။ အံဆွဲထဲမှာ ဆေးနီဘူးကိုရှာသည်။ အံဆွဲအ နောက်ထောင့်ထဲတွင် ကပ်နေသည်။

ခင်မှုန် ပစ္စည်းတွေယူပြီး တင်းကုပ်ထဲ ပြန်ဆင်းလာ သည်။ ဦးပွားတင်ကဇော့ ခမ္မရိပ်အောက်တွင် အေးနေသည်။

စစ်အေး မျက်လုံးမှိတ်ပြီး ညည်းနေသည်။

" အင်း . . . ဟင်း . . . ဟင်း "

" စစ်အေး . . . စစ်အေး . . . "

ခင်မှုန့်အသံကြားမှ စစ်အေးမျက်လုံးပွင့်လာသည်။ ခင်မှုန်က စစ်အေးဘယ်လက်ကို ညင်သာစွာဆွဲယူသည်။

" ဆေးထည့်မယ် နည်းနည်းတော့စပ်မယ် သိလား"

" စပ်စပ်ဟာ . . . မြန်မြန်ပျောက်ရင် တော်ပြီ "

စစ်အေးဘဝက အနာရှိ၍လည်း အနားမရ။ လုပ်စရာ တွေတစ်ပုံတစ်ပင်ကြီး။ အနာပျောက်မှ လူသက်သာမည်။ ခင်မှုန် က စစ်အေးလက်ညှိုးကိုကိုင်ပြီး အရက်ပျံလောင်းချသည်။

" ဟရေး . . . ဟရေး . . . ဟရေး "

စစ်အေး စပ်လွန်း၍ဘာတွေ အော်မှန်းမသိ။ ခင်မှုန်က ဂွမ်းစပေါ်တွင် ဆေးနီဆွတ်ပြီး ဒဏ်ရာပေါ်မှာ လုံခြုံအောင် ကပ်ပေးသည်။ စစ်အေးခမောက်က မေးသိုင်းကြိုးလုပ်သည့် ပိတ်စကို ဖြုတ်ယူပြီး သူ့လက်မှာ ပတ်တီးပတ်ပေးသည်။

စစ်အေး . . . ခင်မှုန့်ဦးခေါင်းကို ညာလက်ဖြင့်ဆွဲ ယူပြီး သူ့မျက်နှာနှင့် နီးကပ်အောင်ဖိထားကာ . . .





" ရွှတ် . . . "

" အိုး . . . ဘာလုပ်တာလဲ . . . "

ခင်မှုန့်ပါးပြင်တွင် ရှက်သွေးတွေ ရဲရဲနီ၏။ စစ်အေးက တောင်းပန်တိုးလျှိုးသော မျက်နှာဖြင့် . . .

" နင့်မေတ္တာစေတနာကို တုန့်ပြန်ဖို့ ငါတတ်နိုင်တာ အဲဒါပဲရှိတယ် . . . "

" ဩော် . . . ဩော် . . . နင် တော်တော်နစ်နာနေ ဦးမယ် အကောင် . . . အတတ်ကောင်း တော်တော်တတ် "

ခင်မှုန် တစ်ဖက်က မေတ္တာစေတနာဖြင့် ပြုစုပေးသော် လည်း တစ်ဖက်က ကမ်းတက်လာမည်စိုး၍ စစ်အေးခါးကို ခပ်ဖွဖွ လိမ်လိုက်သည်။

" အိုဗျ . . . မွေးသမိခင် . . . "

" မှတ်ထား . . . နောက်ကို အကဲမပိုနဲ့ ကြားလား"

ခင်မှုန် တင်းကုပ်ထဲ ကြာကြာနေ၍မဖြစ်။ တော်ကြာ သူ့အဖေဆင်းလာ၍ တည့်တည့်တိုးလျှင် ကိုယ်ကျိုးနည်းလိမ့် မည်။ အရက်ပျံပုလင်းတွေယူ၍ အိမ်ပေါ်ပြန်တက်ခဲ့သည်။

ထိုနေ့မှစ၍ . . . စစ်အေးသည် သူနာပြုဆရာမလေး ခင်မှုန်၏အတွင်းလူနာ ဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အသေချာတဲ့ . . . ရွှေဘဝ

စစ်အေး ဝိတောက်ချောင်အရောက် ရေကြည်ရုပ်ရှင်ရုံမှ ရုပ်ရှင်ကြော်ငြာလှည့်သည့် မြင်းလှည်းတစ်စီး . . . ဘင်သံ ရကွင်းသံ တညံညံနှင့် လမ်းခွတွင်ရပ်၍ ကြေငြာတော့သည်။

" ကွီ . . . ဂေါ် . . . ဟာလို တက်စတင် . . . ဂွီ "

" ဒိန်းချမ်း . . ဒိန်းချမ်း . . . ဒိန်းချမ်းချမ်း . . "

" မြို့မရပ်ကွက် . . . ဝိတောက်ချောင်ပိုင်းရှိ . . . ကွီ . . . ရုပ်ရှင်ချစ် . . . ပရိတ်သတ်အပေါင်းတို့ . . . မင်္ဂလာညချမ်း အခါမှာဖြင့် တစ်နေ့တာပင်ပန်းနွမ်းနယ်သမျှ ဂေါ် . . . ခဏတာ အပန်းပြေစေဖို့ . . . ဒိန်းချမ်း . . . ဒိန်းချမ်းချမ်း "

" ရေကြည်မြို့ကျက်သရေဆောင် ရုပ်ရှင်ရုံတော်ကြီးတွင် . . . ဒိန် . . . ချမ်းချမ်း" တင်ဆက်ပြသမည့် ဇာတ်ကားကတော့ ယနေ့ပြည်တော်ချစ် မင်းသားချော ရွှေဘ၊ ပြည်သူ့ဘက်ကရပ်တည်ပြီး . . . ပြည်သူကို ငွေကြေးဖြင့်အနိုင်ယူ ထင်ရာစိုင်းတဲ့ မနေရှင်မြေရှင်တွေကို အပြတ်အသတ်အနိုင်ယူတဲ့ ရွှေဘ . . . အသေချာတဲ့ . . . ရွှေဘပါဝင်သည့် . . . ဒိန်းချမ်း ဒိန်းချမ်းချမ်း . . . ဒါလားကွ အချစ်ဆိုတဲ့ . . . ရုပ်ရှင်ကားကြီးကို ဖြင့် အားရပါးရ တစ်ဝကြီး ရှုစားကြဖို့ . . . အချိန်မဖြုံးဘဲ





အိမ်လုံးသာ ကြွခဲ့ကြဖို့ မိတ်မှန်သမျှ ဖိတ်မန္တကပြုလိုက် ကြောင်း . . . "

" ဒိန်းချမ်း . . . ဒိန်းချမ်း . . . ဒိန်းချမ်းချမ်း "

ဒီည . . . ရုပ်ရှင်က ပွဲကြမ်းပြီ။ ထို့နည်းတူ . . . ကြီးပွားတို့အိမ် ဒီညနေ လူဝင်လူထွက် ကြမ်းတော့မည်။ ထောင်၊ ဒန်အိုး၊ ချိန်ခွင်ပါမကျန် သယ်ဆောင်ပြီး ဒီည ဘနှင့်တွေ့ဖို့ ငွေရှာကြတော့မည်။ ထီအောင်တို့လို ငါးရှာ ရှာကောင်းသည့်ကောင်တွေကတော့ . . . ဘကြီးပွားနှင့် သက်စရာမလို . . . ။

ဒေါ်ဘုတ်နှင့်ဆိုလျှင် ဝေလာဝေး . . . ။

စစ်အေး . . . ဝိတောက်ချောင်ကုန်စုံဆိုင်ထဲမှ ဈေးဝယ် ဆောင့်ရင်း ပြုံးနေမိသည်။

" စစ်အေး . . . ကုန်ချိန်မလို့လား . . . ပေး . . . င်းစာရင်း "

အရီးဘုတို မြို့ဈေး မတက်နိုင်သည့်အချိန်မျိုးမှာ တောက်ချောင်ကုန်စုံဆိုင်တွင် လိုအပ်သည့်ပစ္စည်းများကို ရင်းရေးကာ စစ်အေးကို ဝယ်ခိုင်းလေ့ရှိသည်။

ကုန်ချိန်ပြီး . . . ဘောက်ချာရေးပေးသည်။ စစ်အေး ရှင်းပြီး ပစ္စည်းတွေ ခွဲတောင်းထဲ ထည့်သည်။ အားလုံးစုံ သည်နှင့် တောင်းကို ဘကြီးပွား၏စီးတော် ကိုစိန်လုစက်ဘီး နောက်ကယ်ရီယာတွင် ညှပ်သည်။ အုန်းဆံကြိုးဖြင့် ကြက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ခတ် တုပ်နှောင်ပြီး ဆိုင်ထဲမှ ထွက်ခဲ့သည်။

မြို့ကျောင်းမှကျောင်းသားတွေ ခြေလျင်တစ်မျိုး စက်... နှင့်တစ်ဖုံ ကျောင်းဆင်းလာကြပြီ။ ပိတောက်ချောင်းခွမှာ ... ထိုးသည့် အငှားယာဉ်တစ်စီးကို စစ်အေးလှမ်းပြီး စပ်စုသည်...

" ကုလား ... ကျောင်းသားတွေ ပြန်လာတာကြာ... လား ... "

" ဟော့အေး ... ခုမှပြန်လာကြတာ ... "

ခင်မှုန်က ကျောင်းလွှတ်လျှင် အမြဲရှေ့ဆုံးက။ စစ်အေး... ဖြိုက်ပုံ ... လမ်းဆုံမှ ရွာဖက်ကိုမျှော်ကြည့်သည်။

" ဟော ... ဟိုရှေ့က ... ဗီးဆင့်အစိမ်း "

ဟုတ်သည်။ ခင်မှုန်မှ ... ခင်မှုန်အစစ်။ ဘေးမှမြေ... သင်းပင်းအပြည့်နှင့် မယ်မင်းကြီးမက ခပ်လှမ်းလှမ်းရောက်နေ...

စစ်အေး ... သူ့ဘီးကို ဒုန်းနင်းသည်။ ရွှေကျော... ဘုန်းကြီးကျောင်းအဆင်းနားမှာ ... စစ်အေး မီလာသည်... မဖွယ်မရာမြင်ကွင်းက သူ့နဲ့မှ ကံဆိုးစွာ တန်းတိုးသည်။

ခင်မှုန့်ကို ကပ်ချိတ်နေသည့် ပျော့...ပက်ကျိလိုကော... က ... ခင်မှုန့်စက်ဘီးနား အသာကပ်၍ လွယ်အိတ်ထဲ... စာတစ်စောင် လှမ်းထည့်နေသည်။ မျက်ဝါးထင်ထင်မြင်လိုက်... ရသည်မို့ ... စစ်အေး မျက်လုံးတွေပြာသွားသည်။

ရင်ထဲသို့ အရက်ပျံပုလင်း မှောက်ကျသွားသည့်နှ... စပ်ဖျင်းဖျင်းနှင့်။ ခင်မှုန့်စက်ဘီးက ရှေ့ကိုလွန်သွားသည်။ သူ့...





နီးကြောင်ခိုးဝှက်လုပ်လိုက်သည်ကို အောင်နိုင်သူအပြုံးနှင့် . စစ်အေး ... ဒီကောင့်ဘီးနားအသာကပ်သွားပြီး ဘာမပြော ညာမပြောနှင့် သူ့စက်ဘီးကို ဆောင့်ကန်လိုက်သည်။

" ဝုန်း "

" အမယ် ... လေး ... ဗျ "

ရုတ်တရက်မို့ ဘေးကကျောင်းသားတွေ အံ့အားသင့် ကုန်ကြသည်။ ငနဲသား ... စက်ဘီးတစ်စီးနှင့် တာဘေးမှာ ပုံလိုးပက်လက်။ စစ်အေးက သူ့ကို တစ်စေ့တစ်စောင်းပင် လှည့်စောင်း၍မကြည့်။ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်လိုက်ရသည်မို့ သူ့ရင်ထဲမှာ ဘာမှမရှိ ... ။

ဆူဆူညံညံအသံတွေကြောင့် ခင်မှုန် လှည့်ကြည့်သည်။ တာချောက်ထဲမှ အောင်စိုး ... ကုန်းထပြီး အုတ်ခဲကျိုးတစ်ပိုင်းကိုကောက်ယူကာ စစ်အေးကိုထုဖို့ ချိန်ရွယ်နေသည်။ စစ်အေး ဘယ်အချိန်က ကပ်ပါလာမှန်းမသိ။ ခင်မှုန် အထိတ်တလန့်ဖြင့် လှမ်းအော်သည်။

" စစ်အေး ... နောက်မှာ ... နောက်မှာ "

စစ်အေး လှည့်အကြည့် ခဲလုံးက ခေါင်းတည့်တည့်ဝဲလာသည်။ စစ်အေး ခေါင်းငုံ့ပြီး စက်ဘီးကို ရှေ့သို့နင်းသည်။ ...သွားပြီး ... ခဲလုံးက တာပေါ်ကျပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားသည်။

" ခွမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



စစ်အေး . . . ဒေါသထွက်ပြီ။ စက်ဘီးကို ဒေါက်ထောက်ပြီး တာပေါ်တက်လာသည့် အောင်စိုးရင်ဝကို ဆောင့်ကန်သည်။ သူ့ အရှောင်ကောင်း၍ ကန်ချက်က နံစောင်းကို သွားထိသည်။

" ဘုတ် "

" အင့် "

မဟုတ်လျှင် အောင်စိုး အရိုက်ထိပြီး လန်ကျသွားနိုင်သည်။ အောင်စိုး ကုန်းကုန်းကွကွနှင့် ထုစရာရိုက်စရာ လိုက်ရှာနေသည်။ သူက . . . စစ်အေးနှင့်လက်ရုံးချင်းမယှဉ်နိုင်သည်တော့ လက်နက်အားကိုးရှာပြီပေါ့ . . . ။

စစ်အေးက သူ့ကို အခွင့်အရေးမပေး။ ကုန်းနေသည့် အောင်စိုးတင်ပါးကို "လက်တစ်ဖက်ပြတ်ခါးသမား" တရုတ်သိုင်းကာထဲမှ "ဒေးဗစ်ချုန်း"လို ခုန်ပျံပြီးကစ်လိုက်သည်။

" ဖောင်း "

" အိ "

အောင်စိုး . . . ဘေးတိုက်အနေအထားဖြင့် ပြုလဲကျသွားသည်။ စစ်အေး သူ့ကိုယ်ပေါ်ခွ၍ အောင်စိုးမျက်နှာကို ဘယ်ပြန်ညာပြန် ထိုးသည်။ အောင်စိုးက ပက်လက်အနေအထားဖြင့် ပေါင်ကြားကို ဆောင့်ကန်သည်။ သို့သော် အရောမထင် . . . ခင်မှုန် သူတို့ရှိရာသို့ အော်ပြီးပြေးလာသည်။

" စစ်အေး . . . စစ်အေး တော်ပါတော့။ အောင်စိုး





သည်းတော်တော့ . . . နင်တို့နှစ်ယောက်စလုံး ငါ တောင်းပန်ပါတယ်ဟာ"

ခင်မှုန် လာဆွဲမှပင် နိုင်ပွဲရပ်သွားသည်။

" မှတ်ထား . . . အသေချတဲ့ ရွှေဘကွ . . . မင်းနောက်နောင် ခင်မှုန့်ကို ထိကပါးရိကပါးလုပ်ရင် ဒီထက်ဆိုးယ်မှတ် . . . "

စစ်အေးက ဝိတောက်ချောင်တွင် ကြွေကြာသွားသည့်ည်သူ့ဖက်က ရွှေဘနှင့် တင်စားသည်။

" ကဲ တော်တော့ . . . စစ်အေး ဟိုက ဘာမှပြန်ပြောရင် နင် ငြိမ်နေလိုက်တော့ . . . နင့်ပါးစပ်ပိတ် "

ဒါက ခင်မှုန်၏ တစ်ချက်လွှတ်အမိန့် . . . သည်တော့မှ စစ်အေး စက်ဘီးပေါ်တက်ပြီး နင်းထွက်သွားသည်။

အောင်စိုး . . . မျက်လုံးမှာ မီးဝင်းဝင်းတောက်နေသည်။ သူ့ပုဆိုးကို ပြင်ဝတ်လိုက်ပြီး . . .

" တောက် . . . ကောက်ရိုးပုံစောင့်တဲ့ခွေး . . . သမင်းဝအောင် စားထားဦးပေါ့ကွာ . . . "

စစ်အေးနှင့် ခင်မှုန်တို့ စက်ဘီးအတူတွဲစီးသွားကြ၏။ ခင်မှုန်က မကျေနပ်သည့်အမူအရာဖြင့် စစ်အေးကို မျက်စောင်းထိုးကာ . . .

" နင် ဘာဖြစ်လို့ သူ့ကိုအသားလွှတ်သွားကန်တာလဲ နင် ငါနဲ့ပတ်သက်လို့ ဒီလိုသာရန်ဖြစ်နေမယ်ဆိုရင် နင် ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆက်ဖြတ်လိုက် . . . ”

စစ်အေးက ဖွတ်သမား . . . မထီတရီအပြုံးနှင့် ခင်မှုန့်ကို ကြည့်ကာ . . .

“ မယ်ရီး . . . နင် ဘာမှမသိလိုက်ဘူး မဟုတ်လား။ နင့်လွယ်အိတ်ထဲကို အဲဒီကောင် စာထည့်လိုက်တာတွေ့လို့ ငါ ဆုံးမလိုက်တာ . . . ”

ခင်မှုန်က တအံ့တသြဖြစ်ကာ . . .

“ ငါ တကယ်မသိလို့ပါ စစ်အေးရယ် . . . ”

“ အေး . . . ဒီကောင့်အတွက်နဲ့ နင် ငါ့ကိုဖြတ်မယ်ဆို ဖြတ်လိုက် . . . ငါ ရင်ကော့ခံမယ် . . . ”

ခင်မှုန့်မျက်နှာ ညှိုးသွားသည်။ စက်ဘီး (HANDLE) ကို ကိုင်ထားသည့် လက်တစ်ဖက်ကိုလွှတ်ပြီး လက်ခါပြသည်။

“ အို . . . ငါပြောတာ အဲဒီလိုမျိုးမဟုတ်ဘူး နင့်ကို ငါ့အတွက်နဲ့ မထိခိုက်စေချင်လို့ ပြောတာပါ . . . ”

သည့်လိုတော့လည်း စစ်အေး စိတ်မကောင်းဖြစ်ရပြန်သည်။

“ နင်မကြိုက်တာလည်း ငါမလုပ်တော့ပါဘူး . . . ဒါပေမယ့် ငါ့ကိုအဆက်ဖြတ်ဖို့ဆိုရင် နင် ငါ့အသက်ပါသတ်မှ ရမယ် . . . ”

စစ်အေးက ပြောသည့်အတိုင်း ဖြစ်အောင်လုပ်တတ်သည့်ကောင်မျိုး . . . ခင်မှုန်က သူနှင့်ပတ်သက်၍ စစ်အေးကို





ရန်မီးမပွားစေချင်။ စစ်အေးသာ တစ်ခုခုဖြစ်လျှင် ခင်မှုန်ပါ ရင်ကျိုးရမည်။

သည်တော့ ခင်မှုန် အောင်စိုးကို အဆက်ဖြတ်ရမည်။ အောင်စိုးက သူ့ကို တစ်ဖက်သတ်ကြိုက်နေသူ။

ကျောင်းနေဖက်သူငယ်ချင်းဖြစ်၍ . . . အလိုက်သင့် ဆက်ဆံသည့်အပေါ်တွင် ဒီကောင်က အခွင့်အရေးယူသည်။

သူတို့နှစ်ယောက် စက်ဘီးကိုဘရိတ်ညှစ်ကာ တာပေါ်မှ ခြံထဲသို့ ဆင်းလာကြသည်။

သည်ညနေ လယ်ငါးခူနှင့်ချက်သော ကင်ပွန်းချဉ်ဟင်းဖြင့် စစ်အေးရော ခင်မှုန်ပါ ထမင်းမြိန်ကြသည်။ ထမင်းဝိုင်းမှာ သူတို့နှစ်ယောက် တီးတိုး . . . တီးတိုး။

“ ခင်မှုန် . . . နင့်လွယ်အိတ်ထဲမှာ ဟိုကောင်ထည့်လိုက်တဲ့စာရှိတယ်။ ထမင်းစားပြီးရင်ယူလာခဲ့ . . . တို့နှစ်ယောက် ဖတ်ရအောင် . . . ”

ခင်မှုန်က ကင်ပွန်းချဉ်ဟင်းထဲက ငါးဖတ်ကို စစ်အေး ပန်းကန်ထဲ ခပ်ထည့်ပေးကာ . . .

“ အမေတို့အိပ်မှ ဆင်းလာခဲ့မယ် . . . ငါတို့နှစ်ယောက်ကို အမေက မျက်လုံးဒေါက်ထောက်ကြည့်နေတာ . . . သူ အိပ်ပျော်မှ ထွက်လာခဲ့မယ် . . . ”

စစ်အေး . . . ထမင်းစားပြီး တိုင်မှာချည်ထားသည့် လက်သုတ်ဝတ်ဖြင့်လက်သုတ်ကာ ရေသောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" စစ်အေး ထမင်းစားပြီးရင် ခဏလာခဲ့ဦး "

စစ်အေး ရေသောက်ရင်းတန်းလန်းက ဗလုံးဗထွေးဖြင့်

" ဟော့ . . . ဟော့ "

ရေသောက်ပြီး ဦးပွားတင်ရှေ့တွင် ခေါင်းငုံ့၍ ထိုင်သည်။ ညနေကကိစ္စ . . . ပြဿနာတက်ပြီထင်၏။

" အပွန်း . . . မင်းမနက်ဖန်ကို မြက်ရိတ်ပြီးတာနဲ့ ပေါက်တူးတစ်လက်ယူပြီး ရေပေါက်လိုက်ဦး . . . ကြားလား။ ကြွက်တွင်းဟောင်းတွေကို ဂရုစိုက် . . . "

" ဟုတ် . . . ဟုတ်ကဲ့ . . . ဘကြီး "

တော်ပါသေးရဲ့ . . . ညနေကပြဿနာမဟုတ်။ လယ်တွေ ရေနေအောင် ရေပေါက်လိုက်ခိုင်းတာ။ လယ်မှာ ရေရှိမှ စပါးပင်ပွားမည်။ စပါးအသီးအောင်မည်။ ဒီအလုပ် လောက်က စစ်အေးအဖို့ ထမင်းစားရေသောက်မျှသာ . . .။

စစ်အေး မီးတိုင်ထွန်းပြီး ထင်းအမျက်တုံးတွေရှာကာ ခြင်မီးထည့်သည်။ မီးစွတ်စွတ်နှင့်မို့ ခြင်တွေပေါ်လာသည်။ နွားမွဲနှင့်ချိုကုတ် သူတို့ကိုယ်ပိုင်သားမြီးယပ်ဖြင့် . . . ခြင်တွေ တဖြန်းဖြန်းနှင့် ခါနေသည်။ ကောက်ရိုးမီးမြှိုက်ပြီး မီးမွှေသည်။ အတန်ကြာမှ ထင်းတုံးမီးစွဲသည်။ သူ . . . ကွပ်ပျစ်ပေါ်တွင် ပက်လက်လှန်ပြီး ထမင်းလုံးစီသည်။

နောက်ဖေး ဝါးနက်ရုံပေါ်မှ အိပ်တန်းပြန်ဗျိုင်းတို့ အော် သံကို ဆူညံစွာကြားရ၏။





" ဝါးအု . . . ဝါးအု . . . ဝါးအု "

ခင်မှုန်ရောက်လာဖို့ စောင့်ရသည်မှာ သူ့အတွက် တစ်ကမ္ဘာလောက်ကြာသည်ထင့် . . .။ လျှပ်ပန်းလျှပ်နွယ်တွေ တစ်ဖျတ်ဖျတ်လက်သည်။ ခြံထဲကအပင်တွေကို တင်းကုပ်ထဲမှ အတိုင်းသား မြင်နေရသည်။ ဒေဝါတင်သားတွေ အလုံးအရင်း စစ်ချီသံပေးကာ မြေပြင်ပေါ် ခုန်ဆင်းလာကြသည်။

အဲဒါမှအခက်။ မိုးကြီးလာလျှင် ခင်မှုန်ဆင်းလာတော့ ည်မဟုတ်။ သို့ဆိုလျှင် စစ်အေးသည် ညအိပ်ပျော်တော့မည် ဟုတ်။ စစ်အေး အချိန်ကိုအချည်းအနှီး အကုန်မခံနိုင် . . . အင်္ဂလိပ်မီးနှင်းစာအုပ်ကိုယူပြီး ကျက်မှတ်နေလိုက်သည်။

" အေ . . . အယ်(လ်)ဒဗလျူအေဝိုင် အောလဝေး အစဉ်သဖြင့် . . . "

တာလုံပေါင်းတစ်ခုကို ခေါင်းထဲစွဲအောင် အထပ်ထပ် ရွတ်ဆိုသည်။ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်၍လားမသိ။ ကြာမီ ခင်မှုန်ရောက်လာသည်။

" အိပ်ပျော်သွားကြပြီလား . . . "

" ဟိ . . . ခါတိုင်းဆို ဒီအချိန် . . . ဘယ်အိပ်မှာတုန်း ညနေ . . . ဆေးပုတ်ရွက်ပြုတ်တွေ . . . လိုမ့်တို့ပြီး . . . အစောကြီးအိပ်သွားကြတာ . . . "

ခင်မှုန်နှင့်စစ်အေး ခေါင်းချင်းဆိုင်ကာ အောင်းစိုး ခါးခေါက်ကိုဖွင့်သည်။ စစ်အေးက တင်ပလ္လင်ခွေထိုင်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန်က ဒူးတုတ်ထိုင်သည်။ စာရွက်ကို လေးချိုးညီညီခေါက်ပြီး လျှာထိုးထားသည်။ စာခေါက်ကိုဖြည့်ပြီး ညီညာအောင် လက်နှ ပွတ်ပြီး ဖတ်ကြသည်။

သို့

ချစ်ရပါသောခင် . . .

မှုန်နေအောင် လိမ်းထားတဲ့ ရွှေဝါရောင်သနပ်ခါးနဲ့ လှနေတဲ့ ခင့်ကို ကိုယ့်ရင်က ချစ်မိနေပါပြီ . . . ။

ကျောင်းသွားအတူ ပြန်အတူနေခဲ့ကြတဲ့ ခင့်ကို . . . ရင်ထဲက သံယောဇဉ်ရှိခဲ့တာ ကြာခဲ့ပေမယ့် ခင့်အလှလေးကို ကြည့်ရင်း ကျေနပ်နေတဲ့ဘဝပါ . . . ။

ဒါပေမယ့် ခင့်အနားမှာ စောင့်ကြပ်နေတဲ့ ဂုမ္ဘာန်လို အကောင်ကြောင့် ခင့်ကို မဖြစ်မနေ ရင်ဖွင့်လိုက်ရတာပါ . . . ခင့်ကို ကိုယ်ချစ်တယ် . . .

ချစ်ရင်စာပြန် . . . မှန်းလျှင်ကံ . . .

ခင့်ကိုချစ်နေတဲ့

အောင်စိုး

"အဟိ . . . ရယ်ရတယ် . . . နင့်ကို ဂုမ္ဘာန်လို အကောင်တဲ့"





ခင်မှုန် ပြောပြောဆိုဆို စာကို ထက်ပိုင်းဖြဲသည်။ ပိုင်းကို စစ်အေးထံပေးပြီး တစ်ပိုင်းကို သူယူသည်။ ယောက်စလုံး စာကိုလုံးချေပြီး နွားစီးထည့်သည့် မီးခဲတွေ ကို ပစ်ထည့်လိုက်သည်။ ပြာလဲ့လဲ့ မီးတောက်မီးလျှံတွေ လာပြီး ဖြူရော်ရော် ပြာစလေးတွေအဖြစ် . . . ဘဝ င်းသွားသည်။

သူတို့နှစ်ဦး ကျေနပ်စွာရှိနေစဉ် မိုးကသည်းသည်းမည်း း ရွာချလာသည်။ လျှပ်စီးကြောင်းတွေက ကောင်းကင်ကို ခဲ့နေသည်။ လေပြင်းပြင်းတစ်ချက်အဝှေ့ မိုးချိန်းသံနှင့်အတူ ိုင်ပါ ငြိမ်းသွားသည်။ တင်းကုပ်အဝမှာ လှုပ်လှုပ်ရွရွနှင့် ကြီးမှန်းမသိ။

" ဝေါ . . . ဂျိန်း . . . "

" အမလေး . . . အမ . . . "

တင်းကုပ်ထဲမှာ . . . မှောင်အတိ။ ခင်မှုန် အ သန်နှင့် စစ်အေးကို ဖက်ထားသည်။

" စစ်အေး . . . ငါကြောက်တယ် . . . ဟင်း

လျှပ်တစ်ကြိမ်ထပ်အပြက်တွင် တင်းကုပ်ဝက လှုပ် ပ်လှုပ်နှင့် ဘာကြီးမှန်းမသိ။ စစ်အေးပင်ကြက်သီးထက င်းနပန်းကြီးသွားသည်။ သူလည်း ခင်မှုန့်ကို ပြန်ဖက်သည်။

မိုးသည်းသည်း မှောင်မည်းမည်းတွင် ဆန့်ကျင်ဖက် သားနှစ်ဦး အသက်ရှူသံကပြင်းပြင်း . . . ရင်တွေက



www.burmeseclassic.com

www.burmeseclassic.com



တလှပ်လှပ် . . . စစ်အေး လက်ကမှောင်ထဲတွင် နေရာအနှံ့ကို လျှောက်စမ်းနေသည်။

ကြောက်လွန်း၍ ခင်မှုန်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။ စစ်အေးလက်က တစ်နေရာတွင်ရပ်သွားပြီး လက်မနှင့်လက်ခလယ်ကိုညှပ်ကာ မီးခြစ်အဖုံးကိုဖွင့်သည်။ လက်တစ်ဖက်က ခင်မှုန်ကိုမလွှတ်။

" ခလွမ် "

ဒါန်မီးခြစ်အဖုံးပွင့်၍ ပြုတ်ကျသည်။ မီးခြစ်ကိုခြစ်ဖို့ထက် ်ငမှုန်ကို သူချစ်ချင်သည်။ မိုးသည်းသည်းနှင့်အတူ အနမ်းမိုး ရ၀ါ အပြိုင်ရွာလိုက်ပြီး မီးခြစ်ကိုခြစ်သည်။

ကြည့ " ဂျစ် . . . ဂျစ် "

မီးတိုင်ကို မီးညှိပြီး ခင်မှုန်ကိုယ်ပေါ်က သူ့လက်ကို အကော႑သည်။ မီးလင်းသည်နှင့် နှစ်ဦးစလုံးအသိစိတ်တွေ ခင့်ကို ါးလိုက်သည်။ ခင်မှုန်ရေတစ်ခွက်ခပ်ပြီးသောက်သည်။ ါစ်ခွက် စစ်အေးကို လှမ်းပေးသည်။

မီးတိုင်အလင်းရောင်နှင့် အပေါက်ဝက . . . လှုပ်ယမ်း ၵ စစ်အေးမိုးကာအပြာကြီးကို လှမ်းမြင်ရသည်။

လျှပ်တစ်ပြက်၊ မိုးတစ်ချုန်း မီးတစ်မှိတ်အချိန်တိုလေး ၵွင်း သူတို့ဆောက်တည်ရာမရဖြစ်ခဲ့ကြသည်။ သို့သော် ၊တ်မတင်အချိန်လေးအတွင်း မီးအလင်းဖြင့် မသိစိတ်ကို ဖုံးလွှမ်းနိုင်ခဲ့သည်။ ခင်မှုန်သည် ပညာသင်ယူနေသော ကျောင်း





သူတစ်ယောက်။ စစ်အေး အန္တေဝါသိကဆရာဆိုလျှင် မမှား။ ဖြစ်သောမေတ္တာဖြင့် ဆန္ဒတစ်ခုကို ချိုးနှိမ်အနိုင်ယူနိုင် ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရေကြည် . . . ကျေးရွာပေါင်း(၉၉)ရွာ၊ ရှမ်သုံးရှမ်၊ ကုန်းကိုးကုန်းနှင့် ချောင်ကိုးချောင်

ရေကြည်မြို့နယ်တွင် ကျေးရွာပေါင်း ကိုးဆယ့်ကိုးရွာရှိသည်ဟု လူကြီးသူမပြောစကားကို စစ်အေးကြားဖူးနားဝရှိခဲ့သည်။ ကိုးဂဏန်းစိုးမိုးသော မြို့ကလေးပင် . . . ။

သို့သော် လယ်သမားများကို အခြေခံသောမြို့မို့ လယ်သမားဆူဖြိုးမှ မြို့စည်သည်။ လယ်သမားညစ်ပြီဆိုလျှင် အိပ်ငိုက်နေသော မြို့ကလေး။ မှီခိုအားထားရာ မြစ်တစ်သွယ်မှ မရှိ။ ရေကြည်တွင် ရေနံ့တူတာဆိုလို့ ဆင်ကူးချောင်းရှိသည်။ ယခင်က သည်ချောင်းသည် စီးဆင်းနေသောချောင်းကလေး။

ခရစ်နှစ် ၁၉၂၃–ခုနှစ်ဝန်းကျင်က ငါးသိုင်းချောင်းရေကာတာ ကျိုးပေါက်ပြီးနောက် ချောင်းပေါက်ကို ပိတ်ဆို့လိုက်သည်တွင် ရေကြည်ချောင်းသည် ချောင်းသေဘဝရောက်ခဲ့ရသည်။ ဆင်ကူးမှသွားလျှင် သဃ်န်းဒေါင့်၊ သရက်ပင်လှ၊ ငါးရံ့ချောင်းရွာများကို ဖြတ်သန်းစီးဆင်းကာ ကျုံပျော်မြစ်သို့ စီးဝင်သည်။ သည်ချောင်းရှင်သန်စဉ်က ခေါ်ဝေါ်ပညတ်ခဲ့သော အမည်နာမများ ရေကြည်တွင် ယနေ့တိုင် တည်ရှိနေသည်။ မင်္ဂလာရာမကျောင်းနှင့် ယှဉ်တွဲနေသော ပုံနှင်းကြီးစေတီသည်



ရှေးအတည်တောက လှေကြီးများနှင့်သွားလာခဲ့သော ပုံနှင်းကြီးတစ်ဦးက တည်ထားခဲ့သော စေတီတစ်ဆူဖြစ်၏။ လှေများဆိုက်ကပ်ရပ်နားကာ . . . လွန်းကျင်းသဖွယ်ရှိခဲ့သောရွာကို လှေတော်ရုံရွာဟု ခေါ်တွင်သည်။

ရှေးယခင် မြန်မာမင်းများလက်ထက်က ယခုမြို့မြို့ကွက် ပိတောက်ချောင်ရွာသည် ပန်းတောရွာအဖြစ် ထင်ရှားပြီး ရေကြည်မဖြစ်မီက ထိုနေရာသည် မြို့ဖြစ်ခဲ့သည်။ ရှေးခေတ်အုပ်ပြားကြီးများဖြင့် ထောင်လိုက်စီခင်းထားသော ...မ်းများ အုတ်အပိုင်းစများသည် ပန်းတောချောင်း ဖွံ့ဖြိုးစည်ပင်စဉ်က အမှတ်အသားအဖြစ် ထင်ရှားစွာ ကျန်ရစ်ခဲ့သည်။ ...မှာသမိုင်းတွင် ဥမ္မာဒန္တီ ဘယ်နှစ်ဦးရှိခဲ့သည် မသိသော်လည်း ...မင်းသမီး ဥမ္မာဒန္တီကို ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ...သုတ်နှင့်ဆက်နွယ်မှုရှိခဲ့၍ ရှေးလူကြီးသူမများနှင့် ဥမ္မာဒန္တီ ...ည့် ဒဏ္ဍာရီသဖွယ် ရင်းနှီးခဲ့ကြသည်။

ရေကြည်မြို့ဦးတွင် တည်ထားသော ဒီပါရုမ်စေတီ၊ ...ရားချောင်တွင်တည်ထားသော . . . ထူပါရုမ်စေတီနှင့် ...တော်ရုံတွင်တည်ခဲ့သော သီတာရုမ်စေတီမြတ်သုံးဆူမှာ ...ဒန္တီဖြတ်သန်းသွားလာရင်း တည်ခဲ့သော ရုမ်သုံးရုမ်စေတီ ...ဆူဖြစ်သည်။

ရေကြည်မြို့နယ်အတွင်းရှိ ကုန်းကိုးကုန်းအမည်ရ ...များမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



နတ်ဝင်ကုန်း
စလင်းကုန်း
ရွာသာကုန်း
ကြို့ကုန်း
ရွှေကျောင်းကုန်း
ကျွန်းတောကုန်း
ရှပ်သေးကုန်း
ပျဉ်းကတိုးကုန်း
ချင်းကုန်း . . . ရွာများဖြစ်သည်။

ချောင်ကိုးချောင်အမည်ရ ရွာများမှာ . . .
ကျားချောင်
သတင်းချောင်
ဘုရားချောင်
ပိတောက်ချောင်
လှူသတ်ချောင်
ကိုင်းချောင်
လေ့ခါးချောင်
လက်ပံချောင် နှင့်
ကံချောင်တို့ ဖြစ်ကြသည်။
စစ်အေးတို့ငယ်ငယ် လွှတ်လပ်ရေးနေ့ ပွဲတော်ကြီး





ကြီးမှကြီး . . . ကျယ်မှကျယ်။ ရေကြည်(၃)လမ်းနှင့် (၂)လမ်းကြားရှိ မြေကွက်လပ်တွင် ဖာတ်ရုံကြီးထိုး၍ ရွှေမန်းတင်မောင်၊ ငွေတွာကျော်ထင်၊ စိန်အောင်မင်းနှင့် မဟာရန်ကုန်စံပြသဘင် စိန်မာဒင်နှင့်ဇာတ်သဘင်များကို လွှတ်လပ်ရေးပွဲတော်တိုင်းကြည့်ရသည်။ စိုက်ပျိုးရေးဌာနမှ ကျင်းပသည့် သစ်သီးဝလံပြိုင်ပွဲ မိခင်နှင့်ကလေးပြိုင်ပွဲ ဘိုးဘွားပြိုင်ပွဲနှင့် နယ်စုံမှလာသော အရောင်းဆိုင်များ၊ မုန့်ပဲသရေစာဆိုင်များစွာဖြင့် ကြိတ်ကြိတ်တိုးသည်ကားသည်။

တစ်နှစ် . . . ဘိုးဘွားပြိုင်ပွဲတွင် . . . ထူးခြားသော အတိုးသုံးယောက် . . .။ အဖေ . . . သားနှင့် မြေးသုံးယောက် ထူးခြားစွာ ပြိုင်ပွဲဝင်ကြသည်။ ရယ်စရာကောင်းသည်မှာ အသက်(၁၃၀)ရှိသောအဘိုးက နပိုကျန်းမာ၍ အသက်(၇၅)နှစ် ပြီဖြစ်သောမြေးနှင့် အသက်(၁၀၀)ပြည့်ပြီဖြစ်သောသားကို တွဲပြီး ပြိုင်ပွဲသို့ ရောက်လာကြသည်။

မြေးဖြစ်သူအဘိုးက မျက်မှန်တပ်ထားကာ ခါးကကိုင်းနေသည်။ နားကထိုင်း . . . သွားကမရှိ . . . သားဖြစ်သူအဘိုးက မြေးဖြစ်သူအဘိုးထက် ကြံ့ခိုင်မှုရှိသော်လည်း ဆံပင်တွေက ဖွေးဖွေးလှုပ်ကာ . . . သွားတစ်ချောင်းစ နှစ်ချောင်းစ ကျန်သည်။ အတိုးဖြစ်သူကတော့ သူတို့အားလုံးထက်သာလွန်သည်။ ဆံပင် ဆိုးရပဲ နက်မှောင်နေသည်။ စပို့ရှပ်လက်တိုဝတ်ထားပြီး ကြွက်သားတွေ အပြိုင်းအရိုင်းနှင့် ကျန်းမာရေးလက္ခဏာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲမစမီ အဘိုးသုံးယောက်ကို အင်တာဗျူးလုပ်သည်။

ပထမအဘိုးက မြေအိုးနှင့်ချက်သော ထမင်းနှင့် အသီးအရွက် ပဲမျိုးစုံစားသည်။ အသားမစား . . . အသီးအနှံစားသည်။ အရက်ကို ဝမ်းမီးနိုးရုံ . . . တရုတ်လက်ဖက်ရည်ပန်းကန်တစ်လုံး မှီဝဲသည်။ အားကစား လိုက်စားသည်။

ဒုတိယအဘိုးက . . . သတ္တုအိုးနှင့်ချက်သောထမင်းနှင့် အသားမျိုးစုံစားသည်။ သူက အသီးအရွက်မစား . . . အသီးအနှံ တော့စားသည်။ အရက်နှင့်ဆေးလိပ်ကြိုက်သည်။ နံနက်တိုင်း လမ်းလျှောက်သည်။

တတိယအဘိုးက ဒန်အိုးနှင့်ချက်သောထမင်းနှင့်အသား တစ်မျိုးသာစားသည်။ ပဲမကြိုက် အသီးအနှံမကြိုက်။ အရက်ကို တရားလွန်သောက်တတ်သည်။ ဆေးလိပ်၊ စီးကရက်မျိုးစုံ နှင့်ကွမ်းယာကို ဆိတ်လိုဝါးသည်။ အားကစားပြုလုပ်ခြင်းမရှိ။ လမ်းလည်းမလျှောက်။ အအိပ်မက်သည်။ အစားကျူးသည်။

ဇရာပြိုင်ပွဲတွင် မြေးဖြစ်သူအငယ်ဆုံး အဘိုးက ပထမ။ သားဖြစ်သူ ဒုတိယအဘိုးက ဒုတိယနှင့် အကြီးဆုံးအဘိုးဖြစ်သူက တတိယရခဲ့လေသည်။

ဆန်းကြယ်လေစွ . . . ။

တပေါင်းလပြည့်နေ့ ဒီပါရုံဘုရားပွဲတော်ရက်များတွင်လည်း သူတို့ပျော်ကြရသည်။ ရွာနီးချုပ်စပ်မှ လှည်းများဖြင့် ဘုရားပွဲသို့ မိသားစုတွေ တပျော်တပါး ရောက်လာကြသည်။





အောင်ဆန်းလမ်းမတော်တစ်လျှောက် လှည်းတန်းကြီး က တစ်မျှော်တစ်ခေါ် . . . ဗလာပွဲဖြစ်၍ စစ်အေးတို့ လှည်းတွေပေါ်မှ ကြည့်ကြသည်။ ပန်းရထားဖြင့် ရွှေသင်္ကန်း ကပ်လှူလျှင် စည်တော်ကြီးက တထိထိနှင့် မြည်ဟီးသည်။

ပွဲဈေးတန်းမှာ ဘူးသီးကြော်၊ ငါးပေါင်းကြော်၊ အကြော် စုံရှိသည်။ ငါးမီးနှင့်ကင်ရသော မုန့်လေပွေကို သံလက်ချောင်း ဖက်နှင့်ကင်ရသော မုန့်လေပွေဆိုင်တွေ . . . မုန့်ဟင်းခါး၊ ခေါက်ဆွဲဆိုင်၊ ကြံရည်နှင့်အအေးဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်၊ အိုက်(စ်)ကရင်နှင့် ဖာလူဒါဆိုင်တွေ စုံသည်။

စစ်အေးတို့ ပွဲကြည့်လိုက် မုန့်စားလိုက်၊ မုန့်စားလိုက် ကြည့်လိုက်နှင့် နောက်ပိုင်းဇာတ်ထွက်လျှင် လှည်းပေါ်မှာ အိပ်ပျော်နေပြီ။ တကယ်လည်း စစ်အေး အတိတ်ကို စားမြုံ့ ပြန်ရင်း တင်းကုပ်ထဲမှာ အိပ်ပျော်နေသည်။

" မီး . . . မီးဗျို့ . . . ရွာနောက်ဖက်မှာ . . . မီး မီး"

မိုးတွင်းကြီး ဘယ်သူလက်သရမ်းသည်မသိ။ စစ်အေး အိပ်မက်မက်နေသည်ထင်၏။ ခြံစည်းရိုးနောက်ဖက်ကျော်ပြီး ထွက်ကြည့်သည်။ ကောက်ရိုးပုံကို လက်ဆော့သွားခြင်းဖြစ်၏။ လယ်ကွက်ထဲက ရေတွေနှင့်ဝိုင်းပတ်နေကြသည်။

တော်ပါသေးရဲ့ . . .ကောက်ရိုးကတစ်ခြမ်းစို တစ်ခြမ်း ခြောက်မို့ နွေဖက်ညပိုင်းသာဆိုလျှင် တစ်ရွာလုံးပြာကျမည့်အဖြစ်။

ကုန်းကိုးကုန်းမှာ . . . တစ်ကုန်းအပါအဝင် စစ်အေးတို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျောင်းကုန်းရွာကို လာမထိနှင့် . . . အသက်နှင့်လဲပစ်လိုက်မည်။ လောလောဆယ် ဓကောက်ရိုးပုံကို လက်ဆော့သွားသည့် သကောင့်သားကိုပင် အမိမဖမ်းနိုင်။ ဘာကိုရည်ရွယ်ပြီး လုပ်သည်မသိ။ ယတြာချေတာတော့မဖြစ်နိုင်။ နောင်တစ်ချိန် ဒီကိစ္စ လက်သည်ပေါ်လာမှာ သေချာသည်။ လက်ရှိအနေအထားအရ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ကောက်ရိုးပုံပိုင်ရှင် ကိုမဲလုံးက ဘာမှမဖြစ်သလိုပင်။

" အို သူ့ဟာသူလောင်ချင်လို့လောင်တာပဲ။ အခုလည်း မီးငြိမ်းသွားပြီဟာကို။ ဘာပြဿနာမှ ရှာမနေကြနဲ့ "

ကဲ . . . ကောင်းကြရောဗျာ . . . ။

နောင်မှ သိရသည်မှာ ဘယာဖိစီးနေသော ကိုမဲလုံး တစ်ယောက် ဆရာယောင်၊ သမားယောင်တစ်ယောက်နှင့် ဘယ်လိုတွေ့ခဲ့သည်မသိ။ ထိုဆရာ အိမ်ပေါ်ရောက်လာသည်။ ထိုအထက်ကိုဏ်းဆရာသည့် ဘုရားကြည်ညိုယောင်ပြု၍ ဘုရားခန်းတွင် ဓာတ်ခန်းဖွင့်သည်။ အညှိုရောင်ကန့်လန့်ကာ,ကာထားပြီး ခန်းဆီးနောက်မှ လူတွေ၏အပူမှန်သမျှ ဖယ်ရှားကာ ကျူ စောင်မမည်ဟုဆို၏။ ကိုယ်ခံအားနည်း၍ ရောက်လာသူမှန်သမျှ သူ့အမိန့် သူ့ဩဇာအောက်တွင် တုတ်တုတ်မျှ မလှုပ်နိုင်အောင် ပြားဝပ်သွားကြသည်သာ။

ထိုဆရာကပင် ကိုမဲလုံးရှိ အပူတွေ ကုန်စင်အောင် မိမိအိမ်အတွင်းရှိ အမှိုက်(သို့မဟုတ်)ကောက်ရိုးတစ်ပွေ့လောက် ကို မီးရှို့ပြီး "ငါ့အပူတွေကုန်ပြီ ငြိမ်းပြီ" ဟု ဆိုခိုင်းသည်။ ဒါကို ငမိုက်သားမဲလုံးက အသိဉာဏ်ကင်းမဲ့ကာ ကောက်ရိုးပုံကို မီးတို့ခြင်းဖြစ်၏။

မဲလုံးတစ်ယောက် အပူငြိမ်းမငြိမ်းတော့ မသိ . . . ကံကောင်း၍ ထောင်မကျခြင်းဖြစ်သည်။ နောက်ဆုံး ထိုဆရာသည် မညာမဲ့သူများထံမှ ငွေကြေးအချို့နှင့် ကိုမဲလုံး၏သမီးကိုပါ မ,၍ ထွက်ပြေးလေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



## တောင်းစွာစိုက်ပျိုးမှ . . .
## တောင်းစွာရိတ်သိမ်းရ၏

ရာသီစာမျက်နှာ ပြောင်းလဲလာသည်။ အင်္ဂလိပ်တပ်များ ဝရုန်းသုန်းကားနှင့် မြန်မာ့မြေပေါ်မှ ဆုတ်ခွာခဲ့ရသလို ဒေဝါ တပ်သားတွေ သူတို့ လက်နက်အကြွင်းအကျန်များနှင့် ပစ်ခတ် ကာ မှတ်သုန်လေနှင့်အတူ ဒရောသောပါး ပြန်လည်ဆုတ်ခွာ ကြသည်။

“ ဒိန်း . . . ဂျိန်း . . . ဂျလိန်း . . . ”

ရွာတောင်ဖျားက ကုက္ကိုပင်ကြီးကို သူတို့နောက်ဆုံး လက်နက်နှင့် ပစ်ခတ်သွားသေးသည်။ မိုးကြိုးခသွားသော အပင်ကြီးမှာ မီးကျွမ်းလျက် . . . ဟက်တက်ကွဲ ကျန်ခဲ့သည်။

သည်မြေ . . .သည်ရေကို လွမ်းလွန်လွန်းလို့တဲ့ . . . ခင်ပေါမန္တက မျက်ရည်လေးတစမ်းစမ်းနှင့် ပြန်ရောက်လာသည်။ တစ်မိုးတွင်းလုံး ဘယ်မှာပုန်းခိုနေသည်မသိသော ချိုးငှက်တွေ ပျင်းရိဖွယ်ကူသံနှင့်အတူ ပြန်ရောက်လာကြသည်။

“ ကူကူး . . . ကူး . . . ကူး ”

မိုးတွင်းမှာရင်တွန်း . . . ဆောင်းမှာလေးခွနှင့် သွေးကြ နေသူက ထီအောင် . . . ။ ဒီကောင်က လက်ရွှံ့သူမဟုတ်





ငှက်မသိ ဆက်ရက်ချိုးထင် . . . အချက်မသိ သမက်သူခိုးထင် တဲ့ . . . ထီအောင်က ငှက်မသိ၍မဟုတ်။ စာကလေးသော ဆက်ရက်သော၊ ခိုသော၊ ချိုးသော နားမလည် . . . ငှက်မှန် လျှင် လက်မြန်သည်။

ငှက်တကာ့ငှက်ထဲတွင် ငှက်ကပ္ပလီကို . . . ထီအောင် သူးထူးခြားခြား မုန်းသည်။ လူတွင်သာ ကပ္ပလီရှိသည်မဟုတ်။ ငှက်မှာလည်း ကပ္ပလီတဲ့ . . . တခြားမဟုတ် . . . လူများ၏ အစားအစာကိုမှ အလစ်သုတ်စားသောက်တတ်သော ကျီးကန်း ငင်ဖြစ်၏။

လယ်ယာမြေစိုက်ပျိုးမှုတွင် မိုးလွန်မှတွန်ချ၍မရ။ မျိုးချ ရာတွင်လည်း စိုက်ပျိုးချိန်နှင့်တွက်ညှိ၍ မျိုးကြဲကြသည်။ မိုးလေဝသကိုလည်း ခန့်မှန်းတွက်ဆတတ်ရသည်။ မဟုတ်လျှင် မျိုးချပြီးကာမှ နေပူမိုးခေါင်ဖြစ်နေလျှင် မျိုးပင်များမှ စပါးနှံဖြစ်ဖို့ ကြိုလိုဆွဲ့အကာ စပါးပေါ်ချိန် ရိတ်သိမ်းချိန်တွင် အမှော်အဖျင်း များသာ သိမ်းပိုက်ရမည်။

စိုက်ပျိုးပြီးချိန်တွင်လည်း လယ်တွေမှာ လိုသလောက် ရေရှိနေဖို့ လျှော့တန်လျှော့ . . . ပိတ်တန်ပိတ် လုပ်ရသည်။ စ်အေးတို့အဖေ လယ်လုပ်တုန်းက လယ်မြေတွေမှာ မြေဆီ မြေနှစ် ရှိသည့်အပြင် နွားချေး . . . အမှိုက်ဆွေး . . . စပါးမှော် များ လယ်ထဲကို ချပေးရုံဖြင့် စပါးပင်များစိမ်းစိုမဲမှောင်ကာ ထွက် သမျှစပါးတွေ အမှော်အဖျင်းကင်းကာ တင်းပြည့်ကျပ်ပြည့် စပါး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။

စစ်အေးတို့ခေတ်ရောက်တော့ ဆန်းပြားလာသည် ဓါတုမြေသြဇာတွေ သုံးလာကြသည်။ မျိုးပင်တွေ အမြစ်စွဲ ဆိုလျှင် ယူးရီးယားနှင့်တီစူပါကိုရောစပ်ပြီး စိုက်ခင်းထဲတွ ခပ်ပါးပါးကြဲရသည်။ ဒါကို ဓာတ်ဆားကျွေးသည်ဟုခေါ်၏။

ဓာတ်ဆားကျွေးပြီးသည်နှင့် ကောက်ပင်တွေဗွားကား စပါးနှံထွက်ဖို့ အားယူလာသည်။ စပါးနှံတွေ နို့ရည်ကြ တည်လာပြီဆိုလျှင် လယ်ထဲဖြတ်သွားသည့် ကလေးတွေရန် တမှောင့်။ စပါးနှံနုနုဖတ်ဖတ်လေးများတွင် ဆန်ဖြစ်မည့်ဖြ အနှစ်များတည်လာသည်။ ဒါကို နို့ရည်ကြည်တည်သည်တဲ့ စပါးဖြစ်လာမည့် အနှံလောင်းလေးတွေကို ကလေးတွေ ဖြတ်စားကြသည်။ ချိုသောအရသာရှိသည်မို့ ကလေးတွေ အကြိုက်တွေ့သည်။

ချိုးကူသံနှင့်ကောက်ရိတ်ချိန်။ ဆောင်းနှင်းဖွေးဖွေးကြ မှာ စပါးတွေရင့်မှည့်လာသည်။ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း တဲ့ . . . ။ တန်ဆောင်မုန်းလပြည့်ကျော်သည်နှင့် ရိတ်သိ ဖို့တော်သည့် လယ်ကွက်တွေကို ထီးရိုးဝါးအရှည်တစ်လုံးဖြ စပါးပင်တွေကို ဖိလှဲရသည်။ စပါးနှံအညှာခိုင်တုန်း ရိတ်ရသည်

စပါးကျွမ်းချိန်မှ ရိတ်လို့ကတော့ လယ်ကွက်ထဲ ကောက်နှံကောက်ဖို့သာပြင်တော့။ အမှည့်လွန်သောအသီးမျ အညှာမခိုင်ပဲ ကြွေကျတတ်သလို စပါးအမှည့်လွန်၍ ကျွမ်းသော





အချိန်မှရိတ်လျှင် စပါးနှံတွေ ဖက်ကျိုးကျကာ အပေါ်တစ်ဝက် အောက်တစ်ဝက်နှင့် ဖိတ်စင်ထက်ဝက်ရှိချေ၏။

စပါးကို . . . မောင်းညိုတင်ရိတ်မှ အဖိတ်အစင်မရှိ ရိတ်သိမ်း၍ရ၏။ အခုလည်း စစ်အေး သူ့ပျိုမဒီ လေးခွ ခါး ကြားထိုးပြီး မောင်းညိုပြိုဖြစ်သော စပါးတွေ ရိတ်သိမ်းဖို့ စပါးလှဲ ဝါးဖြင့် ကောက်ပင်တွေကို ဖိလှဲနေသည်။

တိမ်ပုဝါပါးပါးလေးကြားက နေမင်း ခေါင်းပြူထွက်လာသည်။ မကြာမီ တံစဉ်ကောက်ကြီးတွေ ပခုံးချိတ်ပြီး ကောက်ရိတ်သားတွေ ဆင်းလာကြတော့မည်။ စစ်အေး စပါးနှံတွေကို ကြည့်သည်။ လုံးပြည့်ဆန်ပြည့်နှင့် စပါးနှံအဆုပ်ကြီးတွေက အားရစရာ . . . ။

ယနေ့ ကောက်ရိတ်သားများသည် ဆယ်ယောက် တိတိ။ ညာလက်က တံစဉ်ကိုင်ပြီး ကောက်ပင်ကို တံစဉ်ဦးဖြင့် ချိတ်သည်။ စပါးနှံအောက်ဖက်ကို လက်ဖြင့်ဆုပ်ကိုင်ပြီး ကောက်ပင်ကို ပင်ခြေအထက် တစ်ထွာကျော်ကျော်ခန့်မှ စရိတ်သည်။ ကောက်ပင်ကိုလက်နှင့်ဆုပ်လိုက် တံစဉ်ဦးဖြင့်ထိုးကာ ရိတ်လိုက်ဖြင့် ဟန်ချက်ညီစွာရိတ်သိမ်းနေကြသည်မှာ ယိမ်း အကတစ်ခုပမာ ကြည့်၍ကောင်းလှသည်။

နံနက်ရှစ်နာရီလောက်တွင် ခင်မှုန်နှင့် အရီးဘုတို့နှ နှစ်ယောက် ရင်စာတောင်းနှင့် လယ်ကွင်းထဲဆင်းလာကြသည်။

“ ကူကူး . . . ကူး . . . ကူး . . . ”



www.burmeseclassic.com

www.burmeseclassic.com

ကောက်ရိတ်သားတွေ မျှင်ငပိကြော်နှင့် ရင်စာထမင်းကို ခေါင်းမဖော်တမ်း စားနေကြသည်။ ထီအောင်တို့က ရေနွေးကြမ်း ပင်မသောက်။

" ဟဲ့ကောင် ... ဖြည်းဖြည်းစား ခံတောင်းထဲမှာ ထမင်းအများကြီးရှိတယ် ... လက်ဘက်ရည်လေး ဘာလေး သောက်ဦး"

အရီးဘုတ်ပြောတာ နောက်ကျနေပြီ ... ထီအောင့် ဗိုက်ထဲ ရေနွေးသောက်ဖို့ နေရာလွတ်ပင် မကျန်တော့ ... ထမင်းတွေက လည်းချောင်းဝနား ရောက်နေသည်။

ထမင်းစားပြီး သိပ်မကြာလှ ... ထီအောင် တောတိုးဖို့ ထပြေးတော့သည်။

" နှောင် ... ဒိုင်း ... နှောင်ဒိုင်း "

ညောင်ငုကျောင်း စည်သံကိုးချက်တီးပြီ ... ကောက်ရိတ်သားတွေ တံစဉ်ကိုင်ပြီး ကောက်ရိတ်ပြန်ဆင်းကြသည်။

" စစ်အေး နင့်ဘကြီးက အိမ်ပြန်လာခဲ့ဦးတဲ့ ... ခံတောင်းတွေယူပြီး ခင်မှုန့်နဲ့လိုက်သွားချေ။ ငါ ဟိုဖက်ကမ်း မျှစ်သွားဝယ်လိုက်ဦးမယ် ... "

" ဟုတ်ကဲ့ ... အရီး ... "

သူတို့လယ်စောင်းအောက်ဖက်တွင် သက်ကြီးစပါးစိုက်သည့် ရိုးလယ်ရှိသည်။ ရိုးတစ်ဖက်ရှိ စလင်းကုန်းအနောက်စုကို ဟိုဖက်ကမ်းဟု ခေါ်သည်။





စစ်အေး ထမင်းထည့်သည့်ခံတောင်းကြီးကို ခေါင်းပေါ် ရွက်ပြီး ခင်မှုန်နဲ့အတူ ပြန်လိုက်ခဲ့သည်။ စစ်အေးက ခင်မှုန့်ကို အရင်းမရှိမဖျားမရှိ မေးလိုက်သည်။

" ချစ်သေးရဲ့လား ... "

" ဟင် ... "

" ဩော် ... ဒီလိုခံတောင်းကြီးနဲ့ပုံစံကို ချစ်သေး ရဲ့လားလို့ "

"အဟတ်...ဟတ်...ဟား...ဟား...ဟား..."

"စစ်အေးရယ် ချစ်ခြင်းမေတ္တာမှာ ပုံသဏ္ဌာန်တို့ အရွယ် အစားတို့ ရှိပါ့မလား စစ်အေးရယ် ... "

" ဒါဆို အဝတ်အစားမပါရင်ကော ... "

ခင်မှုန် သတိလက်လွတ်ဖြင့် စစ်အေးကျောကုန်းကို ထုမည်ပြုပြီးမှ တာပေါ်မှန်း သတိရကာ စစ်အေးလက်ကို လက်သည်းဖြင့် အသာကပ်ဆိတ်လိုက်သည်။

" ဒီမှာဗျို့ အနိုင်ကျင့်နေတယ် ... အ... အ "

အရေးထဲ မောင်ကြွက်နီဆိုက်ကား သူတို့အနားက ဖြတ်သွားသည်။ သူ့ရုပ်ကြီးက ပြုံးဖြီးဖြီးဖြင့် ...

" ဟော့ ... ကောင်မလေးကို အနိုင်မကျင့်ရဘူးလေ"

ခြံထဲရောက်သည်နှင့် ခံတောင်းကို နောက်ဖေးဘက် တွင် ထားခဲ့ပြီး အိမ်ပေါ်သို့တက်သွားသည်။

" လာဟော့ ... စစ်အေး ... "

www.burmeseclassic.com

www.burmeseclassic.com

စစ်အေး ဘကြီးပွားရှေ့က ခုံမှာဝင်ထိုင်သည်။ ဘာကို
မှန်းမသိ။ ဘကြီးပွားမျက်နှာက ကျေနပ်သည့်ဟန်မျိုးရှိသည်

" စစ်အေး ... မင်း ညောင်ငူက ချာတိတ်တစ်ယော
နဲ့ ... ရန်ဖြစ်တယ်ဆို "

" ဟို ... ဟို ... ဘကြီး ... "

" မြဒင်ရဲ့သား ... အောင်စိုးဆိုတဲ့ ကောင်လေး
မဟုတ်လား ... "

"ဟုတ် . . .ဟုတ်ပါတယ်ဘကြီး ဒီကောင်က ခင်မွှ
လွယ်အိတ်ထဲကို စာလိုက်ထည့်လို့ ကျွန်တော် ဆော်လိုက်တာ"

ဘကြီးပွားက သူ့နှုတ်ခမ်းမွှေးကို ပွတ်သပ်ပြီး ...
ထိုင်ရာမှ ဆတ်ခနဲ ထသည်။ ပြီး ... နောက်ဖေးခန်းထဲ ဝင်
သွားသည်။ စစ်အေး ရင်မ,နေရပြီ။ ဟော ... လက်ထဲမှာ
ပန်းကန်လုံးတစ်လုံးကို ကိုင်ပြီး ပြန်ထွက်လာသည်။

" လက်ဘက်ရည်သောက်ကွာ ... ဒီမှာ ...
မင်းကြိုက်တဲ့ ... အမဲခြောက် ... "

ဘကြီးပွားက သူ့ကို အပြစ်မယူသည့်အပြင် သဘော
ကောင်းနေပြန်သည်။ ထူးတော့ထူးသည်။ ဘကြီးပွား အကြမ်း
ပန်းကန်နှစ်လုံးထဲ ရေနွေးငှဲ့လိုက်ပြီး ...

" အဟွန်း ... ဒီလိုကွ ... စစ်အေးရဲ့ ... မင်းနဲ့
ရန်ဖြစ်တဲ့ ... အောင်စိုးရဲ့အဖေ မြဒင်ဆိုတာက ငယ်ငယ်က
ငါနဲ့ ကျောင်းတော်ကရန်စ ရှိခဲ့ဖူးတယ် ... မင်းအရီးဘုတိုကို





လက်ကဖြတ်လုပ်ဖို့ နယ်ကျော်လာရင်းနဲ့ ဖြစ်ကြတာ "

"ဒီကောင်တွေက အုပ်စုလိုက် ငါကတစ်ယောက်
ည်း။ ရွာတောင်ဖက် တံတားချိုင်ခုံးပေါ်နားက ဇီးပင်လေး
းမှာ ရွှေဘနဲ့ချီးဘူးတို့အုပ်စု ချကြသလိုပေါ့ကွာ "

ဘကြီးပွား ပြောရင်းက အားတွေပါလာသည်။ အခုပဲ
နေသလိုလို အင်္ကျီလက်ကို ပင့်တင်လိုက်ပြီး ...

" ဘာပြောကောင်းမလဲ ငါတွယ်ထည့်လိုက်တာ မြဒင်
ည်း လက်ကျိုးသွားတယ်။ သူ လက်ပြန်ကောင်းသွားတော့
က်ကကောက်နေလို့ လက်ကောက်မြဒင် ဖြစ်သွားတာ "

စစ်အေး ဘကြီးပွားကို တအံ့တသြကြည့်သည်။
များနှင့်တစ်ယောက် ...

" ဘကြီးပွားရော ဘာမှမဖြစ်ဘူးလား ... "

" ဟာ ... ငါက ... တုတ်ပြီး ခေါးပြီးတာ ဘာဖြစ်
လဲ "

စစ်အေးက အဟုတ်မှတ်ပြီး အထင်ကြီးသွားကာ ...

" ဒါဆို ... ဘကြီးပွားဆီမှာ တုတ်ပြီး ခေါးပြီးဆေး
သို့လား"

" ဘယ်ကလာ ရှိရမှာလဲ ဒီကောင့်အဖော်တစ်ယောက်
ဓါးပိုင်းနဲ့ဆော်ထည့်လိုက်တာ ငါလည်း ချိုစောင်းဟက်တက်
သွားတာပေါ့ကွာ ... ရန်ပွဲက တုတ်နဲ့ပြီးသွားလို့ တုတ်ပြီး
ယ်လို့ပြောတာ ... "



www.burmeseclassic.com

www.burmeseclassic.com

သည်တော့မှ စစ်အေး ဘကြီးပွား တုတ်ပြီးတာကို သိလိုက်ရ၏။ ဘကြီးပွားက အရှိန်မသေသေး . . . ။

" အခုလည်း သူ့သားက ငါ့သမီးကိုလာနွယ်နေပြန်ပြီ နောက်တစ်ခါဆို အပြတ်သာဆော်ပစ် . . . ငါတာဝန်ယူမယ်"

ဘကြီးပွားက သမီးဇောနှင့်မို့ ဆုံးမရမည့်အစား စစ်အေးကို မြှောက်ပေးနေပြန်သည်။ ခင်မှုန်က ကြားဝင်၍ . . .

" အဖေတို့ကလည်း . . . အသက်ကြီးနေပြီ ခု စိတ်က မလျှော့ချင်သေးဘူး . . . ရန်မဖြစ်ဖို့ ဆုံးမရမယ့်အစား မြှောက်ပေးနေတယ် . . . ဒီကိစ္စ သမီး ဖြေရှင်းမယ် . . .

ဘကြီးပွား . . . ငြိမ်သက်တွေဝေသွား၏။ အဝိဇ္ဇာဖုံး၍ မဆင်မခြင်ပြောမိပြီးမှ ခင်မှုန့်စကားကြောင့် ရှက်မိသလို ကိုယ့်ကိုယ်ကို မလုံမခြုံ ဖြစ်လာသည်။

" အေး . . . အေး . . . သွား . . . သွားတော့ ရန်တွေ . . . ဘာတွေလည်း ဖြစ်မနေပါနဲ့ . . . တော်ကြာ ဒိုင်စားနေမှ အလုပ်ပျက် အကိုင်ပျက် ဖြစ်နေဦးမယ် . . .

စစ်အေး . . . ဘကြီးပွားရှေ့မှထကာ တင်းကုပ်ဖက်သို့ ထွက်လာခဲ့သည်။





## သုံးကြိမ်မျှမြင် ကံဆသူ

လူတို့၏ ဘဝတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါတော့ ကံကောင်းကြစမြဲ။ ကံထမ်းလာတာမမြင်ပဲ ရသည့်အခွင့်အရေး အားချပြီး မေ့မေ့လျော့လျော့ ပျော်ပါးသောက်စားကာ နောက်ဆုံးတော့ ဒုံရင်းက ဒုံရင်း . . . ။

စစ်အေးက သည့်လိုမဟုတ်။ ဘဝနာခဲ့သည်မို့ သိသိသာသာကံထလာသည်နှင့် သူ့ဘဝကို ပြောင်းပြန်လှန်ပစ်ဖို့ သတိ၊ ဝီရိယအသင့်ရှိနေသည်။ ထီတစ်ခါထိုးသော် မပေါက်။ နှစ်ခါထိုးသော်မပေါက်။

မပေါက်မချင်း . . . ထိုးဖို့က ကိုယ့်အလုပ် . . . ပေါက်ခြင်း မပေါက်ခြင်းက . . . သူ့ကိစ္စ . . . ။

တတိယ ထီတစ်စောင်ထိုးပြီးကာတည်းက စစ်အေး လက်ဖဝါးရော ခြေဖဝါးရော . . . တစ်ကိုယ်လုံးပါ ယားလာသည်။ နေပူလာသည်နှင့် အလာ့ဂျစ်(စ်)က ဇာတိပြလာသည်။

" စစ်အေးရေ . . . အင်ရွက်ပြုတ်ရည် ရပြီဟေ့ "

စစ်အေး . . . ဘာလီကိုင်းဖြင့် ခင်မှုန်တို့မီးဖိုသို့ သွားပြီး အင်ရွက်ပြုတ်ရည်ထည့်ယူလာပြီး ခြေဖြင့်စဝ်ချိုးသည်။

" ဝုန်း . . . "



www.burmeseclassic.com

www.burmeseclassic.com



“ ယားစမ်းကွာ . . . ”

“ အုန်း ”

“ ယားဦးကွာ . . . မကြာခင် သူဌေးဖြစ်တော့မှာ”

“ ဝုန်း . . . ဝုန်း . . . ဝုန်း ”

ပါးစပ်က အော်မိအော်ရာအော်ရင်း ရေခွက်ကို အဆက် မပြတ် လောင်းချိုးနေသည်။ ခင်မှန့်မေတ္တာ အင်ရှက်ပြုတ်ရေ အစွမ်းက အံ့မခန်းပါဘိ။သူ့ကိုယ်ပေါ်က ယားနာမှန်သမျှ ... ပိန်းကြာဖက်တွင် ရေမတင်သည်သို့ လျှောကျသက်ဆင်းခဲ့

ကောက်ရိတ်ပြီးသား လယ်ကွင်းပြင်က တစ်မျှော်တခ ခေါ် . . . စပါးတွေ ခြောက်သွေ့ပြီမို့ စစ်အေး၊ ထိအောင်နှ ဆစ်တိုတို့ ရိတ်ပြီးသား ကောက်ပင်တွေကို ကောက်လှိုင်းစည် ရသည်။

ကောက်လှိုင်းစည်းချိန်တိုင်း စစ်အေး အဖေ့ကိုသတိ သည်။ အဖေ့ဝီရိယသည် ဘယ်သောအခါမှ လိုသည်မရှိ အမြဲတမ်း ပိုသည်ချည်း . . . ။

တစ်ညှ . . . လကြီးက ထိန်ထိန်သာနေသည်။ စစ်အေ က ပိစိကွေးကလေးမို့ ဖင်ပြောင်ပြောင်. . .ဘယ်လူးညာလှိ ရင်း ရွှေပွန်က ရေသွန်တော့၏။ ဘယ်လောက်ပြင်းအား ရှိသည် မသိ။ အဖေ့မျက်နှာတွေပေါ် မိုးရွာချသလို တဖွဲဖွဲနှင့် ရွှဲကုန်ခဲ အမေရော အဖေပါ နိုးသွားတော့ ပြန်အိပ်မရ။ စစ်အေးကိုယ်ပေ စောင်ပါးလေးခြုံပြီး အိပ်မရသည့်အဆုံး ဆားလော့်ခေါးလိ





ကို အဖော်ပြုရင်း အပြင်ဖက်ကို လှမ်းကြည့်သည်။ အပြင်မှာ တော့ ထိန်လို့ . . . လင်းလို့ . . . ။

“ ဟာ . . . အရုဏ်တက်ပြီ . . . ထင်တယ် ”

စင်စစ် လပြည့်နေ၍ လင်းထိန်နေခြင်းသာဖြစ်၏။ ဘုန်းကြီးကျောင်းတွေက အုံးမောင်းခေါက်သံ မကြားရသေး။ ဘယ်အချိန်မှန်းမသိဘဲ ပုဆိုးတစ်ထည်ခေါင်းပေါင်းပြီး အဖေ လယ်ထဲဆင်းသွားသည်။ အမေလည်း မသိ . . . ။

အချိန်မတော်ကြီး ကွင်းထဲမှာ အဖေဘာလုပ်သနည်း သူယောင်မယ်တွေနှင့် ချိန်းတွေ့နေသလား . . . ။ မဟုတ်ပါ နှင်းစိုစိုနှင့် ကောက်လှိုင်းတွေကို လရောင်အောက်တွင် စည်း နှောင်နေသည်။ အရှေ့ဖက်ကောင်းကင်တစ်ခွင်မှာ (WATER COLOUR)တွေ ပျော်ကျလာသလို နေလုံးနှင့်အတူ ရောင်နီပျို့ လာ၏။

လယ်တစ်ကွက်ပြီးခါနီးမှ အဖေ့ဘယ်ဖက်လက်ခွ ကြားမှာ ပူခနဲဖြစ်ကာ နာကျင်သွားသည်။

“ ဘာလဲဟ . . . ”

အဖေ စိုးရိမ်တကြီးဖြင့် ကောက်လှိုင်းကို ဆွဲမသည်နှင့် ကောက်လှိုင်းအောက်က မြွေတစ်ကောင် . . . လူးလွန့်ပြီး ထွက်ပြေးသည်။ အလင်းရောင် မှုန်ဝါးဝါးမို့ ဘာမြွေမှန်းမသိ။

မြေခဲတစ်လုံးရှာပြီး မြွေကိုလိုက်ထုသော်လည်း မြွေက ရိုးပြတ်တွေအောက် ငုံ့လျှိုးပြီး ပျောက်သွား၏။ အဖေ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com

ရမည်နည်း။ ရင်တွေပူလာသည်။ ဖိုးဒေါ်နှင်းမြနှင့်သား စစ်အေး သည်လယ် . . . သည်မြေ . . . သည်စပါး . . . ။

တွေဝေနေဖို့ အချိန်မရှိ။ ခေါင်းပေါင်းပုဆိုးစကို ဖြည်ပြီး လက်မောင်းအရင်းမှာ ခပ်တင်းတင်းစည်းကာ တာပေါ်အပြေး တက်ခဲ့သည်။

လမ်းမှာ တွေ့သည့်ဆိုက်ကားတစ်စီးကို တားပြီး ရှေကြည်ဆေးရုံသို့သွားသည်။ ဆိုက်ကားပေါ်မှာကတည်းက အဖေ့မျက်လုံးတွေ ပြာနေပြီ။

ဆေးရုံရောက်မှ ဆိုက်ကားဆရာကို အိပ်ယာလိပ်နှင့် အတူ . . . အမေလိုက်လာဖို့မှာသည်။ အဖေ ဒယီးဒယိုင်ဖြင့် ဆေးရုံထဲဝင်သွားသည်။

" ပိုးထိလာလို့ . . . ဆရာမ . . . "

ဆရာမက ဆေးရုံဝင်ပေါက်ကိုကြည့်ရင်း လူနာရှာ သည်။

" ဘယ်မှာလဲ လူနာ . . . "

" လူနာက . . . ကျွန်တော်ပဲ . . . "

ဆရာမ အလွန်အမင်းအံ့သြသွားသည်။ အိပ်ယာလိပ် မပါ၊ လူနာရှင်မပါ . . . တစ်ဦးတည်း။

ဆေးရုံမှ ဆရာဝန်နှင့်ဆရာမများ ပျာယာခတ်သွားကြ သည်။ ခက်သည်က မြွေဖမ်းမမိသည်က တစ်ခက်။ မြွေဆိုး လား . . . မြွေကောင်းလား မသိရ။





ဦးစစ်မောင်၏လက်ခွကြားမှာ မြွေစွယ်ရာ . . . သည် နေရာကိုခွဲပြီး မြွေဆိပ်ထုတ်ကြသည်။ အားလုံး အစွမ်းကုန် ကြိုးစားပမ်းစားကုသကြသော်လည်း မြွေဆိပ်က တစ်ကိုယ်လုံး လျှင်မြန်စွာ ပျံ့နှံ့လာပြီး တစ်ကိုယ်လုံးပြာနှမ်းလာသည်။

ဒေါ်နှင်းမြ ရောက်လာချိန်တွင် ဦးစစ်မောင်အသက်မိရုံ သာရှိ၏။ အားအင်ကင်းမဲ့သော ဖျော့တော့တော့အသံကို ဒေါ်နှင်းမြ ကြိုးစားနားထောင်ရသည်။

" နှင်းမြ . . . ငါ့သား စစ်ရေးကို . . . လယ် . . . လယ်ဆက်လုပ်ဖို့ . . . "

မနက်ကိုးနာရီတိတိတွင် လယ်သမားသူရဲကောင်းကြီး ဦးစစ်မောင် လုပ်ငန်းခွင်မပြီးဆုံးမီ ကျဆုံးသွားရှာလေသည်။

" အဖေး . . . "

စစ်အေးကောက်လှိုင်းစည်းရင်းက ရင်ထဲပွင့်ထွက်သွား သည်။ ထီအောင် သူနှင့်နောက်ကျောခိုင်းစည်းနေရာက . . . အထိတ်တလန့် လှည့်ကြည့်သည်။

" စစ်အေး . . . စစ်အေး . . . ဘာဖြစ်တာလဲ "

" ဘာမှ . . . မဟုတ်ပါဘူးကွာ အဖေ့ကိုသတိရလို့ပါ"

သူတို့ ကောက်လှိုင်းစည်းရာမှ ခဏနားကြရင်း . . . ကန်းစောင်းက အပင်ရိပ်မှာ ရေနွေးကြမ်းသောက်ကြသည်။ ဆစ်တိုရော ထီအောင်ပါ စစ်အေးကို ကရုဏာသက်နေကြ၏။ ထီအောင်က ရေနွေးကြမ်းတစ်ခွက်သောက်လိုက်ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com

" မင်းအဖေဆုံးတာ ကောက်လှိုင်းစည်းရင်း ပိုးထိလို့ မဟုတ်လား "

" ဟုတ်တယ် ထီအောင် . . . ပြောပြရရင်တော့ အဖေ့ကို ငါ သေးနဲ့ပန်းတာက စရမှာပဲ . . . "

သူတို့ . . . စစ်အေး၏အဖေ လယ်သမားသူရဲကောင်းကြီး၏ ကျဆုံးခန်းကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

စစ်အေးပြောပြီးသည်နှင့် သူတို့အားလုံး သက်ပြင်းမှုတ်တစ်လုံးချပြီး အပူဒဏ်ကာကွယ်ရန်အလို့ငှာ ရေနွေးနှစ်ခွက်သုံးခွက်ဆင့်သောက်သည်။ ထီအောင် ဆီးအိမ်တင်းလာပြီး အပေါ့သွားဖို့ သတိရလာသည်။ စစ်အေးဖက်ကိုလှည့်ပြီး . . .

" စစ်အေး . . . "

စစ်အေးက ရေနွေးငှဲ့ရာက မော့ကြည့်သည်။

" ထီအောင် . . . ဘာလဲ . . . "

" မင်းအဖေ . . . ဆုံးတဲ့ကိစ္စမှာ မင်းရဲ့ရွှေပြွန်က ရေသွန်တဲ့ပယောဂတွေ အများကြီးပါတယ်ကွ "

" ဟေ "

ထီအောင်က အပြောင်အပျက်ပြောသော်လည်း . . . သေချာတွေးလျှင် သူ့စကားက မှန်သလိုရှိ၏။ သူစဉ်းစားသည် သူက အဖေ့ကို သေးနှင့်မပန်းလျှင် အဖေနိုးမည်မဟုတ်။ အဖေ မနိုးလျှင် လယ်ထဲသွားပြီး ကောက်လှိုင်းစည်းမည်မဟုတ်။

ကောက်လှိုင်းမစည်းလျှင် အဖေလည်း မြွေဆိုးနှင့် တွေ့မည်မဟုတ်။ စစ်အေး တွေးရင်းတွေးရင်း အားမလိုအားမရဖြစ်လာကာ ဝမ်းပန်းတနည်းဖြင့် သူ့ပေါင်ကြားကို တဖုံးဖုံး ရိုက်တော့သည်။





" ရွှေပြွန်ရေ မင်းကြောင့် ငါ့အဖေသေရတာကွ . . . ဟီး . . . ဟီး . . . ဟီး . . . "

" ဖုံး . . . ဖုံး . . . ဖုံး "

ထီအောင်က စစ်အေးကို လှမ်းဆွဲရင်း . . .

" တော်ပါတော့ . . . စစ်အေးရာ . . . ငါအစလုပ်မိလို့ မင်း ဒီလိုဖြစ်ရတာ . . . လာ ကောက်လှိုင်းသွားစည်းရအောင် "

သူတို့သုံးယောက် ကောက်လှိုင်းဆက်စည်းကြသည်။ အလုပ်လုပ်ရင်း ပျင်းသလိုလိုရှိလာသည်နှင့် ထီအောင်က စကားစမြန်သည်။

" စစ်အေး . . . မင်းရွှေပြွန်ကို စိတ်နာနေတယ် မဟုတ်လား "

" အဲဒါ . . . ငါဘာလုပ်ရမလဲ "

" လွယ်လွယ်လေးပါကွာ ဖြတ်ပြီးလွှင့်ပစ်လိုက်ပေါ့ကွာ "

" ဟာ . . . ဒါတော့ . . . ဘယ်ဖြစ်မလဲ။ ငါဘဝတုံးသွားမှာပေါ့ကွ "

" ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား "

သူတို့အားလုံး ပတ်တုတ်မရအောင် ဝိုင်းရယ်ကြသည်။ တာပေါ်က ခေါင်းပေါင်းကြီးနှင့်စစ်အေးအမေ ဒေါ်နှင်းမြ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းလာသည်။ အမေ့ခြေလှမ်းတွေက မြန်ဆန်လွန်းနေသည်
ဘာဖြစ်လာပါလိမ့်။ အနားရောက်တော့ အမေ ခုန်ပေါက်
စစ်အေးရှိရာပြေးလာသည်။

" သားရေ . . . စစ်အေး . . . စစ်အေး . . . "

စစ်အေး အမေ့ကို ဆီးကြိုသည်။ အမေ မောနေသည်
ရုတ်တရက် စကားမပြောနိုင်။ အမေ့မျက်နှာမှာ ဝမ်းသာရိပ်
လွှမ်းနေသည်။ စစ်အေး အမေ့ကို ရေနွေးငှဲ့တိုက်သည်။ အ
ရေနွေးသောက်ပြီးမှ . . .

" သားရေ အမေတို့တော့ ဘဝပြောင်းပြီ။ နင်ထိုး
တဲ့ ထီလက်မှတ်က ဆယ်သိန်းဆုပေါက်တယ်လို့ ကန်တော်ကြီး
ထီဆိုင်က လာပြောသွားတယ် "

" ဟုတ်ရဲ့လား အမေရယ် . . . သားတော့ အိပ်မက်
သလိုပဲ "

" ကဲလာ . . . နင့်အလုပ်ခဏထားပြီး ကန်တော်ကြီး
ထီဆိုင်ကို အခု လိုက်သွားလိုက်ဦး . . . "

ထီအောင်နှင့်ဆစ်တိုတို့ ဝမ်းသာလွန်းသဖြင့် သံပြို
ထွက်သွားကြ၏။

" စစ်အေး . . . လယ်ပိုင်ဖြစ်ပြီကွ "

စစ်အေး . . . သူငယ်ချင်းများကို နှုတ်ဆက်ပြီး အမေ့
လိုက်ပါသွားသည်။

♛ ♛ ♛





## စစ်အေး လယ်ပိုင်ဖြစ်ပြီ

ကန်တော်ကြီးထီဆိုင်ပိုင်ရှင်၏ အကူအညီဖြင့် စစ်အေး ရန်ကုန်တွင် ဆုငွေသွားထုတ်ရသည်။

စစ်အေး ရွှေတိဂုံဘုရားကြီးကို ဖူးမြင်ခွင့်ရခဲ့သည်။ ထိုမှတစ်ဆင့် ရန်ကုန်ဘူတာကြီးကို နန်းတော်တစ်ခုလို အမှတ်မှားခဲ့သည်။ ဆူးလေစေတီတော်ကို ဖူးမြော်ခဲ့ပြီး ဗိုလ်ချုပ် ဈေးကြီးဆိုတာကို ရောက်ခဲ့သည်။ ခင်မှုန်လောက်ကို လှသည် ဟု ထင်ထားသည့် စစ်အေးအဖို့ နတ်ပြည်ရောက်သွားသည့် တောသားတစ်ယောက်ပမာ ဖြစ်နေ၏။

ဗိုလ်ချုပ်ဈေး (ခေါ်) စကော့ဈေးထဲက ခင်မှုန်အတွက် အလှဆုံးဝတ်စုံကို ဝယ်သည်။ အမေနှင့်ယောက္ခမလောင်းကြီး နှစ်ယောက်အတွက် ဝတ်စုံတစ်စုံစီ ဝယ်သည်။

ရန်ကုန်တွင် နှစ်ပေါင်းများစွာက အခြေချနေသည့် သူ့အစ်ကိုဝမ်းကွဲ စံချွန်က သူသွားလိုရာကို မာဇဒါ သုံးဘီးလေး တစ်စီးဖြင့် လိုက်ပို့သည်။ စိန့်ဂျွန်းဈေးတွင် နေရှင်နယ် ကက်ဆက်တစ်လုံးဝယ်သည်။ ကက်ဆက်ဝယ်ရင်း စစ်အေး ကက်လုံးက ဂျင်းဘောင်းဘီ ဂျင်းဂျာကင်အရောင်းဆိုင်တွေဆီ ရောက်သွားသည်။ သူ့အစ်ကိုစံချွန်က ပုဆိုးကို တင်းပါးပေါ်


www.burmeseclassic.com

www.burmeseclassic.com



လိပ်တင်ပြီး . . .

" စစ်အေး မင်းတို့တောနဲ့ဆို အကိုက်ပဲ . . . ကောင်းဘွိုင်တွေဝတ်တဲ့ ဂျင်းဘောင်းဘီ ဝယ်သွားပါလား "

ငိုချင်လျက် လက်တို့ပြီးသားဖြစ်သွားသည်။

" သုံးထည်လောက်ဝယ်မယ် . . . ကိုကြီးချွန် . . ."

" ဟ . . . လုပ်လှချည်လားကွ . . . "

" သူငယ်ချင်းနှစ်ယောက်အတွက်ပါ ဝယ်သွားမလို့"

ဂျင်းဘောင်းဘီကို စစ်အေး တစ်ခါထဲဝတ်ကြည့်သည်။ လီဗိုင်း(စ်) နက်ပြာရောင်နှင့် . . . ။

စစ်အေးလို ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းနှင့် ကြည့်၍ပင် ကောင်းသေးတော့။ စစ်အေးနှင့်လိုက်ဖက်မည့် ဖက်ရှင်ကို ရန်ကုန်သား ကိုကြီးစံချွန်က လိုက်ဝယ်ပေးသည်။ ဝေါကင်းရှူးဖိနပ်တစ်ရံဝယ်ပြီးသည်နှင့် သူတို့ စံချွန့်အိမ်ရှိရာ နှစ်ဆယ့်ရှစ်လမ်းသို့ ပြန်လာကြသည်။ အိမ်ရောက်တော့ ရေချိုးပြီး မိုလ်ချုပ်လမ်းပေါ် ပြန်ထွက်လာကြသည်။ သည်ညနေ ကိုကြီးစံချွန်ကို ကောင်းကောင်းပြုစုရမည်။ ကိုကြီးစံချွန် ဦးဆောင်မှုဖြင့် ဆူးလေဘုရားလမ်းရှိ ဟိုက်ခင်ပျော်ပွဲစားရုံသို့ သွားကြသည်။

ရမ်တစ်ပြား ဆိုဒါနှင့်ရေခဲမှာသည်။ အမြည်းက ဘဲကင် အခေါက်ကင်များဖြင့် သူတို့ဝိုင်းက စိုပြည်နေသည်။ တစ်ပက် နှစ်ပက်လောက် ဝင်သွားသည်နှင့် ကိုကြီးစံချွန်အာရွှင်လာသည်။





" ဟော့ရောင် . . . စစ်အေး . . . မင်းရန်ကုန်ပြောင်းတာပါလားကွ "

" ဒါတော့ သည်းခံပါ ကိုကြီးချွန်ရာ . . . ကျွန်တော်က ဝယ်ပဲလုပ်ချင်တာ . . . ရန်ကုန်လည်း မပျော်ပါဘူး "

စစ်အေး ဝယ်စရာနှစ်ခုကျန်သေးသည်ကိုသတိရသည်။

" ကိုကြီးချွန် . . . ကျွန်တော် အင်္ဂလိပ်အဘိဓာန် အအုပ်နဲ့ မောင်ဗမာစက်ဘီးတစ်စီးလောက် ဝယ်ချင်တယ် "

" ဟား . . . မင်းကလည်း ဂျပန်ဘီးတွေဝယ်စမ်းပါကွာ ငါလိုက်ဝယ်ပေးပါ့မယ် . . . "

ဟိုက်ခင်က . . . ထွက်လာပြီး ဂုဏ်ရုံမှာတင်နေသည့် (SOGGY BOTTOM .U.S.A)ရုပ်ရှင်ကို ဝင်ကြည့်ကြသည်။ အမြီးအမောက်မတည့်သည့် လူတွေကို ရိုက်ပြထားသည်။ တစ်ကားလုံး ကိုးရိုးကားယားနှင့် ရယ်စရာကောင်းလှသည်။

စစ်အေး သူ့ပစ္စည်းတွေ ခနဖြူသင်္ဘောပေါ်တင်ပြီး ကိုကြီးစံချွန်ကို ရွာအလည်လာဖို့ တဖွဖွမှာနေသည်။

" ဘော် . . . ဘော် . . . "

" အဲ ငါသွားမယ် . . . မင်းခနဖြူရောက်ရင် ခနဖြူ မြို့သိုင်းချောင်းကားကိုစီးပြီး ဝိတောက်ချောင်ခွမှာဆင်း . . . ဆင်း ပိုက်ဆံတွေလည်း ဂရုစိုက်နော် ကြားလား "

ကိုကြီးစံချွန် ပုဆိုးလေးမ,ကာ သင်္ဘောပေါ်မှ ဆင်း သွားသည်။ တဖြည်းဖြည်း သင်္ဘော ကမ်းကခွာသည်။ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



စံချွန် သူ့ကို လက်ပြနှုတ်ဆက်ကျန်ခဲ့သည်။

စစ်အေး သင်္ဘောပေါ်တွင် ကုလားထိုင်ဝယ်ပြီး နေရာယူသည်။ သူ့ခရီးဆောင်အိတ်အသစ်ကြီးကို ပေါင်ပေါ်တင်ပြီး ကုလားထိုင်ပေါ်တွင် စတိုင်လ်အပြည့်ဖြင့် လိုက်ပါလာသည်။ ရန်ကုန်မြစ်လယ်ရောက်သည်နှင့် ရွှေတိဂုံစေတီတော်ကို ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပါယ်စွာ ဖူးမြင်ရသည်။

စစ်အေးလက်အုပ်ချီကာ ကန်တော့လိုက်ပြီး . . .

" ဘုရားတပည့်တော် ချစ်ရသူနှင့်ပေါင်းဖက်ပြီး . . . လယ်ယာမြေနှင့်အများအကျိုး သယ်ပိုးဆောင်ရွက်နိုင်သော ကိုယ် ဖြစ်ရပါလို၏ အရှင်ဘုရား . . . "

စစ်အေး ပုံစံကိုကြည့်ပြီး မည်သူမျှ တောသားဟု ထင်လိမ့်မည်မဟုတ်။ ဆံပင်ပုံစံကအစ ကိုကြီးစံချွန်က သူတို့နှစ်ဆယ့်ရှစ်လမ်းထဲမှ "မောင်သာလှ"ဆိုင်ကို လိုက်ပို့ကာ ပုံစံသွင်းပေးခဲ့သည်။လီဗိုင်း(စ်)ဂျင်းဘောင်းဘီ၊ တီရှပ်နှင့်သူ့ကို ဘယ်သူက တောသားထင်မည်နည်း။

စစ်အေး လန်းနိုးတော့ နေဖြူဆိပ်ကမ်းမှာ သင်္ဘောဆိုက်နေပြီ . . . ။

သင်္ဘောပေါ်မှ သူ့ကျောပိုးအိတ်နှင့် စက်ဘီးကိုချသည်။ အားလုံး စစ်ဆေးပြီးသည်နှင့် ကျောပိုးအိတ်ကို စက်ဘီးနောက် ကယ်ရီယာမှာညှပ်ပြီး ဟိုမေးသည်မေးနှင့် မိကျောင်းစပေါ် အညိုရောင်လေးစီးကာ ကားဂိတ်ရှိရာ မီးသတ်ရုံနားသို့ နင်းလာခဲ့သည်။ မီးသတ်ရုံအနားမှာ ဖွင့်နေသည့် လက်ဘက်ရည်ဆိုင်သို့ဝင်ပြီး ဗိုက်ဖြည့်သည်။ သူ လက်ဖက်ရည်သောက်ရင်း စားပွဲထိုးကို မေးသည်။

" အစ်ကို ငါးသိုင်းချောင်းကား ဘယ်တော့ထွက်မှာလဲ"

" အဲဒီ သော်တာဝင်းဆိုတဲ့ကား သုံးနာရီလောက်ဆို ထွက်မှာ . . . "

စစ်အေး စားပွဲထိုးကို ပိုက်ဆံရှင်းပေးပြီး စက်ဘီးကို ကားအမိုးပေါ်သို့တင်သည်။ ကျောပိုးအိတ်ကို ခေါင်းအုံးပြီး ကားအမိုးပေါ်တွင် ဖိမ်ကျနေသည်။ ခဏအကြာ ကားစက်နိုးပြီး နေဖြူမှထွက်သည်။ စစ်အေး စပယ်ယာကို ကားခနှင့်တန်ဆာခ ရှင်းပေးပြီး ပိတောက်ချောင်ခွမှာချပေးဖို့ပြောကာ ကြယ်တွေ လက်နေသော ကောင်းကင်ကြီးကိုကြည့်ရင်း ကားအမိုးပေါ်အိပ်လျက် လိုက်ပါလာသည်။

ကျူပျော်ရောက်ကတည်းက စစ်အေးနိုးနေပြီ။ စိတ်သစ် လူသစ်ဖြင့် အညစ်အကြေးကင်းသည့် လေကောင်းလေသန့်ကို တစ်ဝကြီး ရှူရှိုက်ရင်း ငေးမော၍လိုက်ပါလာသည်။ ကျူပျော်နှင့် ရေကြည်အချိန်တိုလေးအတွင်း သူ့စိတ်ထဲမှာ ကြာလွန်းလှ၏။ ပိတောက်ချောင်ရောက်တော့ မိုးစင်စင်လင်းနေပြီ။ သူ့စက်ဘီး နောက်မှာ ကျောပိုးအိတ်ကိုညှပ်ပြီး ကောင်းဘွိုင်ဦးထုပ်အကြီးကြီးကိုဆောင်းကာ ရွာဖက်သို့ စက်ဘီးကို အမြန်ဆုံးနင်း၍ ပြန်ခဲ့သည်။

www.burmeseclassic.com

ရွာထဲကလူတွေ စစ်အေးကိုမြင်သည်နှင့် ဂြိုဟ်သား တစ်ယောက်ကို တွေ့ရသလို ဝိုင်းအုံလာပြီး အားပါးတရ ဆီးကြိုကြသည်။ စစ်အေး . . . သူတို့ကို အတင်းတိုးပြီး အမေ့ဆီသို့ အမြန်ဝင်သည်။

စစ်အေးရောက်ပြီ အသံကြားသည်နှင့် ထီအောင် သူရှိရာသို့ ပြေးလာသည်။ စစ်အေး . . . သူ့ကျောပိုးအိတ် အကြီးကြီးကို ဖွင့်သည်။ ဂျင်းဘောင်းဘီနှစ်ထည် . . . အမေ့ဖို့ ခရစ်လုံးချည်အညိုနှင့် အရိုပ်ပန်းစ။ နို့သာဖြူပုတီး . . . ။ အထဲက ကြွေမွနေတဲ့ မုန့်ထုပ်တွေ ထွက်လာသည်။

" ထီအောင် ဒီမှာကြည့်စမ်း . . . "

" အဲဒါ ဘာဘောင်းဘီလည်းကွ "

" အခုခေတ်စားနေတဲ့ ဂျင်းဘောင်းဘီ မင်းနဲ့တော်တဲ့ တစ်ထည်ယူလိုက် . . . "

ထီအောင်ချက်ချင်းထပြီး ဝတ်သည်။ ဝက်(စ်)ရှိက်ဒါ ကာလာဂျင်းလေးက သူနှင့်အနေတော်။ ဒါပေမယ့် နက်ပြောင်နေသည့် သူ့အသားနှင့် နက်ပြာရောင်ဂျင်းကို သူယူသည်။

အမေ့ကို အဝတ်အစားနှင့်မုန့်တွေပေးပြီး ကြင်ယာလောင်းနှင့် ယောက္ခမလောင်းကြီးတွေရှိရာ အုန်းခြံထဲသို့ လက်ဆောင်ပစ္စည်းတွေနှင့်အတူ ထွက်ခဲ့သည်။

ခြံထဲဝင်လာသည့် စစ်အေးကို ခင်မွှန် ဘယ်သူမှန်း မသိ။ မြို့ကဧည့်သည်ဟု ထင်နေသည်။ စစ်အေး သူ့ဦးထုပ်ကြီး





ကို ချွတ်လိုက်မှ ခင်မွှန် ဝမ်းသာအားရ ပြေးဆင်းလာသည်။ ခင်မွှန့်ပုံစံကိုကြည့်၍ အိမ်တွင် ဘကြီးပွားနှင့်အရီးဘုတို မရှိမှန်း စစ်အေး အတတ်သိနေသည်။

" ဟယ် . . . စစ်အေးရယ် နင်ကခန့်ချောကြီး ဖြစ်နေပါလား လာ . . . လာ အိမ်ပေါ်တက်ရအောင် "

ခင်မွှန်ရှေ့က တက်သည်။ သူ နောက်က ကပ်လိုက်လာပြီး . . .

" ခင်မွှန် ငါ့ကိုသတိရရဲ့လားဟင် "

" ရတာပေါ့ စစ်အေးရယ် . . . နင်မရှိတဲ့ရက်တွေမှာ ငါ မနေတတ်ဘူး တကယ်သာခွဲကြရရင် . . . "

ခင်မွှန် စကားက ရပ်သွားသည်။

" ငါလည်းနင့်လိုပါပဲ ခင်မွှန်ရယ်။ ငါ့အစ်ကိုက ရန်ကုန်ပြောင်းဖို့ ခေါ်ပေမယ့် နင်မရှိတဲ့အရပ်မှာ ငါမနေတတ်ဘူး "

သူတို့နှစ်ဦး၏ စိတ်ဆန္ဒက တစ်ထပ်တည်း တူညီနေသည်။ စစ်အေး . . . ခင်မွှန့်အတွက် ဝတ်စုံလှလှလေးကို အိတ်ထဲမှ ထုတ်ပေးသည်။

ပန်းနုရောင် အင်္ကျီလက်တိုနှင့် အနီရောင်ပေါ်မှာ အဝါရောင်လိပ်ပြာနှင့် ရောင်စုံပန်းခင်းလေးတွေပါသည့် ဂါဝန်ရှည်ကြီး တစ်ထည် . . . ။

" ဟယ် . . . လှလိုက်တာတော့ . . . "

ခင်မွှန် စစ်အေးလက်ဆောင်ဝတ်စုံကိုယူပြီး အခန်းထဲ


www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသည်။ အင်္ကျီက ခင်မှုန်ကိုယ်ပေါ်တွင် အရှိအတိုင်း ကပ်ချပ်နေသည်။ ဖွံ့ထွားသော ကိုယ်ခန္ဓာအစိတ်အပိုင်းတွေက အင်္ကျီကြားမှ ရုန်းထွက်နေသည်။အနီရောင်ဂါဝန်ရှည်ကြီး အောက်မှ သလုံးသားဖြူဖြူက အထင်းသား ပေါ်လွင်နေသည်။ စစ်အေးမျက်လုံးတွေ ခင်မှုန်ကိုယ်ပေါ်မှာ ကပ်နေသည့်အလား။

" နတ်သမီးလေးတစ်ပါးလိုပဲ . . . ခင်မှုန် "

ခင်မှုန် . . . ကျေနပ်ကြည်နူးစွာ ပြုံးသည်။ လှေကားမှ ခြေသံကြားပြီး ဒေါ်ဘုတ်ိုတက်လာသည်။ စစ်အေးနှင့်ခင်မှုန် ကိုကြည့်ပြီး သူ အံ့မြင်ဆန်းနေသည်။ သူ့သမီးအလှကို ယခုမှ ထင်ရှားစွာ မြင်ရသည်။

" ဟဲ့ . . . ဒါဘာတွေလဲ ဘယ်လိုဖြစ်တာလဲ "

စစ်အေး . . . သူယူလာသော လုံချည်နှင့်အင်္ကျီစကို အရီးဘုတ်ိုအား လှမ်းပေးသည်။

" ဒီမှာ . . . အရီးဖို့ . . . လက်ဆောင် . . . "

ဒေါ်ဘုတ်ိုမျက်နှာ ဒီတစ်ခါလောက်ချိုတာမျိုး စစ်အေး တစ်ခါမှ မမြင်ဘူးချေ။ သူ့မျက်နှာကြီးကို သကြားချက်လျှင် ရနိုင်သည်။

" အတော်ပဲ ဒီနှစ်ဝါတွင်း ဥပုသ်စောင့်ဖို့အတွက် ဝတ်စုံ တော့ ခဆင်ပြေသွားပြီဟေ့ . . . "

ဒေါ်ဘုတ်ို . . . စိတ်ထဲမှ ဒီကောင်လေးအလိုက်သိတတ် သားပဲ . ကျိတ် . . . ချီးကျူးသည်။





" ဒီမှာ . . . ဘကြီးအတွက် ပုဆိုးနဲ့တိုက်ပုံ . . . "

ဒေါ်ဘုတ်ို မုန့်ထုပ်နှင့်ကိုပွားဝတ်စုံကိုလှမ်းယူပြီး . . .

" စစ်အေး ခဏတဖြုတ်နားပြီးရင် နင့်ဘကြီး တလင်း ထဲမှာရှိတယ် . . . လိုက်သွားလိုက်ဦး "

စစ်အေး တင်းကုပ်ထဲဆင်းသွားပြီး မြို့သားအရေခွံခွာ၍ လယ်သမားဝတ်စုံကို ပြန်ဝတ်သည်။ အင်္ကျီလက်ရှည် အဟောင်းတစ်ထည်နှင့် ပုဆိုးတိုတိုဝတ် နီးခမောက်ကိုဆောင်း ကာ သီချင်းတအေးအေးဖြင့် တလင်းရှိရာသို့ ထွက်လာခဲ့သည်။

ဘကြီးပွား နွားနှစ်ကောင်အပြင် အငှားနွားတစ်အုပ်နှင့် တလင်းပြန့်ပေါ်မှာ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ . . . ။

" ဟဲ့နွား . . . ဟီး . . . ဟဲ့ "

တလင်းနယ်နေရာမှ နားလိုက်ပြီး သရက်ပင်ရိပ်မှာ ထိုင်သည်။ စစ်အေး သူ့ဘေးမှာဝင်ထိုင်ရင်း ရေနွေးငှဲ့သည်။

" စစ်အေး . . . မင်းဘာဆက်လုပ်မယ်စိတ်ကူးလဲ "

" ကျွန်တော် ဘကြီးတလင်းပြီးတာနဲ့ လယ်ဝယ်ဖို့ စိတ်ကူးထားတယ် . . . "

စစ်အေး အရင်ကတည်းက ရည်ရွယ်ချက်ရှိပြီးသားမို့ မဆိုင်းမတွပင် ပြန်ဖြေသည်။ ဘကြီးပွားက သူ့ရည်‌ ' ' ' သဘောကျသော်လည်း သူ့လက်ရုံးတစ်ဖက်ပြုတ်သလ ရဏ်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## သွားကြ . . သွားကြ ခင်းတို့ရွှေလေ ကောင်းလေ

ဘကြီးပွားအိမ်မှ တလင်းသိမ်းအပြီးတွင် စစ်အေး စလင်းကုန်းအနောက်စုမှ လယ်ဆယ့်ငါးကေ ဝယ်သည်။ ဥယျာဉ်ခြံဝိုင်းတစ်ခု ဝယ်သည်။ မည်သည့်လယ်သမားမှ မိမိတို့ လယ်မြေကိုမရောင်းချင်။ သို့သော်လည်း လယ်စိုက်ဖို့ ကိုယ်ပိုင် အရင်းအနှီးမရှိ။ ငွေတိုးနှင့်ချေးပြီး လုပ်ရသူများမှာ အချိန်တန် လျှင် တာဝန်ကျစပါးကို မဖြစ်မနေချရသည်။ ကြွေးမြီတွေဆပ်ပြီး လျှင် တလင်းထဲမှာ ကောက်ဆွနှင့်ဆန်ကောသာ ကျန်ရစ်ခဲ့သေး

စစ်အေး ဥယျာဉ်ခြံထဲတွင် ပျဉ်ထောင်သွပ်မိုး အိမ်





တစ်လုံးဆောက်သည်။ အိမ်လေးကနေချင့်စဖွယ်။ တောင့် တောင့်တင်းတင်း . . . သေသေသပ်သပ်နှင့်။

တစ်ပြိုင်တည်း စစ်အေး အမေ့ကို နားပူနားဆာ လုပ်တော့သည်။

“ အမေ့ . . . ခင်မှုန့်ကို သွားတောင်းပေးပါလို့ဆို”

အမေက ခေါင်းခါခါ လည်ခါခါ . . . အမေ့နားက အရောင်တလက်လက်ထွက်နေသည်။ အမေက ဆားလှော် မတ်တန်ကြီးကို မီးညှိကာ ချင့်ချင့်ချိန်ချိန်ဆိုသည်။

“ကိုပွားတင်စိတ်ကို နင်အသိဆုံး . . . ပြီးတော့ ကောင်မလေးက . . . ကျောင်းတက်ရင်းတန်းလန်းကြီးနဲ့ စာသေးသလားလို့ ”

စစ်အေးက မရ။ ဖွတ်ဆိုမှဖွတ် . . . ။

“ အမေ . . . ခင်မှုန် သူများနောက်ပါသွားရင် အမေလျော်နိုင်လို့လား . . . အရိုးဘုတ်ကို သွားပြီးကြောင်းလမ်း ပါလား”

အမေက လေးလေးတွဲ့တွဲ့ကြီး . . . ။

“ အေးလေ . . . အမေ ကြိုးစားကြည့်ပါဦးမယ် ”

“ ဟေး . . . ဒါမှ တို့အမေ ဒေါ်နှင်းမြကွ . . . ”

စစ်အေး သူ့အကြံအစည်ကို ခင်မှုန့်ကိုပြောပြမည်။ သည့်အတွက် ခင်မှုန် ကျောင်းအလွှတ်ကို ဝိတောက်ချောင်မှ စောင့်သည်။ ဒီနေ့ ခင်မှုန် စာမေးပွဲနောက်ဆုံးနေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိတ်သည်နှင့် စစ်အေး သူ့အကြံအစည်ကို မဖြစ်မနေ အကောင်အထည်ဖော်ရမည်ဖြစ်၏။

" ဘာ . . . "

" ခလွမ်း . . . "

ဦးပွားတင်၏ ကျယ်လောင်စွာအော်လိုက်သံကြောင့် ဒေါ်ဘုတိုလက်ထဲမှ ရေနွေးခွက် လွတ်ကျကာ အစိတ်စိတ် အမွှာမွှာ ကွဲသွားသည်။

" တောက် . . . ကျကျသေးကွာ . . . တစ်သက်လုံး ငါ့သူရင်းငှားလုပ်တဲ့ကောင်က . . . ငါ့သမီးကိုလိုချင်သတဲ့ နင်မို့ မစဉ်းမစား ဒီစကား ငါ့လာပြောတယ် . . . တယ် ငါ လုပ်လိုက်ရ . . . သွား . . . သွား ဘုတို နင်ငါ့အနားက မြန်မြန်ထွက်သွားစမ်း"

ဒေါ်ဘုတို ဦးပွားတင်အနားမှ ကုပ်ချောင်းချောင်းနှင့် ထွက်ခွာသွား၏။

ဦးပွားတင် စိတ်ရှုပ်လာသည်နှင့် ကိုစိန်လှဘီးကိုဆွဲကာ





ကြည်ဘက်သို့ ထွက်လာခဲ့သည်။

" ဗိုက်ဆာလျှင် ဒံပေါက်စား . . . ရေဆာလျှင် ? "

. . . ။

တရားဝင်မဟုတ်သေးသည့် ပဏာမဆွေးနွေးမှု တည်းက အဖြေကထွက်နေသည်။ ဒေါ်နှင်းမြကိုယ်တိုင်သာ ချကြောင်းလမ်းလျှင် ယမ်းပုံမီးကျ ဖြစ်မှာသေချာသည်။

ဦးပွားတင်က ဟောင်းမြင်းပုပ်သိုးနေသော အတွေး ခေါ်ဟောင်းတွေကို ခုချိန်ထိ ခေါင်းထဲမှာ သိုမှီးထားဆဲ။ အချိန်ထိ မျက်မှန်စိမ်းတပ်ဆဲ . . . ။

ဘယ်သို့ရှိပစေ . . . စစ်အေးမှာ လယ်နှင့်အိမ်နှင့် ပြည့်အစုံ . . . စစ်အေးမှာ တစ်ခုသာလိုသည်။ မေတ္တာဖြင့် မွှမ်းအပ်သည့် အိမ်ထောင်ရေး . . . ။

အမိနာ . . . ဆာရီအနက်ကိုခြုံထားသလို ညက ည်းမှောင်နက် . . . တစ်ချက်တစ်ချက် အပြုံးအဝင့်မှာ ကြယ်ပွင့် သ [illegible]။

. . . ဖျောက် . . . ဖျောက် "

ခင်မှုန်တို့ခြံထဲက အောင်နက်ဟောင်မည်ပြုစဉ် စစ်အေး က်ဖျောက်တီးလိုက်သည်နှင့် အောင်နက် အမြီးတရမ်းရမ်းဖြင့် ငြိမ်သွားသည်။

" ဝွတ်ကူး . . . ကူးကူး . . . "



www.burmeseclassic.com

www.burmeseclassic.com



စစ်အေး ချိုးကူသံအချက်ပေးသည်။ ခင်မှုန်နားစွင့်ရင်း အဖေတို့အခန်းဖက်ကို ကြည့်သည်။

အားလုံး . . . အိုကေ။

ခင်မှုန် စစ်အေးဝယ်ပေးထားသော ဝတ်စုံနှင့် ခြေဖွဖွ နင်းကာ အိမ်ပေါ်မှ ဆင်းလာ၏။

အိမ်နောက်ဖေး ရေကပြင်လှေကားအောက်မှ ခင်မှုန့် လက်ကို စစ်အေး ဆွဲယူဖေးမ၍ အောက်သို့ရောက်လာ၏။

"မျှော်လိုက်ရတာ စစ်အေးရယ် . . . လာမှလာပါ့မလားလို့"

" ငါ အစောကြီးကတည်းက ရောက်နေတာ . . . အိမ်ပေါ်က မီးမမှိတ်သေးလို့ အကြာကြီး . . . စောင့်နေရတာ"

ညအမှောင်က . . . သူတို့ဘက်မှာ။

သူတို့နှစ်ယောက် ချမ်းနေသည့်အလား . . . ကျစ်ကျစ်ပါအောင် ဖက်ထားကြသည်။

"ခင်မှုန် . . . ငါ့မှာ . . . လိုအပ်နေတာ . . . နင်ပဲ"

"ဆယ်တန်းအောင်,အောင် စောင့်ပါဦး စစ်အေးရာ"

" အိမ်ထောင်ပြုဖို့အရေး . . . ဆယ်တန်းအောင်မှ ဘွဲ့ရမှလုပ်မနေနဲ့တော့ဟာ . . . ငါ့အိမ်သစ်မှာ ဘယ်အိမ်ရှင်မကို တင်ရမှာလဲ "

ခင်မှုန် ရှန်းလေတင်းလေ ဖြစ်လာသည်။

" အိုးအိုး . . . စစ်အေး လွှတ်ဦးဟယ် အသက်ရှု ကြပ်နေပြီ . . . "

စစ်အေးလက်ကိုဖြေလျှော့လိုက်သည်။

ထိုစဉ် . . . အိမ်ပေါ်မှ ဓာတ်မီးအလင်းရှူးရှူးက မြို့ထဲဝေ့ဝိုက်ကျလာသည်။ သူတို့နှစ်ဦး မျက်ပြူးဆန်ပြာဖြစ်သွားပြီး အုန်းပင်ကွယ်တွင် ပုန်းနေကြသည်။

" အေ . . . ခင်မှုန် . . . ခင်မှုန်ရေ "

အိမ်ပေါ်မှ . . . ဦးပွားတင်တို့လင်မယား ဆင်းလာကြပြီး ပေါက်တဲ့နဖူး မထူးတော့ပြီမို့ သူတို့အိမ်သာဘက်သွားနေစဉ် စစ်အေး ခင်မှုန့်လက်ကိုဆွဲပြီး . . . သုတ်တော့သည်။

ခြံစောင့်ရင်းခြုံထဲက မိကျောင်းစပေါ့ကို ဆွဲထုတ်ပြီး စစ်အေး သူတို့စုံတွဲ သီချင်းလေးတအေးအေးနှင့် ရေကြည်ဖက်သို့ နင်းသွားကြသည်။

ခင်မှုန်တို့ခြံထဲမှာတော့ ကမ္ဘာပျက်နေပြီ . . . ။

စစ်အေးတို့ ကံဇာတာတက်လာပြီဆိုတော့လည်း သမ္မာဒေဝကံတရားက အရှိန်ဖြင့် တွန်းပို့သည်။ သိုးမည်း ကံတရားက . . . သူ့ခြေဖဝါးအောက်တွင် ပြားပြားမှောက် သွားသည်။

ခေတ်ပြောင်းကန့်လန့်ကာအဖွင့်တွင် တာဝန်ကျေ ပေါ်းချစနစ် ဇီဝိန်ချုပ်ကာ တောင်သူလယ်သမားများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများ စိတ်ကြိုက်ရောင်းဝယ်ခွင့် ရရှိခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com

စစ်အေးမှာ လယ်နှင့်ခြံနှင့် ဖနီးနှင့် . . . ကိုယ်ပိုင်ရောင်းဝယ်ဖောက်ကားခွင့် . . . ကဲ ဘာလိုသေးသနည်း။ စစ်အေးရင်ဆိုင်ရမည့်သူက စာရင်းထိန်းပျောင်း ယောက္ခမလောင်းကြီး ဦးပွားတင်။

စစ်အေး ငါးမန်း၊ ဂေါ်ဖီလာ၊ ကျား၊ ခြသေ့်သတ္တဝါ အပေါင်း၏အမြီးကိုသာ ပြေးဆွဲလိုက်ချင်သည်။ ဘကြီးပွားနှင့် ရင်ဆိုင်ဖို့ ရွံ့နေသည်။ ခင်မှုန်နှင့်လက်ထပ်ဖို့အရေး မိသားဖသားပီပီ မလွဲမသွေ ရင်ဆိုင်ရပေဦးတော့မည်။

ခင်မှုန့်ကို ပြန်အပ်သည့်နေ့က အမေက ကန်တော့ပွဲရှက်လို့ အဖေ့နေရာတွင် ရှေ့ကြည်မြို့ပေါ်မှ အမေ့အစ်ကိုကြီး ဘကြီးဟန်ညွန့်က လိုက်ပါ၍ မင်္ဂလာစကားပြောကြသည်။ ဘကြီးပွားမျက်နှာကြောက မင်္ဂလာဆောင်တွင်တီးသည့် ဒုံမင်းကြိုးထက်ပင် တင်းလွန်းနေသည်။ သည့်ထက်ပိုပြီး အမြီးအမောက်မတည့်သည်က . . .

မျက်စေ့မနာ . . . မျက်လုံးမခွဲရပါပဲ မျက်မှန်အမည်းကြီးကိုတပ်ထားသည်။ သူနှင့်ဆန့်ကျင်စွာ အရီးဘုတ်မျက်နှာပေါ်တွင် ကျေနပ်ဟန်အပြည့် . . . ။

ခင်မှုန်က စစ်အေးဘယ်ဖက်တွင် ကျုံ့ကျုံ့လေးထိုင်ပြီး ခေါင်းငုံ့နေသည်။ သူ့အဖေမျက်နှာကို စေ့စေ့ပင်မကြည့်ရဲ။ ကြည့်လျှင်လည်း သူ့အဖေက သူ့ကိုမြင်မည်မဟုတ်။

ဦးပွားတင်က သူ့တင်မဟုတ် . . . အပ်တင်ပွဲကို ကြွရောက်လာသည့်မိဖများနှင့် ညေ့်ပရိသတ်ကိုလည်း မြင်မည်မဟုတ်။အဘယ့်ကြောင့်ဆိုသော် နောင်တွင် အရီးဘုတ်ပြောပြ၍ သိရသည်မှာ ဦးပွားတင်၏မျက်မှန်နောက်တွင် . . . သတင်းစာစက္ကူကို ကော်သုတ်၍ ကပ်ထားခဲ့သည်။ စစ်အေးနှင့်ခင်မှုန့်မျက်နှာကိုမကြည့်လို၍ဟူ၏ . . . ဦးပွားတင်ကသည့်လိုလူစားမျိုး . . . ။

ဘကြီးပွား ဘယ်လောက်တင်းနိုင်မလဲ။

စစ်အေးက ဘယ်လောက်စွမ်းနိုင်မလဲ။

သူတို့နှစ်ဦးအားပြိုင်ကြရင်း မင်္ဂလာဆောင်ပြီး တစ်နှစ်ကျော်အကြာတွင် ဦးပွားတင်နှင့် ဒေါ်ဘုတ်တို့တွင် . . .

“ မောင်လယ်ဦး ” အမည်ရှိ မြေးဦးလေးဖွားမြင်ခဲ့သည်။ ထိုမင်္ဂလာသတင်းက ဦးပွားတင်တို့အုန်းခြံထဲ အပေါင်အနှံသမားတွေနှင့်အတူ ပျံ့လွင့်လာသည်။

ဦးပွားတင်တစ်ယောက် အခင်းကြီးသွားချင်သလိုလို၊ အခင်းငယ်စွန့်ချင်သလိုလို အိမ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

“ ကိုပွား . . . တော် ဘယ်လိုဖြစ်နေတာတုံး . . . ကျား အစာမစားရသလိုပဲ ”

အရီးဘုတ် . . . ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲက ကျားတွေကို မြင်ယောင်သည်။ ဦးပွားတင်က ဟန်ကော့မဆောင်တတ် . . . ။




www.burmeseclassic.com

www.burmeseclassic.com



" အပြီး . . . ငါ့မြေး အထိးလေးကို မြင်ချင်လိုက်တာကွာ . . . "

အစကတော့ . . . ဦးပွားတင် အိပ်မွေ့တစ်ခွဲသား လုပ်နေသေးသည်။ခင်မှုန်နှင့် သူ့မြေးဦးလေးကိုတွေ့ကာမှ သူ့မာန်မာနတွေ မေတ္တာစိတ်ဖြစ်ကာ အရည်ပျော်ကျလာ၏။

" သမီး . . . ငါ့မြေးနာမည်ရွေးပြီးပြီလား "

" မွေးကတည်းက ပေးပြီးသားလေ . . . မောင်လယ်ဦးလို့ ပေးထားတယ် အဖေရဲ့ "

" ကောင်းကွာ . . . "

စစ်အေး၏စိတ်ကူးကို သူအလွန်သဘောကျ၍ မြေးဖြစ်သူကို သမီးလက်မှ ပွေ့ယူကာ . . .

" ဖိုးဖိုး . . . မြေး . . . မောင်လယ်ဦး . . . ရေ"

မောင်လယ်ဦးက အနီးမပါ ဗလာကျင်းလျက် . . . ရှန်းရင်းကန်ရင်း ဦးပွားတင်ကို သေးနှင့်ဝေါက်ဝေါက်ပန်းတော့၏။ ဦးပွားတင် ဗိုက်နှင့်ပေါင်တစ်လျှောက် ပူခနဲဖြစ်ကာ အားရပါးရ ရယ်တော့၏။

ထိုအချိန်မှစ၍ ဦးပွားတင်တစ်ယောက် စစ်အေးသော စစ်ပူသော နားမလည် . . . ရှိသည့်မာန်မာနတွေ ခဝါချကာ အားအားရှိ စစ်အေးအိမ်ချည်း . . . ။

တဖြည်းဖြည်းနှင့် တစ်နှစ်ပြီး တစ်နှစ် စစ်အေးအိမ်မှာ လယ်ယာသုံး စက်ကိရိယာတွေ တိုးပွားလာသည်။ ပထမနှစ်တွင်





ဒိန်ဒေါင်း . . . ကျောင်းကုန်းဖက်ကရွာတွေက ဒိန်းဒေါင်းဟုခေါ်သည်။

နောက် . . . ရွှေလှေ့စက်။ အိမ်ပေါ်မှာလည်း တီဗွီအောက်စက်နှင့် . . . ကာရာအိုကေဟဲ့ဗို့ စက်ပစ္စည်းနှင့် ဆောင်းဘောက်တွေ . . . အပြည့်အစုံ . . . ။

" ဟဲလို . . . ဟဲလို . . . တောက် တောက်တောက် . . . ကို့ "

စစ်အေးစက်တွေကိုချိန်ပြီးမှ မိုက်ကိုကိုင်ကာ ဟဲတော့သည်။

" သားသတ်ကုန်းသို့ မရှုန်းဘဲ ညင်သာ နှလုံးမရွှင်သာသော်လည်း × × × အားတင်းလို့လိုက်ပါရရှာ × × × အိုကြီး × × × အိုမ × × × အို သနားစရာ နွားအလှ × × × ညိုပြာ အနောက်ကနေလုံး × × × ပျောက်တော့မယ့် × × × ဆည်းဆာ အုဝဲ × × × အုဝဲ × × × အုဝဲ × × × "

သီချင်းဆိုနေရင်း သူ့ပေါင်ပေါ်က မောင်လယ်ဦး သူ့အဖေနှင့်အပြိုင် သီကြူးနေတော့၏။

သည်လိုနှင့် လူတွေကို အချိန်ကမသိမသာ ဝါးမြိုရင်းနှင့်ပင် . . . ။ မောင်လယ်ဦး . . . အထက်တန်းကျောင်းအောင်၍ အဝေးသင် နောက်ဆုံးနှစ်သို့ရောက်ခဲ့ပြီ။

မောင်လယ်ဦးနောက်မှာ လိုက်လာသည့် နောက်ကာနှစ်စီး . . . အလတ်ကောင်က . . . မောင်လယ်လတ်။



www.burmeseclassic.com

www.burmeseclassic.com

အငယ်ကောင်က . . . မောင်လယ်တွေး သူတို့အဖေယင်ခေါင်းဖြူဖြူနှင့် ဦးစစ်အေးဖြစ်လာသည်။

ဦးစစ်အေးက . . . သူ့သားအကြီးကောင်အတွက် (HONDA DREAM) အနီရောင်လေးတစ်စီး ဝယ်ပေးထားသည်။ ဦးစစ်အေးလယ်မြေကို အမွေဆက်ခံမည့်အားရတွေ လက်ရုံးတွေ သူ့မှာအပြည့်နှင့် . . . လယ်ပိုင်ကြီး ဦးစစ်အေး။

အကြီးကောင် ဘွဲ့ယူပြီးပြီ။

အလတ်ကောင်က . . . ဆယ်တန်းအောင်။

အငယ်ကောင်က ဒီနှစ် ဆယ်တန်းဖြေမည်။

" ခင်မှုန် . . . လာဦး . . . နှင့်သားတွေပါခေါ်ခဲ့ "

ဒေါ်ခင်မှုန် . . . သူ့ဘေးမှာဝင်ထိုင်သည်။

" ဘာကိစ္စရှိလို့တုန်းတော့ . . . အရေးတကြီး . . . "

သူ့သားတွေ စားပွဲပိုင်းမှာထိုင်မိသည်နှင့် ဦးစစ်အေး စားပွဲမှထကာ . . .

" သားတို့ကို အဖေပြောချင်တာက သားတို့ရှေ့ရေး အတွက်ပဲ . . . "

" အကြီးကောင်က ဘွဲ့ရပြီ . . . ဟိုကောင် လယ်လတ်က ဆယ်တန်းအောင်ပြီး ငုတ်တုတ် . . . လယ်တွေးကရော ဆယ်တန်းအောင်ရင် ဘာလုပ်မယ်စိတ်ကူးသလဲ "

လယ်တွေးက . . . စဉ်းစားစရာမလိုအောင် အဖြေက အသင့်ရှိနေသည် . . . ။





" သား ဆယ်တန်းအောင်ရင် မလေးသွားမယ် အဖေ"

ဦးစစ်အေး ဘုရားကျောင်းရှေ့တွင် လက်နောက်ပစ်ပြီး ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။

" ဟော . . . ကောင်းကွာ . . . "

ဦးစစ်အေး ကြားလိုသည့်စကားက "**အဖေနှင့်အတူ** လယ်လုပ်မယ်" ဆိုသည့်စကား . . . နားဝင်ချိုစွာ ကြားချင်သော်လည်း . . .

" လယ်လတ်ကရော . . . "

" သားက . . . စင်္ကာပူသွားမယ်အဖေ . . . "

" ကောင်းမှကောင်းကွာ . . . "

နောက်ဆုံးတစ်ယောက် . . . ဒီကောင်က အကြီးဆုံး ဆိုတော့ . . .

" ကဲ . . . လယ်ဦးကရောကွာ . . . "

"သားက. . .သူတို့ထက်မြင့်တဲ့ ဂျပန်ကိုသွားမှာအဖေ"

" အေး . . . ကောင်းတယ် . . . မင်းကျမှ ကောင်းသည် ထက်ကို ပိုကောင်း . . . "

ဦးစစ်အေး . . . ပုဆိုးကို ဒူးဆစ်အထိ တိုတိုပြင်ဝတ် လိုက်ပြီး . . .

" ငါမှာတော့ မျှော်လင့်လိုက်ရတာ . . . ကောင်းတယ် သွားကြ . . . သွားကြ . . . မင်းတို့မရှိလေပိုကောင်းလေပဲတော့"

သားသုံးယောက်လုံး ရယ်ချင်လွန်း၍ . . . မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com

စုံမှိတ်ထားကြ၏။

ဦးစစ်အေး ပုဆိုးတိုတိုကို တင်ပါးထိအောင်မ,တင်လိုက်ပြီး ဒေါ်ခင်မှုန်ဘက်သို့ လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

" မင်းရော ဘယ်ကိုသွားဦးမလဲ . . . သွား . . . ကြိုက်တဲ့နေရာသွား . . . "

" အို . . . ကျုပ်သားတွေသွားရင် ကျုပ်လည်းသွားမှာပဲ "

"သွားကြ . . . သွားကြ . . . တစ်ယောက်မှမနေကြနဲ့"

"အို . . .ကျုပ်သွားမှာက တော်ရှိတဲ့နေရာကိုပေါ့တော်"

ဒေါ်ခင်မှုန်က ထိုင်နေရာမှ ထကာ . . . ဦးစစ်အေးပခုံးကို ပြေးဖက်လိုက်သည်။

ဦးစစ်အေးမျက်နှာကြီးက ရှက်ကိုးရှက်ကန်းဖြစ်နေစဉ် သားသုံးယောက်စလုံး . . . လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်ကြလေသတည်း . . . ။

စာချစ်သူအားလုံး . . ဦးစစ်အေး . . . ဒေါ်ခင်မှုန်တို့လို ပျော်ရွှင်ချမ်းမြေ့ကြပါစေ . . . ။

ချစ်ခြင်းအနန္တဖြင့်

**စောရွှေသင်**


www.burmeseclassic.com